မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၃၁၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
၂၀၁၄ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ ကြာသပတေးနေ့။

ဒါနဉ္စ ဧတံမင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ဒုတိယအကြိမ်အခမဲ့မျက်စိကုသစောင့်ရှောက်မှု နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကြည့်ရှုအားပေး

မျက်စိစမ်းသပ်ကုသမှုခံယူပြီးသည့် ဝေဒနာရှင်များအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပါဝါမျက်မှန်များ တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား စမ်းသပ်ကုသပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် ဒုတိယအကြိမ် အခမဲ့မျက်စိကုသစောင့်ရှောက်မှုကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဆေးရုံကြီး၌ ပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကြည့်ရှုစစ်ဆေးအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့်အတူ ဇမ္ဗူသီရိဆေးရုံ ဆေးရုံအုပ်ကြီး၊ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဇမ္ဗူသီရိဖောင်ဒေးရှင်းမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဆေးရုံခွဲစိတ်ကုသဆောင်၌ အထူးကုဆရာဝန်ကြီး ဒေါက်တာဆွေဦးလွင်၊ ဒေါက်တာ ဇေဇီကျော်နှင့် ဒေါက်တာ ဝင်းပပအောင်တို့က မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုပြီး မျက်စိခွဲစိတ်ကုသရန် စောင့်ဆိုင်းနေသည့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ယနေ့ မာတိကာ

အမေရိကန်စစ်ဘက် အကြံပေး ၁၃၀ အီရတ်သို့စေလွှတ် စာ-၄

စားသုံးသူကို ကာကွယ်ပါ ဆောင်းပါး စာ-၆

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်း Air Con ပါ တွဲဆိုင်းများ အစားထိုးပြေးဆွဲမည်

နေပြည်တော် ဩဂုတ် ၁၃

မြန်မာ့ မီးရထားအနေဖြင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာ ရထားအသုံးပြုစီးနင်းနိုင်ရေးအတွက် Air Con ပါရှိသည့် RBE အထူးတွဲဆိုင်းအား ခရီးစဉ်တစ်ခုအတွက် ငွေကျပ် ၄၀၀ ဖြင့် လည်းကောင်း၊ ရထားအမှတ် (၉)နှင့် (၁) အဆင့်မြင့် တွဲဆိုင်းနှစ်ဆိုင်းအား ခရီးစဉ်တစ်ခုအတွက် ငွေကျပ် ၃၀၀၀ ဖြင့်လည်းကောင်း ပြေးဆွဲလျက်ရှိသည်။

ရထားစီးခရီးသည်များ အဆင့်အတန်းမြင့် သက်သောင့်သက်သာ စီးနင်းနိုင်ရေးအတွက် ဂျပန်နိုင်ငံမှ မကြာသေးခင်က ရောက်ရှိလာသော Air Con ပါရှိသည့် RBE ငါးတွဲစီပါသော တွဲဆိုင်းနှစ်ဆိုင်းကို (၉) နှင့် (၁)အဆင့်မြင့် တွဲဆိုင်းနှစ်ဆိုင်းနေရာတွင် အစားထိုးပြေးဆွဲသွားရန် မြန်မာ့မီးရထားမှ စီစဉ်လျက်ရှိရာ ဩဂုတ် ၁၆ရက်တွင် Air Con ပါရှိသည့် RBE ပထမတွဲဆိုင်း ကို (၁)အဆင့်မြင့်တွဲဆိုင်းနေရာ တွင် အစားထိုးပြေးဆွဲသွားမည်ဖြစ် ပါသည်။

ထိုသို့ ပြေးဆွဲရာတွင် ခရီးသည်များ ငွေကြေးကုန်ကျမှု သက်သာစေရန်အတွက် ယခင်ပြေးဆွဲလျက်ရှိသော Air Con RBE တွဲဆိုင်း

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❒

ရထားစီးခရီးသည်များ အဆင့်အတန်းမြင့် သက်သောင့်သက်သာစီးနင်းနိုင်ရန် Air Con ပါ တွဲဆိုင်းများ။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ငြိမ်းချမ်းရေးကို ထိန်းသိမ်းပါ

မည်သည့်ဒေသမဆို တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပါသည်။ တည်ငြိမ်အေးချမ်းပါမှ လူမှုဘဝ သာယာငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်ပါသည်။ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှုသည် အစဉ်ဒွန်တွဲလျက်ရှိပါသည်။ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုကို မရနိုင်ပါ။ တည်ငြိမ်အေးချမ်းပါမှ သာယာဝပြောသော လူမှုအသိုက်အဝန်းကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ငြိမ်းချမ်းရေးသည် ကျွန်ုပ်တို့လူသားအားလုံးအတွက် အရေးကြီးပါသည်။ လူတိုင်းလူတိုင်း ငြိမ်းချမ်းရေးကို လိုလားကြရမည်။ ငြိမ်းချမ်းရေးကို ချစ်ကြရမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးကို ထိန်းသိမ်းကြရမည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့အတွက်မျှသာ မဟုတ်။ တစ်ရွာလုံး၊ တစ်မြို့လုံး၊ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးအတွက် အရေးကြီးပါသည်။ ငြိမ်းချမ်းရေးကို ချစ်မှ၊ ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်မှ ငြိမ်းချမ်းရေးအကျိုးကို ခံစားနိုင်မည်ဖြစ်ပါသည်။

မကြာသေးမီက မန္တလေးခရိုင် မြို့နယ်ခုနစ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်ကြောင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ရှေးရှု၍ ညမထွက်ရ တားမြစ်ရေးအမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။ ရပ်ရွာတည်ငြိမ်အေးချမ်းမှုရှိလာသည့် အလျောက် ညမထွက်ရ ကန့်သတ်အချိန်ကို အဆင့်ဆင့်လျှော့ပေါ့ထုတ်ပြန်ခဲ့ပါသည်။ ယခုအခါ ထိုညမထွက်ရအမိန့်ကို လုံးဝရုပ်သိမ်းလိုက်ပြီဖြစ်ပါသည်။ ဤသို့ ရုပ်သိမ်းလိုက်ခြင်းကပင် မန္တလေးခရိုင်သည် တည်ငြိမ်အေးချမ်းသော ဒေသအဖြစ်သို့ ရောက်ရှိသွားပြီဟု ပြဆိုလိုက်ခြင်းပင်ဖြစ်ပါသည်။ ထိုတည်ငြိမ်အေးချမ်းမှုကို အားလုံးက ဝိုင်းဝန်းဆက်လက်ထိန်းသိမ်းသွားရန်သာ လိုပါတော့သည်။ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်ပြားစေမည့် အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်ဟူသမျှ ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။ အထူးသဖြင့် လူတစ်ဦးချင်းပဋိပက္ခကို လူတစ်စုပဋိပက္ခအဖြစ်သို့ မဖန်တီးသင့်ပါ။ လူတစ်စု ပဋိပက္ခမှသည် ဒေသတစ်ခုလုံး ပဋိပက္ခအဖြစ်သို့ ရောက်ရှိမသွားအောင်၊ ဘာသာရေး၊ လူမျိုးရေးကိုအခြေခံသည့် ပဋိပက္ခများ မဖြစ်ပွားအောင် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ပါသည်။

ယနေ့ ကမ္ဘာကြီးသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သည့်ခေတ်ကြီးပင်ဖြစ်ပါသည်။ ကမ္ဘာကြီးသည် မတူကွဲပြားခြားနားမှုများစွာဖြင့် တည်ဆောက်ထားသော ကမ္ဘာကြီးဖြစ်ပါသည်။ မည်မျှပင် မတူကွဲပြားမှုများ ရှိစေကာမူ တူညီသော ဆန္ဒတစ်ခုမှာ တည်ငြိမ်အေးချမ်းစွာနေထိုင်လိုခြင်းဖြစ်ပါသည်။ မည်သူမျှ အေးချမ်းပျော်ရွှင်မှုကို မလိုလားသူဟူ၍မရှိပါ။ အေးအေးချမ်းချမ်း၊ ပျော်ပျော်ရွှင်ရွှင်နေထိုင်လိုကြသူများသာ ဖြစ်ပါသည်။ ငြိမ်းချမ်းစွာ အတူတကွ ပေါင်းစည်းနေထိုင်ကြခြင်းဖြင့်သာ တည်ငြိမ်အေးချမ်းသော လူမှုဘဝ၊ တည်ငြိမ်အေးချမ်းသော လူမှုအသိုက်အဝန်းအဖြစ် တည်ဆောက်သွားနိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ မိမိရပ်ရွာ၊ မိမိမြို့၊ မိမိဒေသကို တည်ငြိမ်အေးချမ်းမှုများ အစဉ်ဖြစ်ထွန်းရှင်သန်နေအောင် မလိုလားအပ်သော အမှောင့်ပယောဂများ၊ အဖျက်လုပ်ရပ်များ၊ သွေးထိုးလှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှု၊ တိုက်ခိုက်မှုများကို အသိ သတိရှိရှိဖြင့် ဝိုင်းဝန်းကာကွယ်တားဆီးသွားကြရမည် ဖြစ်ပါသည်။ ငြိမ်းချမ်းမှုကိုလိုလားလျှင် ငြိမ်းချမ်းအောင်လုပ်ဖို့ လိုပါသည်။ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးပါမှ ငြိမ်းချမ်းရေးအကျိုးကို ခံစားနိုင်ကြမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး ဗဟိုအဆင့်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၃

ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေး ဗဟိုအဆင့်ဆွေးနွေးပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အမှာစကားပြောကြားရာတွင် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာတွင် အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ပေးရမည့်တာဝန်နှင့် ပြည်သူတို့၏ လူမှုစီးပွား ဦးစားပေးလိုအပ်ချက်များကို ဖြည့်ဆည်းရမည့် တာဝန်တို့ကို တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave)အဖြစ် ထိထိရောက်ရောက် ကြိုးပမ်းအကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ ယခု ဗဟိုအဆင့်ဆွေးနွေးပွဲမှ ရရှိလာသော အချက်များအပေါ် အခြေခံပြီး ပြုပြင်ပြောင်းလဲ ဆောင်ရွက်သင့်သည့် အချက်များကို လက်ရှိဆောင်ရွက်လျက်ရှိသော မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိ/မရှိလေ့လာဆန်းစစ်ပြီး ရှေ့လုပ်ငန်းစဉ်တွင် လိုအပ်သလို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်၍ ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် (World Cultural Heritage List) အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းများနှင့်ပတ်သက်၍ ရေရှည်ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ရေတို/ရေရှည် လုပ်ငန်းစဉ်များချမှတ်ကာ ဆက်လက် အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များမှ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အာရုံစိုက်နေသည့်နည်းတူ မိမိနိုင်ငံသားတို့၏ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားစရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းရေးသည် အမျိုးသားတစ်ရပ်လုံး ခံယူလိုက်နာကျင့်သုံးလာကြစေရန် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် စာတမ်းရှင်များက စာတမ်းများဖတ်ကြားကြပြီး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးပြီး အဖွဲ့ခေါင်းဆောင်များက ဆွေးနွေးပွဲရလဒ်များကို အဖွဲ့ခွဲအလိုက်ဆွေးနွေး တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းသူများအား စက်တင်ဘာ ၁ ရက်မှစ၍ အရေးယူတော့မည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ ကြေညာချက်ထုတ်ပြန်

ဇီးကုန်း ဩဂုတ် ၁၃

ပဲခူးတိုင်း ဒေသကြီးအတွင်း စက်တင်ဘာ ၁ ရက်မှစ၍ လိုင်စင်မဲ့ဆိုင်ကယ် စီးနင်းသွားလာသူများကို ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၁၇)ဖြင့် ပြဋ္ဌာန်းထားသော ပို့ကုန်၊ သွင်းကုန် ဥပဒေအရ အရေးယူတော့မည် ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။ **(ယာပုံ)**

ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပါက သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေချမှတ်ခြင်း ခံရမည်ဖြစ်သကဲ့သို့ ပြစ်မှုကျူးလွန်ရာ၌ အကျုံးဝင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ပဲခူးတိုင်း ဒေသကြီးအတွင်း တရားမဝင် လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းသွားလာသူများအား ဇန်နဝါရီ ၁၇ ရက်မှ ဇူလိုင် ၄ ရက်အထိ သက်ဆိုင်ရာမှ တရားဝင်မှတ်ပုံတင်လိုင်စင်များ ထုတ်ပေးထားပြီးဖြစ်သည်။

ကိုသက်(ဇီးကုန်း)

လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရန် ဆောင်ရွက်ပေးစေလို

ဖျာပုံမြို့တွင် နာဂစ်မုန်တိုင်းကျရောက်ပြီး နောက်ပိုင်း ယခုအချိန်ကာလအထိ ပြည်သူများလျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ခြင်း မရှိကြောင်း သိရသည်။

ဖျာပုံမြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများတွင် Transformer များ တပ်ဆင်ထားကြသော်လည်း လျှပ်စစ်ဓာတ်အား အသုံးပြုမှု များပြားလာသည့်အလျောက် ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်စေရန် မြို့ပေါ် ရပ်ကွက်များတွင် Transformer များ ပိုမိုတိုးချဲ့တပ်ဆင်ပေးရန် လိုအပ်နေပြီး Transformer မှ ဓာတ်အားပို့လွှတ်ရာတွင် အိမ်မီး၊ လမ်းမီးကြိုးများဖြစ်သည့် Phase, Neutral, 400 Volt ကြိုးများ ပြည့်ဝစွာ သွယ်တန်းပေးပြီး သက်ဆိုင်ရာတာဝန်ရှိ ဌာနဆိုင်ရာများက အခြေအနေ၊ အချိန်အခါအရ လိုအပ်သလို အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးမှသာ ဖျာပုံမြို့နေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းပြီး လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်၍ လမ်းတံတားများ ပိုမိုကောင်းမွန်လာသဖြင့် ခရိုင်မြို့ဖြစ်သည်နှင့်အညီ လူဦးရေထူထပ်သိပ်သည်းပြီး လူနေရပ်ကွက် ၁၉ ခု တည်ရှိသည့် မြို့ဖြစ်သည်။

(ဝ၇၁)

ပြည်တွင်းသတင်း

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ

နေပြည်တော် ဩဂုတ် ၁၃

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Federal Service For Military Technical Cooperation of Russia ဥက္ကဋ္ဌ အလက်ဇန္ဒားဖိုမင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ချစ်ကြည်ရေးခရီးထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဆန်းဦးနှင့် ရန်ကုန်တပ်နယ်မှ တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားခဲ့ကြကြောင်းနှင့် ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ကျင်းပမည့် The International Exhibition "Oboronexpo-2014" နှင့် Tank biathlon-2014 ပြပွဲများသို့လည်း တက်ရောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပို့ဆောင် နှုတ်ဆက်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် ရန်ကုန်တပ်နယ်မှ တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (မြဝတီ)

ပြည်ထောင်စုဝန်ကြီးဦးလှထွန်း ကရင်ပြည်နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၃

သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ ဦးတင်ငွေ၊ ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ညှိနှိုင်းအစည်းအဝေးသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ရေးရာ ကော်မတီဝင်များ၊ ခရိုင်/မြို့နယ် အထောက်အကူပြုကော်မတီဝင်များ၊ ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ NGO၊ INGO များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း **(အပေါ်ယာပုံ)** က နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရန် ဘက်စုံကဏ္ဍစုံမှ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စနစ်တစ်ခုမှ တစ်ခုသို့ပြောင်းလဲရာတွင် ညင်သာချောမွေ့စွာ ကူးပြောင်းနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု တစ်နေရာနှင့်တစ်နေရာ ဆူကြုံနိမ့်မြင့်ကွာဟမှုများ လျော့နည်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး တစ်ပြိုင်နက်တည်း မျှတစွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အချင်းချင်း ကျောသားရင်သားမခွဲခြားဘဲ အားလုံးဖွံ့ဖြိုးတိုးတက်စေရမည်ဟူသော မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် နည်းပညာအရင်းအမြစ်များ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်ကဏ္ဍစုံမှ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ အရည်အသွေးမြင့်မားရန် ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် ရလဒ်ကောင်းများရရှိ၍ ကျေးရွာများ၊ မြို့နယ်များ၊ ဒေသများအဖြစ် အဆင့်ဆင့်ဖြစ်ပေါ်လာစေရေးအတွက် ဒေသခံတိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စည်းလုံးညီညွတ်စွာ အတူတကွ ဝိုင်းဝန်းလက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အစိုးရသည် ပြုပြင်ပြောင်းလဲရေးမူဝါဒများ ချမှတ်၍ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများကလည်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပြီး ပြည်ထောင်စုအစိုးရနှင့် ပေါင်းစပ်ညှိနှိုင်း၍ တက်ညီလက်ညီဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှု ရရှိလာသည်နှင့်အမျှ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၈)ရပ်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ဒေသ သဘာဝနှင့်ကိုက်ညီသည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ခေတ်စနစ်နှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ကျရာ နေရာဒေသများတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရသည် ပထမအဆင့် ပြောင်းလဲမှုအဖြစ် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အရှိန်အဟုန်မြင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တတိယအဆင့်အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံတော်အတွက် အုတ်မြစ်များချမှတ်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားလိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် အချိန်အတိုင်းအတာတစ်ခုရှိရန်လိုအပ်ပြီး အချိန်ယူလုပ်ဆောင်ရန်လည်း လိုအပ်ပါကြောင်း၊ ကောင်းမွန်သည့်အုပ်ချုပ်မှု၊ သန့်ရှင်းသည့်အစိုးရဖြစ်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများတွင် တာဝန်သိမှု၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုဟူသည့် ပွင့်လင်းမြင်သာသည့် အကျိုးဝင်မှုများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အောက်ခြေတွင် လုပ်ဆောင်နိုင်ရန် တာဝန်ယူခွင့်ပြုလျက်ရှိသကဲ့သို့ အောက်ခြေတာဝန်ရှိသူများကလည်း အဖွဲ့အစည်းအဆင့်ဆင့်ကိုတာဝန်ခံ၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကရင်ပြည်နယ်သည် သဘာဝသယံဇာတအရင်းအမြစ်များ ပေါများကြွယ်ဝပြီး ရေမြေသဘာဝအရင်းအမြစ်စသည့် အခြေခံကောင်းများရှိပါကြောင်း၊ ယခင်က မတည်ငြိမ်မအေးချမ်းခဲ့သည့်အတွက် ခေတ်နောက်ကျကျန်ခဲ့သည်များကို ယခုခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဒေသ တည်ငြိမ်အေးချမ်းပြီး ဒေသတွင်းစည်းလုံးညီညွတ်မှုရှိမှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေး တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်အဆင့် ဆောင်ရွက်ပေးနိုင်သည်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့် ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ပြည်ထောင်စုအဆင့်က ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းပြီး ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာသည်နှင့်အမျှ ငြိမ်းချမ်းခြင်း၏အသီးအပွင့်များကို ရယူခံစားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မိုးညိုမြို့နယ်၌ မူလတန်းကျောင်းခွဲဖွင့်

မိုးညို ဩဂုတ် ၁၃

သာယာဝတီခရိုင် မိုးညိုမြို့နယ် အိုးဘိုကျွန်းအုပ်စု အောင်မြင်သာယာရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီခွဲက ဖွင့်လှစ်လိုက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဝင်းလှိုင်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်အောင်က ကျောင်း(ခွဲ)ရရှိရေး ဆောင်ရွက်ချက်များကို ပြောကြားသည်။

အောင်မြင်သာယာရွာတွင် ကိုယ့်အားကိုယ်ကိုး ဝါးကျောင်းဆောက်၍ ၂၀၀၆ ခုနှစ်မှစတင်ကာ အငှားသင်ဆရာများငှားပြီး သင်ကြားခဲ့ရာမှကျောင်း(ခွဲ)အဖြစ် နိုင်ငံတော်က အဆင့်တိုးမြှင့်ပေးသည့်အတွက် ကျောင်းသူ ကျောင်းသား ကလေးငယ်များ ပညာရေးတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ကျောင်းအကျိုးတော်ဆောင် ဦးလှစောက ပြောကြားသည်။ ကျောင်း(ခွဲ)သို့ အိုးဘိုကျွန်းအုပ်စုရှိ ဆရာများက သုံးထပ်သားသင်ပုန်းတစ်ချပ်နှင့် သင်ထောက်ကူပစ္စည်းထည့်ရန် သေတ္တာတစ်လုံးတို့ လှူဒါန်းကြောင်း သိရသည်။

မိုးညို-ခင်လတ်

မန္တလေးခရိုင်(၇)မြို့နယ်တွင် တားမြစ်မိန့် ကျူးလွန်မှုဖြင့် တရားစွဲဆိုမှု စာရင်းထုတ်ပြန်

မန္တလေး ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်လက်အောက်ရှိ မန္တလေးခရိုင်အတွင်းရှိ ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရမြို့နယ် တရားရုံးတို့တွင် မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၃-၇-၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် တားမြစ်အမိန့်ကို ကျူးလွန်သဖြင့် စွဲဆိုတင်ပို့သည့် အမှုစုစုပေါင်း ၅၅၆ မှုနှင့် လူဦးရေ အမျိုးသား၊ အမျိုးသမီးစုစုပေါင်း ၁၂၀၀ ကို အရေးယူခဲ့ရကြောင်း၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

နိုင်ငံတကာသတင်း

အာဖဂန်ပြည်နယ် ၁၁ ခု စစ်ဆင်ရေး တာလီဘန်စစ်သွေးကြွ ၈၀ သေဆုံး

ကဘူးလ် ဩဂုတ် ၁၃

အာဖဂန်နစ္စတန်နိုင်ငံ ပြည်နယ်များ၌ အာဖဂန်တပ်မတော်သည် လွန်ခဲ့သော ၂၄ နာရီအတွင်း စစ်ဆင်ရေးများ အဆက်မပြတ်ပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၈၀ သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောခဲ့သည်။

အာဖဂန်အမျိုးသား လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့် ၂၄ နာရီက ပြည်နယ် ၁၁ ခု၌ စစ်ဆင်ရေးများပြုလုပ်ခဲ့ရာ လက်နက်ကိုင်တာလီဘန် စစ်သွေးကြွ ၈၀ သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၆၉ ဦး၊ ဖမ်းဆီးရမိသူလေးဦးရှိခဲ့ကြောင်း၊ ၎င်းအပြင် လက်နက်များလည်း သိမ်းပိုက်ရရှိခဲ့ကြောင်း ၎င်းဝန်ကြီးဌာနပြောကြားချက်ကို စစ်ဆင်ရေးဆိုင်ရာ နေ့စဉ်ထုတ် သတင်းများတွင် ဖော်ပြခဲ့သည်။ သို့သော် ထိခိုက်ဒဏ်ရာရရှိသူ လုံခြုံရေးတပ်ဖွဲ့ဝင် အရေအတွက်ကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။

အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့်နှစ်လယ်ပိုင်းကတည်းက နိုင်ငံခြားသားတပ်ဖွဲ့ဝင်များ ခေါင်းဆောင်၍ စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်။ စစ်ဒဏ်ခံစားနေရသော အာဖဂန်နိုင်ငံ၏ လုံခြုံရေးအတွက် နေတိုးတပ်ဖွဲ့ဝင်များ ဦးဆောင်၍ တန်ပြန်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ **(ဆင်ဟွာ)**

လစ်ဗျားမြို့တော်ရဲချုပ် လုပ်ကြံခံရ

ထရီပိုလီ ဩဂုတ် ၁၃

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီမြို့ အရှေ့ပိုင်းဆင်ခြေဖုံး၌ ရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်မှူးကြီး မိုဟာမက်အယ်လ်ဆူစီအား အမည်မသိ သေနတ်သမားများ ပစ်သတ်သွားသည်။

မစ္စတာဆူစီသည် အင်္ဂါနေ့က မြို့အရှေ့ပိုင်းဆင်ခြေဖုံး၌ ကျင်းပသော တာဂျူရာမြူနီစီပယ်ကောင်စီ အစည်းအဝေးသို့ တက်ရောက်ပြီး အပြန် သေနတ်သမားများက ရုတ်တရက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသည့် လုံခြုံရေး သတင်းရပ်ကွက်က ဆိုသည်။

"ဗိုလ်မှူးကြီး အယ်လ်ဆူစီကို အမည်မသိ သေနတ်သမားတွေက သူ့ကားထဲကနေခေါ်သွားပြီး ပစ်သတ်လိုက်တာပါ" ဟု အဆိုပါ သတင်းရပ်ကွက်က ပြောသည်။

ဆူစီသေဆုံးကြောင်း အတည်ပြုနိုင်ခဲ့ချိန်တွင် ၎င်း၏သက်တော်စောင့်နှစ်ဦးကိုလည်း ပြန်ပေးဆွဲသွားခဲ့ကြောင်း လစ်ဗျားနိုင်ငံပိုင် သတင်းအေဂျင်စီအယ်လ်အေအင်န်အေက အတည်ပြုသည်။ ဆူစီ သေဆုံးမှုအတွက် စုံစမ်းနေကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရာမီကာအဲလ်က ပြောသည်။ **(ပရက်စ်တီဗွီ)**

အီဘိုလာဖြင့် ဥရောပတွင် ပထမဆုံးသေဆုံး

မက်ဒရစ် ဩဂုတ် ၁၃

စပိန်သာသနာပြုအဖွဲ့ဝင်တစ်ဦး လိုက်ဘေးရီးယားနိုင်ငံ၌ အလုပ်လုပ်နေစဉ် အီဘိုလာဗိုင်းရပ်စ်ကူးစက်ခံရပြီး မက်ဒရစ်ဆေးရုံ၌ သေဆုံးသွားခြင်းဖြင့် ဥရောပတွင် ပထမဆုံးသော အီဘိုလာရောဂါရ သေဆုံးသူဖြစ်လာသည်။

ရိုမန်ကက်သလစ်ဘုန်းတော်ကြီး မီဂဲလ်ပါဂျာရက်စ်သည် အင်္ဂါနေ့နံနက်က ၎င်းဗိုင်းရပ်စ်ကူးစက်ခံရ၍ အနောက်အာဖရိကမှ ပြန်လာပြီး ငါးရက်အကြာတွင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ အသက် ၇၅ နှစ်ရှိ အဆိုပါခရစ်ယာန်ဘုန်းတော်ကြီးသည် လိုက်ဘေးရီးယားမြို့တော် မွန်ရိုဗီးယားရှိ စိန့်ဂျိုးဆက်ဆေးရုံ၌ အကူးစက်ခံရခြင်းဖြစ်သည်။

အဆိုပါ ခရစ်ယာန်ဘုန်းတော်ကြီးအား အမေရိကန် အီဘိုလာဆေး ZMapp ဖြင့် ကုသခဲ့သော်လည်း တိုးတက်မှုအခြေအနေမရှိဘဲ သေဆုံးသွားခဲ့သည်ဟု ဆိုသည်။ သို့သော်လိုက်ဘေးရီးယားမှ ပြန်လာသော အီဘိုလာအကူအညီပေးရေး အမေရိကန်အလုပ်သမားနှစ်ဦးမှာ ZMapp ဆေးဝါးဖြင့်ကုသရာ တိုးတက်မှုရှိသည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

အမေရိကန်စစ်ဘက်အကြံပေး ၁၃၀ အီရတ်သို့စေလွှတ်

ဝါရှင်တန် ဩဂုတ် ၁၃

အီရတ်နိုင်ငံမြောက်ပိုင်း ကာဒစ်ဒေသသို့ အမေရိကန်က စစ်ဘက်အကြံပေးတပ်ဖွဲ့ဝင် ၁၃၀ ကျော် စေလွှတ်လိုက်ပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ချတ်က်ဟေဂယ်က ပြောကြားလိုက်သည်။

အမေရိကန်မရိန်းနှင့် အထူးစစ်ဆင်ရေး တပ်ဖွဲ့ဝင်များသည် လူသားချင်းစာနာမှုဆိုင်ရာ နေရာသို့ သွားရောက်ကြမည် ဖြစ်ကြောင်း၊ ယင်းတို့အနေဖြင့် တိုက်ပွဲဆင်နွှဲမည် မဟုတ်ကြောင်း အမေရိကန်ကာကွယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အမေရိကန်က အီရတ်မြောက်ပိုင်း အိုင်ဆစ်သူပုန်များကို လေကြောင်းမှ တိုက်ခိုက်လျက်ရှိသည်။ သူပုန်များ၏ တိုက်ခိုက်မှုကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများသည် နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။

"ကျွန်တော်တို့အနေနဲ့ အီရတ်ကို ဒီလိုစစ်ဘက်အကြံပေးတပ်ဖွဲ့ဝင်တွေ စေလွှတ်တာဟာ မြေပြင်စစ်ဆင်ရေးကို တိုးမြှင့်လုပ်နေတာ မဟုတ်ပါဘူး"ဟု မစ္စတာဟေဂယ်က ကယ်လီဖိုးနီးယားပယ်ဒယ်တန်စခန်း၌ မှတ်ချက်ပြု ပြောလိုက်သည်။

အဆိုပါအကြံပေးတပ်ဖွဲ့ဝင်များသည် အီဘီးလ်မြို့သို့ရောက်ရှိနေပြီး အီရတ်ပြည်သူများအား အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အီရတ်နိုင်ငံတွင် ယခု စစ်ဘက်အကြံပေးတပ်ဖွဲ့ဝင်များ စေလွှတ်မှုအပါအဝင် စစ်ဘက်အကြံပေး တပ်ဖွဲ့ဝင် ၂၅၀ခန့် ရောက်ရှိနေပြီဖြစ်သည်။

အမေရိကန် အစိုးရအနေဖြင့် ဆင်ဂျာတောင်၌ ပိတ်ဆို့တိုက်ခိုက်ခံနေရသည့် အီရတ်ပြည်သူများအား ကူညီရန် နည်းလမ်းများ ဆက်လက်ရှာဖွေကူညီသွားမည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ရုရှားက အကူအညီပေးရေး ယာဉ်တန်းစေလွှတ်မှု ယူကရိန်းကိုတိုက်ရန် ပြင်ဆင်ခြင်းဖြစ်ဟု အမေရိကန်ဆို

ဝါရှင်တန် ဩဂုတ် ၁၃

ရုရှားတို့အနေဖြင့် မှုမမှန်သော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးပို့ခြင်းမှာ ယူကရိန်းကို တိုက်ခိုက်ရန် ပြင်ဆင်နေခြင်းသာ ဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူ တစ်ဦးက ပြောကြားလိုက်သည်။

"ရုရှားနိုင်ငံက လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ သို့မဟုတ် ငြိမ်းချမ်းရေးအဖွဲ့များစေလွှတ်ခြင်းမှာ ယူကရိန်းကို စစ်ရေးအရ ကျူးကျော်လာနိုင်တာကြောင့် စိုးရိမ်မိပါတယ်" ဟု အမည်မဖော်လိုသူ အဆိုပါ တာဝန်ရှိသူက ကြာသပတေးနေ့တွင် သည်ဟေးလ်သတင်းစာသို့ ပြောသည်။

ရုရှားကုန်တင်ကား ၃၀၀ နီးပါးတို့သည် ဆေးဝါး၊ အစားအစာနှင့် အိပ်ရာခင်းများနှင့် ဂျင်နရေတာများ အပါအဝင်ထောက်ပံ့ရေးပစ္စည်း တန် ၂၀၀၀ ကို တင်ဆောင်ကာ မော်စကိုမြို့မှ ထွက်ခွာသွားကြသည်။ သို့သော်လည်း ယူကရိန်းက ၎င်းယာဉ်တန်းကို လက်မခံဟု ဆိုသည်။

"ဒီမှာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီမလိုပါဘူး" ဟု ယူကရိန်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒန်နီလိုကူဘစ်စကီးက ပြောသည်။

"ဒီလို ကူညီတာ တရားမဝင်ပါဘူး"ဟုလည်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး စတိဗ်ဝါရင်က ပြောသည်။ မော်စကို၏အကူအညီသည် စိုးရိမ်စရာကောင်းကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယပြောရေးဆိုခွင့်ရှိသူ မာရီဟတ်က အင်္ဂါနေ့သတင်းစာ ရှင်းလင်းပွဲတွင် ပြောသည်။

ရုရှားအနေဖြင့် ယူကရိန်းအစိုးရ၏ ခွင့်ပြုချက်မရှိဘဲ မည်သည့် အကူအညီပေးရေးယာဉ်တန်းမျှ ဝင်ရောက်ခွင့်မရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။ **(ပရက်စ်တီဗွီ)**

အီရန်အမျိုးသမီး သင်္ချာဘာသာရပ်ဆိုင်ရာ နိုဘယ်လ်ဆုရရှိ

တီဟီရန် ဩဂုတ် ၁၃

သင်္ချာပညာရပ်ဆိုင်ရာ နိုဘယ်လ်ဆုရရှိခဲ့သူ အီရန်သင်္ချာပညာရှင် အမျိုးသမီးသည် ကမ္ဘာ့ပထမဆုံး ဖြစ်လာခဲ့သည်။

အီရန်အမျိုးသမီး မရီယမ်မာဇာခါနီသည် ဟားဗတ်တက္ကသိုလ်၌ သင်္ချာဘာသာရပ်ကို သင်ကြားပေးနေပြီး ကယ်လီဖိုးနီးယားပြည်နယ် စတမ်းဖို့ဒ်တက္ကသိုလ်၌ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်သူဖြစ်သည်။ ၎င်းသည် အချိုးညီသော မျဉ်းကွေး မျက်နှာပြင်များဟူသော တင်ပြချက်ဖြင့် ၂၀၁၄ ခုနှစ် နိုဘယ်လ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

သင်္ချာဘာသာရပ်ဆိုင်ရာ တင်ပြသူလေးဦးရှိသည့်အနက် မာဇာခါနီအား ၎င်းဆုကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ဩဂုတ် ၁၃ ရက်က ပေးအပ်ခဲ့သည်။ သင်္ချာဘာသာရပ်ဆိုင်ရာ နိုင်ငံတကာညီလာခံ (အိုင်စီအမ်)က ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မာဇာခါနီသည် ၁၉၇၇ ခုနှစ်တွင် တီဟီရန်၌မွေးဖွားခဲ့သူဖြစ်ပြီး ၁၉၉၉ ခုနှစ်တွင် အီရန်နိုင်ငံ၏ အထင်ရှားဆုံး ရှာရစ်နည်းပညာတက္ကသိုလ်မှ သင်္ချာဘာသာရပ်ဆိုင်ရာ ဘွဲ့ရရှိခဲ့သည်။

၂၀၀၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်မှ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့ကို ရရှိခဲ့သည်။

၂၀၀၈ ခုနှစ် အသက် ၃၁ နှစ်အရွယ်တွင် စတမ်းဖို့ဒ်တက္ကသိုလ်၌ သင်္ချာဘာသာရပ် ပါမောက္ခဖြစ်ခဲ့ပြီး ယခုအချိန်ထိ အလုပ်လုပ်ကိုင်နေဆဲဖြစ်သည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

၂၀၁၄ ခုနှစ် ဩဂုတ်လ တစ်ပတ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု

နေပြည်တော် ဩဂုတ် ၁၃

ဩဂုတ် ၄ ရက်မှ ၁၀ ရက်အထိ တစ်ပတ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဘိန်း ၁၁ မှု၊ (အလေးချိန် ၄၃ ဒသမ ၀၂၇ ကီလိုဂရမ်)၊ ဘိန်းဖြူ ၆၃ မှု၊ (အလေးချိန် ၇ ဒသမ ၅၆၅၇ ကီလိုဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၂ မှု (ဆေးပြားအရေအတွက် ၂ ဒသမ ၀၂၇၁ သန်း)၊ အဆင့်နိမ့်ဘိန်းရှစ်မှု (အလေးချိန် ၃ ဒသမ ၈၂၉ ကီလိုဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့်တစ်မှု (အလေးချိန် ၈၅ ဒသမ ၆၂ ကီလိုဂရမ်)၊ ကဖင်းတစ်မှု (အလေးချိန် ၄၈ ဒသမ ၀၀၈ ကီလိုဂရမ်)၊ အခြားမှု ၇ မှု၊ အမှုပေါင်း ၁၅၃ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသား တရားခံ ၁၆၆ ဦး၊ အမျိုးသမီး တရားခံ ၄၄ ဦး စုစုပေါင်း ၂၁၀ တို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စိတ်ကြွရူးသွပ်ဆေးသည်
သင့်ဦးနှောက်ကို
ပျက်စီးစေသည်သာမက
သင့်မိသားစုဘဝကိုပါ
ပျက်စီးစေသည်ကို
သတိပြုပါ

မင်္ဂလာဒုံ၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

နေပြည်တော် ဩဂုတ် ၁၃

ဩဂုတ် ၁၀ရက်က မင်္ဂလာဒုံမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက် ရတနာသခ်လမ်းနေ ခိုင်မင်းသူဆိုသူ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားသုံးပြား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်နေ သန်းထိုက်(ခ) ဟာနစ်ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် သန်းထိုက်(ခ)ဟာနစ်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၀ နှင့် မြန်မာငွေကျပ် ၅၃ သိန်း ထပ်မံသိမ်းဆည်းရမိသဖြင့် ခိုင်မင်းသူ (၂၀ နှစ်) နှင့် သန်းထိုက်(ခ) ဟာနစ် (၃၄ နှစ်)တို့ နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခိုင်မင်းသူနှင့် သန်းထိုက်(ခ) ဟာနစ်တို့ကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါး များနှင့်အတူ တွေ့ရစဉ်။

လဲချား၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၈ ပြားနှင့် ဘိန်းစိမ်း ၁၁၄ ဂရမ် ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၃

ဩဂုတ် ၁၁ ရက်က လွိုင်လင်အမှတ်(၂၇)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လဲချားမြို့နယ် ပုံနေကျေးရွာအုပ်စု ဝမ်ကန်ကျေးရွာနေ အောင်သိန်းဆိုသူ၏နေအိမ်မှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၂၈ ပြား၊ ဘိန်းစိမ်း ၁၁၄ ဂရမ်နှင့် ခတ်ခူး ၈ ဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် အောင်သိန်း(ခ) ဦးကြုတ် (၆၄ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်သိန်းအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မိုးကောင်းမြို့နယ်တွင် ဘိန်းဖြူ ၂၂ ဂရမ် ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၃

ဩဂုတ် ၁၁ ရက်တွင် မိုးကောင်းမြို့နယ် နမစ(နမ္မတီး)မှ တပ်ဖွဲ့ဝင်များသည် ကံလှကျေးရွာ ရေအေးချောင်းတံတား ရဲကင်းရှေ့ မြစ်ကြီးနား-တနိုင်း ကားလမ်းမပေါ်တွင် နမ္မတီးရွာဘက်မှ တနိုင်းမြို့ဘက်သို့ ခေါင်ဒေါင်ဆိုသူ မောင်းနှင်လာသော ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းဝတ်ဆင်သည့် အတွင်းခံဘောင်းဘီအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက်နှစ်ခွက် စုစုပေါင်းဘိန်းဖြူ အလေးချိန် ၂၂ ဂရမ်ကို သိမ်းဆည်းရမိသဖြင့် ခေါင်ဒေါင် (၂၆ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

ခေါင်ဒေါင်အား ဖမ်းဆီးရမိ ဘိန်းဖြူများနှင့် အတူ တွေ့ရစဉ်။

မူးယစ်အန္တရာယ် တို့ဝိုင်းဝန်းကာကွယ်

လုယက်ခံရသကဲ့သို့ လိမ်လည်ဟန်ဆောင်ပြုလုပ်မှု ပေါ်ပေါက်

ရန်ကုန် ဩဂုတ် ၁၃

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ ဒေါ်-----သည် ဩဂုတ် ၆ ရက် ညနေ ၅ နာရီတွင် အပြင်မှ နေအိမ်သို့ ပြန်လည်ရောက်ရှိစဉ် အိပ်ခန်းအတွင်း၌ အဝတ်အထည်များ ပြန့်ကျဲကာ သားဖြစ်သူ မောင်------(၁၅ နှစ်)မှာ ပါးစပ်အတွင်း ဖယောင်းတိုင်ထည့်လျက် မျက်နှာအား စွပ်ကျယ်စဖြင့် အုပ်ထားပြီး သတိလစ်နေသည်ကို တွေ့ရှိရသဖြင့် သားဖြစ်သူကို လှုပ်နှိုးမေးမြန်းခဲ့ရာ ညနေ ၃ နာရီက နေအိမ်သို့ မောင်ကြိုင်ဆိုသူပါ သုံးဦးတို့ ဝင်ရောက်လာပြီး ၎င်း၏ပါးစပ်အတွင်း ဖယောင်းတိုင်ထိုးထည့်ကာ မျက်နှာအား စွပ်ကျယ်ဖြင့် အုပ်ခဲ့၍ သတိမေ့သွားကြောင်း ပြောပြသိရှိရပြီး နေအိမ်အိပ်ခန်းအတွင်းမှ အလေးချိန် ခုနစ်ကျပ် ၁၂ ပဲသားခန့်ရှိ အကယ်ဒမီ ရွှေတုံး တစ်တုံး၊ အလေးချိန် နှစ်ကျပ်ခွဲသားခန့်ရှိ အခေါက်ရွှေလက်ပတ်ကွင်းတစ်ကွင်း၊ ငါးမူးသားလက်စွပ်တစ်ကွင်း၊ အဝတ်အထည်များနှင့် ငွေကျပ် ခုနစ်သိန်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၇၇၅၀၀၀ မှာ ပျောက်ဆုံးနေသည်ကိုတွေ့ရ၍ အရေးယူပေးရန် တိုင်တန်းချက်အရ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ဒေါ်-----၏ သားဖြစ်သူ မောင်------၏ ဆေးရုံတက်ရောက်ကုသခဲ့သည့် ဆေးမှတ်တမ်းများအရ မူးမေ့စေလောက်သည့် ဒဏ်ရာနှင့် ရောဂါလက္ခဏာများ မတွေ့ရှိရခြင်း၊ သူငယ်ချင်းများကို ၎င်း၌ ငွေကျပ် ၁၂ သိန်းခန့်ရှိသည်ဟု ပြောဆိုခြင်းနှင့် SAMSUNG GALAXY S-5 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးကို ဝယ်ယူ၍ သူငယ်ချင်းဖြစ်သူထံတွင် အပ်နှံထားခြင်းစသည့် မသင်္ကာဖွယ် အချက်များကို စုံစမ်းရရှိခဲ့သည်။

ထိုသို့ စုံစမ်းတွေ့ရှိချက်များအရ မောင်-------နှင့် ၎င်း၏ သူငယ်ချင်းများကို အသေးစိတ်စစ်ဆေးမေးမြန်းခဲ့ရာ မောင်------သည် ဇူလိုင် ၃၀ ရက်တွင် နေအိမ်၌ သူငယ်ချင်းများအား ခေါ်ဆောင်၍ အရက်အတူသောက်စဉ် မိခင်ဖြစ်သူ၏ရွှေတုံးကို သူငယ်ချင်းဖြစ်သူများထံ ပေးအပ်၍ ပိုင်းဖြတ်ရောင်းချစေခဲ့ရာ ငွေကျပ် ၁၂ သိန်း ရရှိခဲ့ပြီး SAMSUNG GALAXY S-5 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးကို ဝယ်ယူထားခဲ့ကြောင်း၊ ထိုသို့ ရွှေတုံးကို ရောင်းချခဲ့မှုနှင့် ပတ်သက်၍ မိခင်ဖြစ်သူ သိရှိသွားပါက ဆူပူရိုက်နှက်မည်ကို စိုးရိမ်သဖြင့် ဩဂုတ် ၆ ရက်တွင် နေအိမ်၌ ၎င်းတစ်ဦးတည်းရှိနေစဉ် ရွှေထည်ပစ္စည်းများနေအိမ်အတွင်း ဝင်ရောက်လုယက်ခံရသကဲ့သို့ ဟန်ဆောင်ပြုလုပ်ကာ မိခင်ဖြစ်သူကို လိမ်လည်ပြောပြခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။ အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းခဲ့ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်နောက်လိုက်မောင်းလာသည့်ကားက ရပ်ထားသည့်ကားကိုဝင်တိုက်၍ တစ်ဦးသေဆုံး

တောင်ငူ ဩဂုတ် ၁၃

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးပုံမှန်လမ်းဟောင်းပေါ်ရှိ မိုင်တိုင်အမှတ် (၁၆၄/၅)အနီး၌ ဩဂုတ် ၁၃ ရက် နံနက် ၃ နာရီခန့်က စက်ချွတ်ယွင်းသဖြင့် လမ်းဘေး၌ ချရပ်ထားသည့်ကားကို အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်ဝင်တိုက်မိပြီး ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း မင်းအောင်(၄၇ နှစ်) ရှမ်းတဲကြီး ဒဂုံတောင် ရန်ကုန်မြို့နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် မျိုးမင်းသိန်း (၃၂နှစ်) လိုက်ပါလာသည့် ဒေါင်ဗန်းအပြာရောင် ကုန်းလမ်းပို့ဆောင်ရေးယာဉ်သည် နေပြည်တော်မှ ရန်ကုန်သို့ အုတ်များတင်ဆောင်ကာ မြောက်မှတောင်သို့ မောင်းနှင်လာပြီး စက်ချွတ်ယွင်းသဖြင့် လမ်းဘေး၌ချရပ်ထားစဉ် တောင်မှမြောက်သို့ အောင်ကိုဦး(၂၂နှစ်) ယာဉ်နောက်လိုက် စံပြရပ်ကွက် ကျောက်ပန်းတောင်းမြို့နေသူ မောင်းနှင်ပြီး ကိုကျော်သူ (၄၅နှစ်)ယာဉ်မောင်း အောင်မင်္ဂလာရပ်ကွက် ကျောက်ပန်းတောင်းမြို့နေသူ ယာဉ်ပေါ်တွင် အိပ်၍လိုက်ပါလာသည့် ၁၂ဘီးယာဉ်သည် မိုင်တိုင်အမှတ် (၁၆၄/၅) အနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် ချရပ်ထားသည့်ကားကို မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် မျိုးမင်းသိန်းသည် ဒဏ်ရာများဖြင့် အုတ်တွင်းဆေးရုံ၌ သေဆုံးခဲ့ကြောင်း သိရသည်။ **(၁၂၃)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

စားသုံးသူကို ကာကွယ်ပါ

ဦးဟန်ညွန့် (ဥပဒေ)

ပဲပလာတာ

မနက်မိုးလင်း၍ သူငယ်ချင်းများနှင့် လက်ဖက်ရည်ဆိုင်ထိုင်ကြသည်။ ပဲပလာတာတစ်ပွဲ မှာစားသည်။ ပဲပြုတ်ကို ကြက်သွန်နှင့်ရော၍ ကြော်ထားသည်။ အပေါ်ယံက ကြည့်တော့ ဘာမှမသိ။ စားကြည့်မှ ပဲပြုတ်က သိုးနေပြီ။ ဆက်၍ မစားနိုင်တော့။

ဝက်သားပေါက်စီ

ဝက်သားပေါက်စီ ကြိုက်သော သူငယ်ချင်းမှာ ပူပူနွေးနွေးမို့ အားရစွာစားသည်။ အပေါ်ယံ ဂျုံအသားက ဘာမှမဖြစ်။ ဝက်သားကဖြင့် မည်မျှကြာကြာ အောင်းထားခဲ့သည့်မသိ။ မှိုတက်နေပြီ။ မဖြစ်သင့်ပါ။

ငါးချဉ်ထုပ်

ကျွန်တော်တို့ မိသားစုက ငါးချဉ် ကြိုက်သည်။ သူငယ်ချင်းတစ်ယောက် ပို့လိုက်သော လက်ဆောင်ငါးချဉ်ထုပ်ကို ဝမ်းသာအားရစားဖို့ ဖြေကြသည်။ အထုပ်ကကြီး၍ ဖြေကြည့်ရာ ဖက်များက တစ်ဝက်နီးပါးရှိသည်။ ဖက်များ အထပ်ထပ်ဖြေကြည့်မှ ငါးချဉ်ဖတ် နည်းနည်းကလေးထွက်လာသည်။ ပိုးကောင်များ တွယ်နေပြီ။ လက်ဆောင်ပေးသော သူငယ်ချင်းကို အသိမပေးရက်။

လက်ဖက်ချဉ်စပ်

လက်ဖက်အမျိုးမျိုးရှိသည်။ အဆိမ့်၊ အစပ်၊ အချို။ ကျွန်တော်ကတော့ ချဉ်စပ်ကြိုက်သည်။ ဈေးကြီးပေး၍ လက်ဖက်ချဉ်စပ် ဝယ်ခဲ့သည်။ စားခါစက ဘာမှမသိ။ ကြာလေကြာလေ အရသာ တစ်မျိုးဖြစ်လာသည်။ လက်ဖက်ချဉ်စပ်ထဲမှ ယမ်းစိမ်းနံ့ထွက်လာသည်။ ကြာရှည်ခံအောင် တမင်လုပ်ထားပုံပေါ်သည်။

လက်ဆောင်ခြင်း

သီတင်းကျွတ်ကာလက တပည့်အချို့ လာရောက်ကန်တော့ကြသော လက်ဆောင်ခြင်းအကြောင်း သတိရမိသေးသည်။ အတော်ဈေးကြီးသော နိုင်ငံခြားဖြစ် စားစရာပစ္စည်းတွေပါသည်။ မှန်ရောင်စက္ကူပြောင်ပြောင်နှင့် ထုပ်ပိုးထားသော အဆင်သင့် လက်ဆောင်ခြင်း၏တန်ဖိုးမှာ နည်းမည်မဟုတ်။ တပည့်တွေ၏ စေတနာကို တန်ဖိုးထား၍ လေးစားစွာ ဖြေဖောက်ပါသည်။ ရက်လွန်သော၊ ကန့်သတ်ရက်ကျော်ပြီဖြစ်သော၊ စားသုံးရန် မသင့်သော အစားအစာများ ဖြစ်နေသည်။ ဆိုင်ပေါ်မှာ ကြာသလား။ မထုပ်ပိုးခင်ကပင်ရက်လွန်နေပြီလား၊ တာဝန်ခံပါသည်ဟု ပြောလိုက်သော အရောင်းစာရေးမကိုပင် အပြစ်တင်မည်လား။ ကန်တော့ရန် ဝယ်လာသော တပည့်များကိုတော့ အပြစ်မတင်ထိုက်။ ထုပ်ပိုးပစ္စည်းဆိုလျှင် မဝယ်ခင် ကြိုတင်စစ်ဆေးမှ စိတ်ချရတော့မည်။

မုန့်လင်မယား(မုန့်စုံတွဲ)

မုန့်လင်မယားစားချင်လှသည်။ ဈေးထဲမှာ ပူပူနွေးနွေးကြော်နေသည့် မုန့်လင်မယားကို ကျွန်တော့်ဇနီးက ဝယ်လာပေးသည်။ တစ်ရာ ကျပ်ဖိုးလေးခု။ နှစ်ရာကျပ်ဖိုးဝယ်၍ ရှစ်ခုရသည်။ အားရပါးရ ပူပူနွေးနွေး၊ ကျွန်တော်စားသည်။ စားခါစက ဘာမှမဖြစ်။ အတန်ကြာမှ ချောင်းတဟွတ်ဟွတ်ဆိုးတော့သည်။မုန့်အသားက အပြစ်မရှိ။ ကြော်သောဆီက မသန့်ရှင်း။ ဆီမသန့်၍ ဤသို့ဖြစ်သည်။ နောင်တွင် ဤဆိုင်မှာ ဝယ်မစားချင်တော့ပြီ။

ဆိတ်သားလား၊ အမဲသားလား

ကျွန်တော်တို့မိသားစုက ဆိတ်သားကြိုက်သည်။ အမဲသား လုံးဝမစား။ ဆိတ်သားရောင်းသောဆိုင်သို့ ကျွန်တော်တို့ဇနီးမောင်နှံ ဈေးဝယ်ရောက်၏။ ဆိတ်ခြေထောက်၊ ဆိတ်ခေါင်း၊ ဆိတ်မြီးများပါ အသားနှင့်ရော၍ ပြထားသေးသည်။ အိမ်ပြန်ရောက်၍ ဆိတ်သားဟင်း ကျက်သည့်အခါမှ အမဲသား (နွားသားပေါက်ကလေး၏အသား) ရောနှော၍ လိမ်လည်ရောင်းလိုက်မှန်း သိတော့သည်။ ဆိတ်သားစစ်စစ်မဟုတ်။ အမဲသားနှင့်ဆိတ်သား ရောနှော၍ လိမ်ရောင်းကြောင်း သိရသည်။ ဈေးလူကြီးကို တိုင်ရဦးမည်။ တိုင်တာက နောက်မှ၊ လောလောဆယ်တော့ ထိုဆိုင်တွင် ဘယ်တော့မှ မဝယ်တော့။

ဆေးဝါးအတု

ဆေးဝါးအတုကတော့ ကြောက်စရာအကောင်းဆုံး။ စံမမီသော ဆေးဝါး၊ ရောဂါမပျောက်သောဆေးဝါး။ အဆိပ်ဖြစ်စေသော ဆေးဝါး၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုသည့် လောဘသားများ ထုတ်လုပ်ရောင်းချသော ဆေးဝါး၊ ခန္ဓာကိုယ်ထဲရောက်လျှင် အကျိုးမပြုသည့်အပြင် ဘေးဒုက္ခပေးမည့် ဆေးဝါး၊ ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ထုတ်၍ မသုံးသင့်သော ဆေးဝါး အန္တရာယ်ဆေးဝါးအဖြစ် ကြော်ငြာရသော ဆေးဝါး၊ သတိထားရမည့် ဆေးဝါးများ များလှ၏။

အရက်တု

"တောအရက်"မှ အစပြု၍ "နိုင်ငံခြားအရက်"အထိ အတုမျိုးစုံရှိပါ၏။ သာမန်မျက်စိဖြင့် မမြင်၊ မသိနိုင်။ အပေါ်ယံတံဆိပ်ကတော့ လှပါပေ့။ ကောင်းပါပေ့။ ဖွင့်သောက်မှ အတုကြီးမှန်း သိရစမြဲ။ ဖွင့်ဖောက်ပြီးမှ ပြန်ပေးမရသည်ကို အကြောင်းပြု၍ အတုလုပ်ခြင်းပါ။ "မူးရင်ပြီးရော" ဈေးပေါပေါနှင့် ကြုံသလိုသောက်ခဲ့ရသည့် ယမကာကြိုက်သော သူငယ်ချင်းများသည်လည်း ဘယ်တော့မှ နောင်တမရနိုင်။ အရက်အတုဆို၍ မသောက်ဘဲ မနေနိုင်။ အစစ်ကို ရှာရင်းရှာရင်း ယမကာတွင်းသို့ သက်ဆင်းခဲ့ရရှာသည်။ တစ်ချက်တည်းကျင်းဝင် (Hole in one) ရ၍ ဂေါက်ကွင်းမှာ ညစာကျွေးသည့် နေ့က အရက်တုနှင့် တွေ့ခဲ့ရပုံ။ ဝမ်းသာစရာပျောက်ကွယ်ရပုံ။ စားသုံးသူကို ကိုယ်ချင်းမစာသော အရက်အတုထုတ်လုပ်သူများအား မေတ္တာပို့ရတော့ မည်လား။

အမျိုးသားအစားအသောက်ဥပဒေ

အမျိုးသားအစားအသောက်ဥပဒေ (ဥပဒေအမှတ် ၅/၉၇) ပုဒ်မ ၂၂ တွင် အောက်ပါအတိုင်း တားမြစ်ချက်ထုတ်ပြန်ထားပါ၏။ မည်သူမျှ အောက်ဖော်ပြပါ အစားအသောက်ကို ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ-

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ဘေးဥပဒ်အန္တရာယ် ဖြစ်စေနိုင်သော သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအသောက်

(ခ) အစားအသောက်၏သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေးကို ထိခိုက်စေပြီး ဘေးဥပဒ်အန္တရာယ် ဖြစ်စေရန် အရာဝတ္ထုတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစားထိုးသော သို့မဟုတ် ရောစပ်ထားသော အစားအသောက်

(ဂ) အစားအသောက်ထပ်ဖြည့်ပစ္စည်းကို သတ်မှတ်ချက်ထက် ပိုမိုအသုံးပြုထားသော အစားအသောက်

> **မြန်မာတို့၏ စားသုံးကုန်စည်သည် သန့်ရှင်းရမည်။ အရည်အသွေးပြည့်ဝရမည်။ အဆင့်မီရမည်။ အာဟာရဖြစ်စေရမည်။ အဆိပ်မဖြစ်စေရ**

(ဃ) သက်ဆိုင်ရာက သတ်မှတ်ထားသည့် စိုက်ပျိုးရေးဆိုင်ရာ ဓာတ်ပစ္စည်းအများဆုံး ပါနိုင်ခွင့်ရှိသော ပမာဏထက် ပိုမိုပါရှိသော အစားအသောက်

(င) သက်ဆိုင်ရာက တားမြစ်ထားသည့် ပစ္စည်းဖြစ်စေ၊ ခွင့်မပြုသည့် ပစ္စည်းဖြစ်စေ ပါရှိသော အစားအသောက်

(စ) ပုပ်သိုးသော၊ ပျက်စီးသော သို့မဟုတ် လူတို့စားသုံးရန်မသင့်လျော်သော ပစ္စည်းပါရှိသည့် အစားအသောက်

(ဆ) စံမညီသော အစားအသောက်

(ဇ) အစားအသောက်တွင် မပါဝင်သည့် ဂုဏ်သတ္တိကို အမှတ်တံဆိပ်ပေါ်တွင် လွဲမှားဖော်ပြထားသော အစားအသောက်

(ဈ) လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက သတ်မှတ်သည့် ဖော်ပြရမည့်အချက်အလက်များ မပါရှိသော အစားအသောက်

စားသုံးသူအကာအကွယ်ပေးရေးဥပဒေ

စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀/၂၀၁၄အဖြစ် ပြဋ္ဌာန်းလိုက်ပြီဖြစ်ပါ၏။**စားသုံးသူဆိုသည်မှာ** ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုအတွက်မဟုတ်ဘဲ စားသောက်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုသူကိုဆိုသည်။ **စားသုံးသူအကာအကွယ်ပေးရေးဆိုသည်မှာ** ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူအား ဥပဒေဆိုင်ရာအကာအကွယ်ပေးရေး၊ ကျန်းမာရေးနှင့်ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးရေးကို ဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါ၏။

လိမ်လည်လှည့်ဖြားမှု

"လိမ်လည်လှည့်ဖြားမှု"ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူ ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မှားယွင်းသော ဖော်ပြမှုကိုဖြစ်စေ၊ မမှန်ကန်သော ကြော်ငြာကိုဖြစ်စေ၊ သဘောရိုးဖြင့် ဆောင်ရွက်ခြင်းမဟုတ်သည့် ပြုလုပ်မှုကိုလည်းကောင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် သဘာဝအရည်အသွေးကိုဖြစ်စေ၊ ထုတ်လုပ်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဆောင်ရွက်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဝိသေသ လက္ခဏာကိုဖြစ်စေ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုဖြစ်စေ၊ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အရေအတွက်ကိုဖြစ်စေ၊ အများပြည်သူက ယုံကြည်မှုလွဲမှားစွာလက်ခံရန် မရိုးမဖြောင့်သော သဘောဖြင့် ပြုလုပ်မှုကိုလည်းကောင်း ဆိုပါသည်။

ရည်ရွယ်ချက်များ

စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စားသုံးသူတို့သည် မိမိတို့၏ အခွင့်အရေးများကို သိရှိနားလည်၍ တောင်းဆိုရယူနိုင်ရန်နှင့် ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုကို သုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုတို့မခံရစေရန်

(ခ) စားသုံးသူတို့၏ အခွင့်အရေးများကို ထိရောက်စွာကာကွယ်နိုင်သော စနစ်တစ်ရပ်ပေါ်ပေါက်လာစေရန်

(ဂ) စားသုံးသူအား ဥပဒေအရ အကာအကွယ်ပေးခြင်း၊ မှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းတို့ ပါဝင်သော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအစီအမံ ပေါ်ပေါက်လာစေရန်

(ဃ) စီးပွားရေးလုပ်ငန်းရှင်တို့က စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းအပေါ် အလေးထားလိုက်နာခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ယူမှုရှိသော အပြုအမူများဖြစ်ပေါ်စေရန်

(င) စားသုံးသူတို့၏ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက်အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဖော်ဆောင်ဖြည့်ဆည်းပေးရန်

အခန်း (၁၂) ခန်း

စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင် အခန်း (၁၂)ခန်းပါရှိသည်။ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ရည်ရွယ်ချက်များ၊ ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ၊ စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်အတွက်တားမြစ်ချက်များ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ စားသုံးသူအငြင်းပွားမှုအားဖြေရှင်းခြင်း၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့်၊ ပြစ်မှုနှင့် ပြစ်ဒဏ်များနှင့် အထွေထွေတို့ ပါဝင်သည်။

တားမြစ်ချက်များ

စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင် စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်များကိုအသေးစိတ်ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၈၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ များကို အသေးစိတ်လေ့လာဖတ်ရှုနိုင်ပါသည်။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ထိုဥပဒေ ပုဒ်မများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။ ဥပဒေပုဒ်မ ၂၃ အရ ပြစ်ဒဏ်ကျခံစေရကာမူ စားသုံးသူသည် မိမိ၏ နစ်နာမှုအတွက် **တရားမကြောင်းအရလည်း** တရားစွဲဆိုနိုင်ပါသည်။

စားသုံးသူ၏ တာဝန်

လုပ်ငန်းရှင်များတွင် တာဝန်ရှိသကဲ့သို့ စားသုံးသူများတွင်လည်း တာဝန်ရှိပါသည်။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် လမ်းညွှန်ချက်များကို လိုက်နာရန်၊ စားသုံးသူအငြင်းပွားမှုများတွင် သင့်လျော်စွာ ဖြေရှင်းပေးသည့် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်များကို လိုက်နာရန်၊ စီးပွားရေးလုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ မဟုတ်မမှန်စွပ်စွဲပြောဆိုမှု ပြုလုပ်ခြင်းရှောင်ကြဉ်ရန်၊ အငြင်းပွားမှု ဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေး နည်းလမ်းများဖြင့် ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့် ဖြစ်စေ၊ သက်ဆိုင်ရာစီးပွားရေး လုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် ပြောဆိုခြင်း၊ ရေးသားခြင်းနှင့်ပြုမူခြင်းတို့ကို ရှောင်ကြဉ်ရန် လိုအပ်ပေသည်။

ပြည်တွင်း၊ ပြည်ပ

ပြည်တွင်းက ပစ္စည်းတွေ တင်မက ပြည်ပမှ တင်သွင်းသောပစ္စည်းများပါ အကျုံးဝင်ပါသည်။ နိုင်ငံခြားဖြစ်မှ အထင်ကြီးသူများ ပို၍ သတိထားသင့်သည်။ ပြည်တွင်းဖြစ်ကို ပြည်တွင်းက တာဝန်ယူရသလို၊ ပြည်ပနိုင်ငံခြားဖြစ်ကိုလည်း ထုတ်လုပ်သူက တာဝန်ခံရမည်ဖြစ်ပေသည်။ စက္ကူဘူးခွံလှလှကလေးများဖြင့် အန္တရာယ်ပေးသော ပြည်ပအစားအစာများကို သေချာစွာ စစ်ဆေးရပေမည်။ တာဝန်ရှိသူများက မပေါ့မဆ စစ်ဆေးအရေးယူမည်ဟု မျှော်လင့်ပါသည်။

အလှူအတန်းရက်ရောသော မြန်မာ

မြန်မာလူမျိုးသည် အလှူအတန်းရက်ရောသည်။ မနောဖြူသည်။ စေတနာကောင်းသည်။ လောဘမရှိ။ သမ္မာအာဇီဝ အသက်မွေးသည်။ ကောင်းရောင်းကောင်းဝယ်ပြုသည်။ ဤသို့သော ဂုဏ်သတင်းကျော်ဇောသည်။ မြန်မာတို့၏ စားသုံးကုန်စည်သည် သန့်ရှင်းရမည်။ အရည်အသွေး ပြည့်ဝရမည်။ အဆင့်မီရမည်။ အာဟာရဖြစ်စေရမည်။ အဆိပ်မဖြစ်စေရ"ကုသိုလ်လည်းရ ဝမ်းလည်းဝ"ဟူသော ဆိုရိုးစကားနှင့်အညီ ကောင်းရောင်း ကောင်းဝယ်ဖြစ်သင့်သည်။ အမြတ်အစွန်းကို အဓိကမထားသင့်။ ဥပဒေအကာအကွယ်ထက် စေတနာကွယ်ကွယ်ထားရှိဖို့ ပဓာနကျသည်။ မြန်မာ့ဂုဏ်ဒြပ် မြင့်မြတ်စေချင်သည်။ စားသုံးသူအပေါ် စေတနာထားစေလိုသည်။

တင်ပြချက်

စားသုံးသူကို ကာကွယ်ပါ။ ။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဉာဏ်ဝင်း ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး

ရန်ကုန် ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဩဂုတ် ၆ ရက် ညနေက ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်တွင် ပဲခူးမြစ်ရေလျှံမှုကို တားဆီးကာကွယ်ရန် သဲအိတ်များကာရံနေမှုကို ကြည့်ရှုစစ်ဆေးပြီး အနောက်ရွှေနံ့သာကျောင်းတိုက် ရေဘေးကယ်ဆယ်ရေးစခန်း၊ ကလျာဏီသိမ်တော်ရေဘေးကယ်ဆယ်ရေးစခန်း၊ နောင်တော်ကြီးဘုရား (မြသာလျောင်း) ရေဘေးကယ်ဆယ်ရေးစခန်း၊ ကြေးနီကန် ရေဘေးကယ်ဆယ်ရေးစခန်းတို့တွင်ရောက်ရှိနေသည့် ပြည်သူများကို တွေ့ဆုံအားပေးသည်။ ပဲခူးမြို့တွင် ဩဂုတ် ၄ ရက်၊ ၅ ရက်၊ ၆ ရက်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲခူးမြစ်ရေမှာ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာကိုကျော်လွန်၍ ပဲခူးမြို့ အနိမ့်ပိုင်းရပ်ကွက်များတွင် ရေများ ဝင်ရောက်ခဲ့သည်။ ဩဂုတ် ၆ ရက်ကစ၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းခြောက်ခု ဖွင့်လှစ်ထားရာ ကျွန်းသာယာရှိ အနောက်ရွှေနံ့သာကျောင်းတိုက်တွင် အိမ်ထောင်စု ၂၂၁ စု၊ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက် ရွှေဘုန်းပွင့်ဘုရားနှင့်ဝက်ဘာကျောင်းတိုက် ရေဘေး ကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၁၃၂ စု၊ ကျောက်ကြီးစု အထက(ခွဲ)တွင် ၁၃၂ စု မဇင်းရပ်ကွက် နောင်တော်ကြီးဘုရားဝင်း (မြသာလျောင်း)နှင့် ကြေးနီကန်ကျောင်းတိုက်ရေဘေးကယ်ဆယ်ရေးစခန်းတို့တွင် ၃၈၄ စု၊ ကလျာဏီသိမ်တော် ရေဘေးကယ်ဆယ်ရေးစခန်းတွင် ၂၀၈ စု၊ ဥဿာ(၇)ရေဘေးကယ်ဆယ်ရေးစခန်းတွင် ၁၅၈ စုတို့ တည်းခို နေထိုင်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ထမင်းဟင်းများ၊ အသုံးအဆောင်ပစ္စည်းများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

တွေ့ဆုံမေးမြန်းခြင်း

နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ နိုင်ငံ့ဝန်ထမ်းနှင့်မိသားစုဝင်များအား အခမဲ့မျက်စိကုသစောင့်ရှောက်မှုဆောင်ရွက်

ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် အခမဲ့မျက်စိကုသစောင့်ရှောက်မှုကို အဆိုပါဆေးရုံကြီး၌ ကျင်းပခဲ့သည်။

သို့ဖြစ်၍ ယင်းဆေးရုံမှ ဆေးရုံအုပ်ကြီး၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ မျက်စိစမ်းသပ်ကုသမှုခံယူကြသည့် ဝန်ထမ်းများ၊ မှီခိုသူ ဝန်ထမ်းမိသားစုဝင်များအား တွေ့ဆုံမေးမြန်းဖြေကြားခဲ့သည်များကို ပြန်လည်တင်ပြလိုက်ရပါသည်-

ဒေါက်တာမျိုးအောင်
ဆေးရုံအုပ်ကြီး
ဇမ္ဗူသီရိအထူးကုဆေးရုံကြီး

ဒီဇမ္ဗူသီရိဆေးရုံကြီးကို ၂၀၁၂ ခုနှစ် မေ ၃ ရက်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ကျွန်တော်ကတော့ ၂၀၁၃ ခုနှစ် ဇူလိုင် ၂၃ ရက်က ဒီဆေးရုံကြီးသို့ ရောက်ရှိပြီး တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

ကျွန်တော်တို့ ဆေးရုံမှာ အခုလို အခမဲ့မျက်စိစမ်းသပ်ကုသပေးတာက ဒုတိယအကြိမ်ဖြစ်ပါတယ်။ ပထမအကြိမ်က ၂၀၁၄ ခုနှစ် မေ ၅ ရက်ကနေ ၇ ရက်အထိ ပြုလုပ်ခဲ့ပြီး ဇမ္ဗူသီရိမြို့နယ်အတွင်းမှာရှိတဲ့ မျက်စိဝေဒနာရှင်တွေကို စမ်းသပ်ကုသခွဲစိတ်ပေးခဲ့ပါတယ်။ ပထမအကြိမ်မှာ မျက်စိခွဲစိတ်ကုသမှုပေးခဲ့တာက ၃၅ ဦးရှိပါတယ်။

အခု ဒုတိယအကြိမ်မှာ ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစုတွေကို ဩဂုတ် ၄ ရက်နေ့က စတင်ပြီး စမ်းသပ်ကုသပေးနေတာဖြစ်ပါတယ်။ မျက်စိကုသလိုသူ ၁၉၇၀ ရှိပါတယ်။ အခု ဒီနေ့အထိ စမ်းသပ်ကုသပြီးသူ ၁၂၃၀ ရှိပါတယ်။ အဲဒီထဲမှာ မျက်စိခွဲစိတ်ကုသမှုခံယူရမယ့်သူက ၁၀၀ ရှိပါတယ်။ ဒီနေ့မှာ လူ ၄၀ ကို ခွဲစိတ်ကုသပေးပါမယ်။ ကျန်တဲ့လူနာတွေကိုလည်း ဩဂုတ် ၁၅ ရက်မှာ ထပ်မံခွဲစိတ်ကုသပေးသွားမှာဖြစ်ပါတယ်။ ဒီအပတ်မှာ အခမဲ့မျက်စိကုသစောင့်ရှောက်မှုကို နိုင်ငံ့ဝန်ထမ်းတွေနဲ့ မှီခိုသူ ဝန်ထမ်းမိသားစုဝင်တွေကို လုပ်ပေးမှာဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှာ နောက်ထပ်တစ်ကြိမ် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသဖို့အစီအစဉ်ရှိပါတယ်။ အဲဒီမှာ မျက်စိရောဂါအပြင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာတွေကိုလည်း စမ်းသပ်ကုသပေးဖို့ စီစဉ်ထားပါတယ်။

ကျွန်တော်တို့ဆေးရုံကြီးနဲ့ ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်မှုနဲ့ လည်ပင်းကြီးရောဂါခွဲစိတ်ကုသမှုပြုလုပ်တာကတော့ သုံးကြိမ်ရှိပါပြီ။ အဲဒီလို ခွဲစိတ်ပေးတာက စင်ကာပူနိုင်ငံ မောင့်အယ်လီဇဘတ်ဆေးရုံကြီး (mount elizabeth hospital)က အထူးကုဆရာဝန်ကြီးနဲ့ ကျွန်တော်တို့ဆေးရုံက အထူးကုဆရာဝန်ကြီးတို့ ပူးပေါင်းခွဲစိတ်ပေးခဲ့တာဖြစ်ပါတယ်။

မျက်စိခွဲစိတ်ကုသမှုကို ကျွန်တော်တို့ ဒီပြည်တွင်းက အထူးကုဆရာဝန်ကြီးတွေနဲ့ ဆောင်ရွက်ပါတယ်။ အနာဂတ်မှာတော့ စင်ကာပူနိုင်ငံက အထူးကုဆရာဝန်ကြီးတွေနဲ့ နှလုံးကုသဌာနနဲ့ ပူးပေါင်းပြီး ဆေးပညာဖလှယ်ဖို့ လူနာစမ်းသပ်ကုသဖို့လည်း အစီအစဉ်ရှိပါတယ်။ အခမဲ့မျက်စိကုသစောင့်ရှောက်မှု လုပ်ငန်းကို နေပြည်တော် မြို့နယ်ရှစ်မြို့နယ်ရှိတဲ့ အနက် ကျန်တဲ့မြို့နယ်တွေကိုလည်း အလှည့်ကျစီမံဆောင်ရွက်သွားဖို့ရှိပါတယ်။

ဒေါက်တာမျိုးအောင်
ဆေးရုံအုပ်ကြီး
ဇမ္ဗူသီရိအထူးကုဆေးရုံကြီး

ဦးမျိုးမြင့်
ဥက္ကဋ္ဌ ဇမ္ဗူသီရိဖောင်ဒေးရှင်း

ကျွန်တော်တို့ ဖောင်ဒေးရှင်းက ဒီဇမ္ဗူသီရိမြို့နယ် အပါအဝင် နေပြည်တော်တစ်ဝိုက်မှာရှိတဲ့ ပြည်သူလူထုတွေကို ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုတွေပေးဖို့ ဖွဲ့စည်းထားတဲ့ ဖောင်ဒေးရှင်းဖြစ်ပါတယ်။ လူမှုရေးဆိုတာက ဘာသာရေး၊ သာသနာရေးလုပ်ငန်းတွေမှာ လိုအပ်တာတွေ စောင့်ရှောက်ဖို့ဖြစ်ပါတယ်။ အထူးသဖြင့်တော့ ကျန်းမာရေး စောင့်ရှောက်မှုကို ဦးစားပေးပြီး လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ဖောင်ဒေးရှင်းမှာ နာယကခြောက်ဦးရှိပါတယ်။ အလုပ်အမှုဆောင်အဖွဲ့ ၁၀ ဦးရှိပါတယ်။

ဒီလို ဆောင်ရွက်တဲ့နေရာမှာ ဒီဇမ္ဗူသီရိ အထူးကုဆေးရုံကြီးကို အခြေခံပြီး စင်ကာပူနိုင်ငံမှာရှိတဲ့ မောင့်အယ်လီဇဘတ်ဆေးရုံကြီးနဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်။

၂၀၁၄ ခုနှစ် မတ်လက စင်ကာပူနိုင်ငံက ဆရာဝန်ကြီးတွေရယ်၊ ကိုရီးယားနိုင်ငံက ဆရာဝန်ကြီးတစ်ဦးရယ် စုစုပေါင်း ခုနစ်ဦး ပူးပေါင်းပြီး နေပြည်တော်တစ်ဝိုက်မှာရှိတဲ့ နှလုံးရောဂါသည်တွေ၊ သွားရောဂါ၊ လည်ပင်းကြီးရောဂါသည်တို့ကို ကုသပေးခဲ့ပါတယ်။ ဩဂုတ်လ ၇ ရက်နေ့နဲ့ ၈ ရက်နေ့မှာလည်း စင်ကာပူနိုင်ငံက အထူးကုဆရာဝန်ကြီးလာရောက်ပြီး နိုင်ငံတစ်ဝန်းမှာရှိတဲ့ လည်ပင်းကြီးရောဂါသည်တွေကို ခွဲစိတ်ကုသပေးခဲ့ပါတယ်။ ကုန်ကျတဲ့ငွေကြေးကို ကျွန်တော်တို့ ဖောင်ဒေးရှင်းက ကျခံပါတယ်။

အခုတစ်ကြိမ် အခမဲ့မျက်စိကုသစောင့်ရှောက်မှု ပြုလုပ်တဲ့အခါမှာ ဌာနပေါင်း ၅၀ ကျော်က ဝန်ထမ်းတွေကို သီးခြားအစီအစဉ်နဲ့ လုပ်ပေးတာဖြစ်ပါတယ်။ မျက်စိစမ်းသပ်ကုသချင်သူပေါင်း ၄၉၀၀ ခန့် ရှိပါတယ်။ အဲဒီအထဲမှာ ရိုးရိုးမျက်စိပါဝါစမ်းသပ်မယ့်လူများထက် ရောဂါရှိလို့ ခွဲစိတ်ကုသချင်တဲ့လူနာ ၁၉၇၀ ကို ဦးစားပေးပြီး ဩဂုတ် ၄ ရက်က စတင်ပြီး ကုသပေးနေပါတယ်။ တစ်နေ့တစ်နေ့ ပျမ်းမျှလူနာ ၂၀၀၊ ၂၅၀ ခန့်ကို စမ်းသပ်ကုသပေးလျက်ရှိပါတယ်။

ဦးမျိုးမြင့်
ဥက္ကဋ္ဌ ဇမ္ဗူသီရိဖောင်ဒေးရှင်း

ယမန်နေ့ကအထိ မျက်စိစမ်းသပ်ပြီးသူ ဝန်ထမ်းနဲ့ မှီခိုသူ ၁၂၃၀ ရှိပါတယ်။ ဒီအထဲမှာ ခွဲစိတ်ကုသရမယ့်လူနာ ၁၀၀ ကျော်လောက်တွေ့ရှိပါတယ်။ ဒီနေ့မှာ လူနာ ၄၀ ကို စခွဲမှာဖြစ်ပါတယ်။ ဒီခွဲစိတ်မှုနဲ့ ပတ်သက်လို့ ဆေးရုံတက်တဲ့စရိတ်တွေ၊ ခွဲစိတ်ကုသတဲ့စရိတ်တွေကို ကျွန်တော်တို့ ဖောင်ဒေးရှင်းက တာဝန်ယူပြီး ဆောင်ရွက်ပါတယ်။ ခွဲစိတ်စရာမလိုတဲ့ လူနာတွေကိုလည်း စမ်းသပ်ခတွေ၊ ဆေးဖိုးဝါးခတွေကိုလည်း ကျွန်တော်တို့ကပဲ တာဝန်ယူကျခံပေးပါတယ်။ ဝန်ထမ်းမိသားစုတွေထဲက မျက်မှန်တပ်ဖို့လိုတဲ့ သက်ကြီးရွယ်အို လူကြီးသူမများကိုလည်း မျက်မှန်လှူဒါန်းပေးပါတယ်။

အနာဂတ်မှာ ကျွန်တော်တို့ ဆောင်ရွက်မှာက မျက်စိဝေဒနာရှင်တွေအပြင် အခြားသော ဝေဒနာရှင်တွေကိုလည်း ကျန်းမာရေးစောင့်ရှောက်ဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လည်ပင်းကြီးရောဂါအပြင် ထပ်မံပြီး ကျွန်တော်တို့စာရင်းကောက်နေတာက မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာတွေ ဖြစ်ပါတယ်။ သူတို့ကို ကျန်းမာရေးစောင့်ရှောက်ပေးဖို့လည်း ကျွန်တော်တို့ ဒီဆေးရုံကြီးမှာ ကျွမ်းကျင်တဲ့ ဆရာဝန်ကြီးတွေ ရှိနေပါတယ်။

ကျွန်တော်တို့ဆေးရုံက ဆရာဝန်ကြီးတွေအပြင် ပြည်ပနိုင်ငံတွေက အကူအညီပေးမယ့် ကျွမ်းကျင်တဲ့ ဆရာဝန်ကြီးတွေနဲ့ ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စင်ကာပူ၊ ကိုရီးယားတို့အပြင် အမေရိကန်နိုင်ငံက ဆရာဝန်ကြီးတွေကလည်း ကမ်းလှမ်းလာတာရှိပါတယ်။ ဒီထက်ခက်ခဲတဲ့ ဝေဒနာရှင်တွေကိုလည်း ကျွန်တော်တို့ဖောင်ဒေးရှင်းက အကုန်အကျခံပြီး လှူဒါန်းဆောင်ရွက်ပေးမယ့် အစီအစဉ်လည်း ရှိပါတယ်။ ဒီဆေးရုံကြီးမှာ ကင်ဆာဓာတ်ရောင်ခြည်ရိုက်တဲ့ စက်တွေ၊ ဦးနှောက် ဓာတ်မှန်ရိုက်တဲ့စက်တွေ တပ်ဆင်ပြီးသွားရင် ဒီရောဂါတွေနဲ့ ပတ်သက်တဲ့ လူနာတွေကိုလည်း စောင့်ရှောက်သွားဖို့ ရှိပါတယ်။

ဒေါ်အေးသီ
မှီခို(ဒုတိယသမ္မတ(၁) ဦးစီးရုံးမှ ဝန်ထမ်း ဒေါ်ခင်ဆွေဦး၏ မိခင်)

ကျွန်မ ရေတိမ်ရောဂါဝေဒနာ ခံစားနေရတာ ရှစ်နှစ်ရှိပါပြီ။ ကျွန်မကိုခွဲစိတ်တာ ၁၀ မိနစ်လောက်ပဲကြာပါတယ်။ ကုန်ကျစရိတ်လည်း မရှိပါဘူး။ ဒီကပဲ အစစအရာရာ အကုန်အကျခံပါတယ်။ ဆေးတွေလည်း ပေးပါတယ်။ အစားအသောက်တွေလည်း ကျွေးပါတယ်။

ဒေါ်အုန်း
မှီခို(ပြည်ထဲရေးဝန်ကြီးဌာနမှ ဒေါ်နု၏ အစ်မ)

ကျွန်မက မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာသစ်ကျေးရွာမှာနေပါတယ်။ အခုဝေဒနာကို ခံစားနေရတာ နှစ် ၂၀ ရှိပါပြီ။ ကျွန်မက ဒီဇမ္ဗူသီရိဖောင်ဒေးရှင်းက အခမဲ့ခွဲစိတ်ပေးမယ်ဆိုတာကြားရလို့လာခဲ့တာပါ။ အကုန်လုံးကို ဖြည့်ဆည်းပေးပါတယ်။ ကုန်ကျမှုမရှိပါဘူး၊ အဆင်ပြေပါတယ်။ ကုန်ကုန်ပြောရရင် ရေသန့်ကစလို့အားလုံးလှူဒါန်းပေးပါတယ်။

ဒေါ်ခင်သန်းမူ

ဗိုလ်မှူးတိုးနိုင်ထက်
မျက်စိကုသဌာန အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)

ကျွန်တော်တို့ မျက်စိအထူးကုဆရာဝန်တွေ ဒီမှာစုပေါင်းပြီး မျက်စိစမ်းသပ်ကုသမှုလုပ်ငန်း ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီထဲမှာ ခွဲစိတ်ကုသဖို့ လိုအပ်တဲ့လူနာတွေကို ရွေးချယ်ပါတယ်။ ကျွန်တော်တို့ အခုပြင်ပလူနာကြည့်ရှုတာနဲ့ ခွဲစိတ်ကုသတာကို တစ်ပြိုင်တည်းလုပ်နေပါတယ်။ လာရောက်ကုသတဲ့သူတွေထဲမှာ အများစုကတော့ ရုံးဝန်ထမ်းတွေဖြစ်ပါတယ်။ အသက်အရွယ်အားဖြင့်လည်း အသက်ကြီးတဲ့သူတွေ မပါဝင်တဲ့အတွက် မျက်မှန်ပါဝါလိုအပ်တဲ့သူတွေ၊ ဇက်ကြောတက်တဲ့သူတွေ၊ စာဖတ်တာ၊ ကွန်ပျူတာသုံးတာများတဲ့အတွက် မျက်စိမျက်ရိုးကိုက်တဲ့သူတွေများပါတယ်။ အသက်ကြီးတဲ့ မှီခိုသူတွေပါလာရင်တော့ အတွင်းတိမ်လူနာတွေ ဖြစ်နေတာတွေ့ရပါတယ်။ ခွဲစိတ်ကုသမှုနဲ့ ပတ်သက်ပြီး အဆင်ပြေပါတယ်။ ဇမ္ဗူသီရိ ဖောင်ဒေးရှင်းကလည်း လိုအပ်တာတွေ၊ ကုန်ကျစရိတ်တွေ၊ ဆေးဝါးတွေ ကူညီဆောင်ရွက်ပေးပါတယ်။

ဒေါ်မြမြကြည်
မှီခို(ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဒေါ်သီသီလှ၏ မိခင်)

ကျွန်မက ရန်ကုန်မှာ သားတွေ၊ သမီးတွေနဲ့နေပါတယ်။ပြီးခဲ့တဲ့နှစ်က ရန်ကုန်မှာ မျက်စိကိုက်လို့သွားပြတော့ ခွဲရမယ်၊ တစ်နှစ်နေရင်လာပြလို့ ပြောပါတယ်။ အခုက ပြရမယ့် တစ်နှစ် ပြည့်ပြီဖြစ်လို့ သမီးက ဒီမှာပြဖို့ ခေါ်လိုက်တာဖြစ်ပါတယ်။ ဒီရောက်တော့ မျက်လုံးက ခွဲစိတ်ဖို့မလိုသေးဘူး။ မျက်မှန်ပဲတပ်ပါလို့ ပြောပါတယ်။ ဒါနဲ့ပဲ မျက်မှန်တပ်ဖို့ စီစဉ်ပေးပါတယ်။ အခုမျက်မှန်ကို တပ်ကြည့်လိုက်တော့ အရင်ကထက် အများကြီး ကြည်ကြည်လင်လင်မြင်ရပါတယ်။

ဒေါ်အေးအေးမြင့်

ဦးဝင်းကြည်
မှီခို(လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒေါ်ယဉ်မာ၏ ဖခင်)

ကျွန်တော့်အနေနဲ့ အရင်က နှစ်ခါမျက်စိခွဲစိတ်ဖူးပါတယ်။ ဒါပေမယ့် ကြည့်ရတာ ဝါးနေခဲ့ပါတယ်။ အခုမျက်စိအခမဲ့ ကုသပေးတယ်ဆိုလို့ လာပြတာပါ။ ဆရာဝန်တွေက နှစ်ခါခွဲဖူးထားလို့ ထပ်မံခွဲဖို့ အဆင်မပြေဘူးလို့ ပြောပါတယ်။ ဒါနဲ့ မျက်မှန်တပ်ပေးလိုက်တော့ အခုဆိုရင် အတော်ကိုကြည်လင်ပါတယ်။ အကုန်လုံး ကွဲပြားသွားပါတယ်။ သမ္မတကြီး ကိုယ်တိုင် မျက်မှန်တပ်ပေးပါတယ်။ ဒီ့အတွက်လည်း သမ္မတကြီးကို ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ပါတယ်။

ဒေါ်ဝင်း
မှီခို(ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒေါ်ဆွေဆွေလှိုင်၏ မိခင်)

ကျွန်မအသက်က ၈၀ ရှိပါပြီ။ သမီးက မျက်စိစမ်းသပ်ဖို့လိုတယ်ဆိုပြီး စာရင်းပေးထားလို့ လာပြခဲ့တာပါ။ ဆေးရုံရောက်တော့ ဆရာဝန်တွေရဲ့ စမ်းသပ်ချက်အရ မျက်မှန်ပဲတပ်ရပါတယ်။ အခုတော့ အတော်ကိုကောင်းသွားပါပြီ။ အရင်ကတော့ တစ်ခါ ခွဲစိတ်ခံဖူးပါတယ်။ အခုလို မျက်စိအခမဲ့စမ်းသပ်ပေးတာ၊ မျက်မှန်အခမဲ့ လှူဒါန်းပေးတာနဲ့ ပတ်သက်လို့ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒေါ်ကျင်ဆန်း
မှီခို(နေပြည်တော်ကောင်စီ) အသက် ၇၂ နှစ်

ကျွန်မ ခုတင် ၁၀၀ မှာ တစ်ခါခွဲတယ်။ နောက်ဒီဆေးရုံမှာ တစ်ခါခွဲတယ်။ အားလုံးကောင်းပါတယ်။ အခုဆိုရင် ပိုကောင်းသွားတာပေါ့။ ပထမဦးဆုံးမျက်မှန်က ဝါးလာတော့ အခုလိုလာပြတာပါ။ ကျွန်မအခုဆို အဝေးက နာရီတောင်မြင်ရပါတယ်။ ကျွန်မက အဝေးမှုန်ဆိုတော့ အတော်ကိုကြည့်ကောင်းသွားတယ်။ ပိုပြီးတော့ကြည်လင်သွားပါတယ်။ ကုန်ကျစရိတ်လုံးဝမရှိပါဘူး။ အခုလို လုပ်ကိုင်ပေးတဲ့သူတွေရော သမ္မတကြီးရော စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာပို့သပါတယ်။

ဒေါ်ခင်သန်းမူ
(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝန်ထမ်း)

ကျွန်မ အတွင်းတိမ်ဖြစ်တာ နှစ်နှစ်လောက်ရှိပါပြီ။ ဇမ္ဗူသီရိ ဖောင်ဒေးရှင်းက မျက်စိခွဲစိတ်ဖို့ ဝန်ကြီးဌာနကို စာရင်းတောင်းတော့ စာရင်းပေးလိုက်ပြီး နှစ်ပတ်အကြာမှာလာရောက်ပြသခွဲစိတ်ဖို့ ဖုန်းနဲ့ အကြောင်းကြားပါတယ်။ ဆေးရုံတက်ရောက်ပြသတော့ ဖောင်ဒေးရှင်းက ဆေးဝါးကုသမှု ကုန်ကျစရိတ်အားလုံးကိုတာဝန်ယူတဲ့အပြင် နေထိုင်စားသောက်မှုကိုလည်း အကောင်းဆုံးဖြည့်ဆည်းပေးပါတယ်။ အခုလိုမျိုး တစ်ခါမှမကြုံဖူးပါဘူး။ ဒါကြောင့် အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒေါ်အေးအေးမြင့်
မှီခို(ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး)

ကျွန်မအသက်က ၆၀ ပါ။ လည်ပင်းကြီးရောဂါဖြစ်တာ ၂၃ နှစ်ရှိပါပြီ။ ခွဲစိတ်ဖို့ကလည်း အခက်အခဲရှိတဲ့အပြင် ရောဂါကလည်း သိပ်မဆိုးတော့ ဒီအတိုင်းနေလာခဲ့ပါတယ်။ အခုနှစ်ပိုင်းမှာ မကြာခဏ ခေါင်းမူးတဲ့အပြင် ဆေးခန်းပြတော့လည်း သိပ်မသက်သာပါဘူး။ သမီးရဲ့အမျိုးသားက စခန်းမှူးရုံးမှာမို့ ဇမ္ဗူသီရိဖောင်ဒေးရှင်းက လည်ပင်းကြီးရောဂါခွဲစိတ်ဖို့ နာမည်စာရင်းတောင်းတော့ ထည့်ပေးလိုက်တယ်လို့ ပြောပါတယ်။ အခုဖောင်ဒေးရှင်း အကူအညီနဲ့ ခွဲစိတ်ကုသမှုခံယူလိုက်တော့ သက်သာတဲ့အပြင် နှစ်ပေါင်းလောက်ရှိတဲ့ အသားပိုကိုလည်ပင်းမှာ ဆွဲထားရတဲ့ ဒုက္ခလည်း လွတ်သွားတော့ အလွန်ပျော်ပါတယ်။

ဒါကြောင့် ကျွန်မလည်း ဒီလိုရောဂါဖြစ်ရတဲ့အကြောင်းအရင်းနဲ့ အခုလို ခွဲစိတ်ကုသမှုခံယူခြင်းဖြင့် ရရှိတဲ့အကျိုးကျေးဇူးတွေကို အနီးပတ်ဝန်းကျင်နဲ့ ကျွန်မလို ဝေဒနာသည်တွေကို လိုက်လံရှင်းပြပြီး ကျန်းမာရေး အသိပညာပေးသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ အခုဒီမှာ ကုသမှုခံယူတာက ပိုက်ဆံမကုန်တဲ့အပြင် အစစအရာရာ စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်တဲ့အပြင် အမြဲလည်း မေတ္တာပို့ပေးနေမှာပါ။

(မြန်မာ့သတင်းစဉ်-သတင်းအဖွဲ့)

မီးကြွင်းမီးကျန်မှ နေအိမ်မီးလောင်မှုဖြစ်ပွား

ပုသိမ် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၂) ရပ်ကွက် လယ်တီ(၃)လမ်းနေ ဦးစိုးနိုင် (၄၈ နှစ်) စစ်မှုထမ်းဟောင်း(ငြိမ်း)၏ နေအိမ်နောက်ဖေးဘက်ရှိ မီးဖိုချောင် မီးသွေးမီးဖိုရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားရာ မီးဖိုချောင်ကာရံထားသော ပျဉ်နှစ်ချပ်ကို မီးကူးစက်လောင်ကျွမ်းပြီး ပတ်ဝန်းကျင်ရှိ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်သဖြင့် နံနက် ၁၀ နာရီ ၂၂ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်တွင်းသတင်း

❋ ရှေ့ဖုံးမှ

မျက်စိဝေဒနာရှင်များနှင့်ခွဲစိတ်ကုသပြီး မျက်စိဝေဒနာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် မျက်စိခွဲစိတ်အထူးကု ဆရာဝန်ကြီးများနှင့် ဝေဒနာရှင်များအတွက် နိုင်ငံတော်သမ္မတကိုယ်စား နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ်က အလှူငွေကျပ် ၁၀ သိန်းကို ပြည်ထောင်စုဝန်ကြီးဦးသိန်းညွန့်ထံ ပေးအပ်လှူဒါန်းသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မျက်စိခွဲစိတ်ကုသရန် စောင့်ဆိုင်းနေသည့် မျက်စိဝေဒနာရှင်များအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား ခွဲစိတ်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် မျက်စိစမ်းသပ်ကုသမှုခံယူပြီးနောက် အနီးမှုန်၊ အဝေးမှုန်ကြသည့် မျက်စိဝေဒနာရှင်များအား ပါဝါမျက်မှန်များ တပ်ဆင်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့်အဖွဲ့သည် မျက်စိခွဲစိတ်ပြီး ဝေဒနာရှင်များအတွက် နေကာမျက်မှန်များကို လက်ဆောင်အဖြစ် ပေးအပ်၍ အားပေးစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လည်ပင်းကြီးရောဂါ ခွဲစိတ်ကုသမှုခံယူပြီး လူနာသုံးဦးအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ ယင်းနောက် မျက်စိစမ်းသပ်ကုသ မှုခံယူကြမည့် ဝန်ထမ်းများနှင့် မှီခိုသူဝန်ထမ်း မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ မျက်စိအထူးကု ဆရာဝန်ကြီး ဗိုလ်မှူးတိုးနိုင်ထက်နှင့် ပျဉ်းမနားပြည်သူ့ဆေးရုံကြီး (ခုတင်-၂၀၀)မှ ဒေါက်တာဒေါ်ယဉ်နွယ်ဦးတို့ ဦးဆောင်သည့်အဖွဲ့မှ မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးနေမှုကို ကြည့်ရှုအားပေးသည်။

ဩဂုတ် ၄ ရက်မှ စတင်၍ အဆိုပါဆေးရုံ၌ မျက်စိရောဂါဝေဒနာရှင်များအား မျက်စိရောဂါစမ်းသပ်ကုသပေးလျက်ရှိပြီး ယနေ့အထိ ဝေဒနာရှင် ၁၂၃၀ ကို စမ်းသပ်ကုသပေးခဲ့ရာ ခွဲစိတ်ကုသမှုခံယူရန် လိုအပ်သည့် ဝေဒနာရှင် ၁၀၀ ရှိကြောင်း၊ ၎င်းတို့အနက် ဝေဒနာရှင် ၄၀ ကို ယနေ့ခွဲစိတ်ကုသပေးခဲ့ပြီး ကျန်ဝေဒနာရှင်များအား ဆက်လက်ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လည်ပင်းကြီးရောဂါ ခွဲစိတ်ကုသမှုခံယူပြီးသည့် လူနာတစ်ဦးအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မျက်စိရောဂါစမ်းသပ်ကုသရန် ကျန်ရှိသူ ၇၄၀ ကိုလည်း ဆက်လက်စမ်းသပ် ကုသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယခု မျက်စိရောဂါစမ်းသပ်ကုသရာတွင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့မှ ဝန်ထမ်းများနှင့် မှီခိုသူဝန်ထမ်း မိသားစုဝင်များအား အခမဲ့စမ်းသပ်ကုသပေးခြင်း ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါဆေးရုံ၌ ဩဂုတ် ၈ ရက်မှ ၉ ရက်အထိ လည်ပင်းကြီးရောဂါသည်ရှစ်ဦးကို စင်ကာပူနိုင်ငံမှ အထူးကုဆရာဝန်ကြီးတစ်ဦးနှင့် မြန်မာနိုင်ငံမှ အထူးကုဆရာဝန်ကြီးတစ်ဦးတို့ဦးစီး၍ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရှိရသည်။

ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့၏ ပထမအကြိမ် အခမဲ့မျက်စိခွဲစိတ်ကုသမှုကို ၂၀၁၄ ခုနှစ် မေ ၅ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ပြီး ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၁၈၉ ဦးကို စမ်းသပ်ကြည့်ရှုပေးခဲ့ကာ ၃၅ ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ မျက်စိအထူးကုဆရာဝန်ကြီး ဗိုလ်မှူးတိုးနိုင်ထက် ဝန်ထမ်းများနှင့် မှီခိုသူ ဝန်ထမ်းမိသားစုဝင်များအား မျက်စိစမ်းသပ်စစ်ဆေးစဉ်။ (သတင်းစဉ်)

လက်ဆောင်ပေးအပ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မျက်စိခွဲစိတ်ပြီး ဝေဒနာရှင်များအတွက် နေကာမျက်မှန်များကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

ဇမ္ဗူသီရိအထူးကုဆေးရုံကြီးကို ၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ဇမ္ဗူသီရိ ဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ် ဇွန် ၁ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြု၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ဆရာတော် သံဃာတော်များ၊ သက်ကြီးရွယ်အိုများနှင့် ဆင်းရဲနွမ်းပါးသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆေးဝါးထောက်ပံ့လှူဒါန်းခြင်းနှင့် ဘာသာရေးဆိုင်ရာ ပွဲလမ်းများတွင် လိုအပ်သည်များပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖောင်ဒေးရှင်းကို စတင်တည်ထောင်ချိန်မှစတင်၍ နိုင်ငံတစ်ဝန်းရှိ သက်တော် ၇၀ နှင့်အထက် ဆရာတော်ကြီးများနှင့် ချို့တဲ့သံဃာတော်များအား ဆေးဝါးနှင့် ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဘာသာရေးဆိုင်ရာ တရားပွဲများကျင်းပပေးခြင်း၊ တရားစခန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပြည်တွင်း ပြည်ပ ဆရာဝန်ကြီးများ၏ အကူအညီဖြင့် စောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် ဒုတိယအကြိမ် အခမဲ့မျက်စိကုသစောင့်ရှောက်မှု ပြုလုပ်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

❍ ကျောဖုံးမှ

သံဃာတော်များ ပရိတ်ရွတ်ဖတ်သရဇ္ဈာယ်သည့် ဗညားလတ် သုံးထပ်သင်္ဘောဦးပိုင်းတွင် ငှက်ပျောပင်၊ ကြံပင်များ စိုက်ထူထားကာ ယခင်ရပ်နားသည့် နေရာတွင်မဟုတ်ဘဲ ရေပေါ်အမှတ်အသားပြုလုပ်ထားသော ဘောလုံးအနက်နှစ်လုံး အနီးတွင် သင်္ဘောရပ်နားထားသည့်အတွက် ယခင်နေ့များနှင့်မတူသော အပြင်အဆင်ကို တွေ့မြင်ရသောကြောင့် ထူးခြားမှုတစ်ခုရှိနေပြီဟု သုံးသပ်ဝေဖန်ကြခြင်းဖြစ်သည်။

အဆိုပါ အမှတ်အသားပြုလုပ်ထားသော ဘောလုံးအနက်နှစ်လုံး အလယ်သို့ မွန်းလွဲ ၁၂ နာရီ ၄၈ မိနစ်တွင် ဗညားလတ်သင်္ဘောမှ ပရိတ်ရွတ်ဖတ်သော သမ္ဗန်စက်လှေတစ်စင်း၊ ရေငုပ်အဖွဲ့ရေယာဉ်တစ်စင်းဖြင့်သာသနာ့အလံကို သမ္ဗန်တွင် စိုက်ထူကာ ထွက်ခွာလာခဲ့ပြီး ရေစစ်နေချိန်တွင် စတင်ရေငုပ်ကာ ဆရာတော်လေးပါးက သမ္ဗန်ခေါင်မိုးပေါ်မှ မေတ္တာပို့ပရိတ်ရွတ်ဖတ်၍ ထိုနေရာကို လှည့်လည်လျက်ရှိသည်။ မွန်းလွဲ ၁ နာရီခွဲတွင် ပင်လယ်ဝဘက်မှ မိုးမှောင်ကျလာပြီး လေတိုက်ခတ်လာကာ ရေပြင်တွင် လှိုင်းထန်လာခြင်းကြောင့် အနီးပတ်ဝန်းကျင်မှ ကြည့်ရှုနေသောစက်လှေများ ကမ်းသို့ ပြန်လည်ထွက်ခွာစဉ် ရန်ကုန်မြစ်ဝဘက်မှ ရွေ့လာသော မိုးရွာချလိုက်သည့်အတွက် မြစ်ဆုံတွင် လှိုင်းထန်၊ လေတိုက်၊ မိုးရွာလျက်ရှိသည်။ သို့သော်လည်း ပရိတ်ရွတ်ဖတ်နေသော စက်သမ္ဗန်ပေါ်မှ သံဃာတော်မှာ ဆက်လက်ရွတ်ဖတ်နေပြီး ရေငုပ်အဖွဲ့က ဘောလုံးအစိမ်းတစ်လုံးထပ်မံချည်နှောင်ကာ ရေပေါ်အမှတ်အသားအဖြစ်သတ်မှတ်လိုက်ပြီး ပဲခူးမြစ်အတွင်းသို့ စတင်ရေတက်နေ၍ မြစ်လယ်တွင် လှိုင်းထန်လျက်ရှိသည်။ အဆိုပါဖြစ်စဉ်များကို ပြည်ပသတင်းဌာနတစ်ခုမှ မှတ်တမ်းတင်လျက်ရှိပြီး ၁၀ မိနစ်ခန့်အကြာတွင် မိုးစဲသွားသော်လည်း လေတိုက်၍ လှိုင်းထန်လျက်ရှိပြီး ရေငုပ်အဖွဲ့များ ဆက်လက်၍ မြစ်အောက်သို့ အလှည့်ကျရေငုပ်လျက်ရှိသည်။

သာကေတဆိပ်ကမ်းတွင် ပရိသတ်များစည်ကားလျက်ရှိပြီး သွားရောက်ကြည့်ရှုလို သောသူများက မြစ်ပြင်သို့ အနီးကပ် ကြည့်ရှုကြကာ အချို့က မှန်ပြောင်းဖြင့်ကြည့်ရှုခြင်း၊ အဝေးမှ လှေ့လာခြင်းဖြင့် ဓမ္မစေတီခေါင်းလောင်းကြီး ရှာဖွေမှုကို စိတ်အားထက်သန်လျက်ရှိသည်။

ဓမ္မစေတီ ခေါင်းလောင်းကြီး ယခင်ဆယ်ယူမှုများကို စိတ်ဝင်တစားစောင့်ကြည့်ခဲ့ဖူးသော လမ်းမတော်သရက်တောအင်းဝကျောင်းမှ ဆရာတော်တစ်ပါးက "ယနေ့မြင်ရတာအားရတယ်။ သူတို့ဆယ်နေတာ အဆင်ပြေကြတယ်။ ဦးပဥ္စင်းလည်း ဒီလာကတည်းက မေတ္တာသုတ်၊ သမ္ဗုဒ္ဓေရွတ်လာခဲ့တာ၊ တို့မြန်မာတွေ ရကိုရရမယ်လို့ ယုံကြည်တယ်။ ဒါဟာ မြန်မာတင်မဟုတ်ဘူး။ ကမ္ဘာ့အမွေအနှစ်ပဲ။ နှစ်ပေါင်း ၄၀၀ ကျော်မှ ဆယ်ယူနိုင်ခဲ့ရင် မြန်မာကို ကမ္ဘာကအံ့ဩမှာ သေချာတယ်။ ရင်ထဲမှာလည်း ပီတိဖြစ်ရတယ်။ အတွင်းရေးမှူး(၁) ဆယ်တုန်းကလည်း ရှုခင်းသာကလှမ်းကြည့်ခဲ့ရတယ်။ အခုလို အနီးကပ်မြင်ခွင့်မရခဲ့ဘူး။ အခုလို မြင်တွေ့ရတာ အားရပါတယ်" ဟု ပျော်ရွှင်စွာ မိန့်ကြားသည်။

မည်သို့ဆိုစေ မြန်မာ့အမွေအနှစ်အဖြစ် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ရန် ဓမ္မစေတီခေါင်းလောင်းကြီးကို ဩဂုတ် ၁၃ ရက် ညနေ ၃ နာရီကျော်သည့်တိုင် ဆက်လက်ကြိုးစားရှာဖွေခဲ့ပြီး ယနေ့တွေ့ရှိထားသော ရေအောက်မှ အရာဝတ္ထုသည်လည်း မည်သည့်အရာဖြစ်ကြောင်းကို ဆယ်ယူရေးအဖွဲ့မှ ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

✳ ကျောဖုံးမှ

အသစ်ကြီး တည်ဆောက်နေပြီဖြစ်သည်။

ဖောက်လုပ်မည်

မူလကန်ကူးတံတားအဟောင်းနှင့် ကန်ကူးတံတားအသစ်တို့ ပေါင်းစပ်ပြီး တံတားပေါ်တွင် ယာဉ်သွားလမ်းအကျယ်မှာ ၄၈ ပေအထိ ကျယ်ဝန်းပြီး လေးလမ်းသွားအဖြစ် အသုံးပြုနိုင်ကာ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းသည် BOT လမ်းဖြစ်၍ တံတားသစ်အနောက်ဘက်ချဉ်းကပ်လမ်းကို မြတ်နိုးသူကုမ္ပဏီက ချဉ်းကပ်လမ်းအကျယ် ၂၃ ပေ၊ အလျား ပေ ၆၆၀ ကို တာဝန်ယူ ဖောက်လုပ်သွားမည်ဖြစ်သည်။

တည်ဆောက်နေ

မိတ္ထီလာ-ကျောက်ပန်းတောင်းသွားကန်ကူးတံတားသစ် တည်ဆောက်ရေးအတွက် ယခုအခါ ကန်အတွင်းတွင် ဘိုးတိုင်ပိုင်ရိုက်ခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ မိတ္ထီလာကန်ကူးတံတားသစ်ကြီးကို ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် သန်း ၆၀၀ အကုန်အကျခံ၍ တည်ဆောက်သွားမည်ဖြစ်သည်။ မိတ္ထီလာကန်ကူးတံတားသစ်ကြီးကို တံတားဆောက်လုပ်ရေးစီမံကိန်းအထူး အဖွဲ့ (၁၄) မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းအောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန်းအောင်တို့က ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ တံတားသစ်ကြီး တည်ဆောက်ရာတွင် မူလတံတားဟောင်း၏ တောင်ဘက်ရှိ စည်ပင်သာယာရေပေးစက်ရုံတစ်ရုံနှင့် မောင်နှမခုနစ်ဖော်နတ်နန်းတို့ကို သက်ဆိုင်ရာမှ ရွှေ့ပြောင်းပေးရမည်ဖြစ်သည်။ တံတားသစ်ကြီး တည်ဆောက်နေသဖြင့် မြို့သူမြို့သားများ ဝမ်းသာပျော်ရွှင်နေကြသည်။

❒ ရှေ့ဖုံးမှ

အား ရထားလက်မှတ်ခကို ခရီးစဉ်တစ်ခုအတွက် ငွေကျပ် ၄၀၀ မှ ၃၀၀ ကျပ်သို့လျှော့ပေါ့ကောက်ခံသွားမည်ဖြစ်ပြီး အသစ်ထပ်မံပြေးဆွဲမည့် Air Con RBE တွဲဆိုင်းများကိုလည်း ငွေကျပ် ၃၀၀ နှုန်းဖြင့်သာ ကောက်ခံသွားမည်ဖြစ်သည်။

ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် ဩဂုတ် ၁၆ ရက် Air Con RBE တွဲဆိုင်းအစားထိုးပြေးဆွဲပြီး နောက်ထပ်မကြာမီ Air Con RBE တွဲဆိုင်းတစ်ဆိုင်းကို ရထားအမှတ်(၉) အဆင့်မြင့်တွဲဆိုင်းနေရာတွင် အစားထိုးပြေးဆွဲသွားမည်ဖြစ်သည်။

ပြေးဆွဲသွားမည်

ယခင် ငွေကျပ် ၃၀၀ နှုန်းကောက်ခံပြေးဆွဲနေသော အဆင့်မြင့်တွဲဆိုင်းရထား အမှတ်(၉)နှင့်(ဂ) အား ငွေကျပ် ၂၀၀ နှုန်းဖြင့်သာ လျှော့ပေါ့ကောက်ခံသွားမည်ဖြစ်ပြီး အဆိုပါတွဲဆိုင်းနှစ်ဆိုင်းကို မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းပြေးဆွဲနေသော ရထားအမှတ်(ခ)နှင့်(သ) တွဲဆိုင်းများနေရာတွင် အစားထိုးပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန အရာထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၁၃

ပြန်ကြားရေးဝန်ကြီးဌာန၏ နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်(၁) အကောင်အထည်ဖော်မှုအဖြစ် အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး စုဝေးခန်းမ၌ ဖွင့်လှစ်သည်။ **(အောက်ပုံ)**

သင်တန်းတွင် ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာ အောင်ထွန်းသက်၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်တို့က အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် လုပ်ကိုင်ဆောင်ရွက်ရေး၊ ဒေသဆိုင်ရာ ကိစ္စရပ်များတွင် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် အရာထမ်း ၆၆ ဦး တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ပညာရှင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ဆက်လက်ဆွေးနွေးပို့ချသွားမည်ဖြစ်ကာ သင်တန်းကို ယနေ့မှ ဩဂုတ် ၁၅ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ယဉ်ကျေးမှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၁၃

ယဉ်ကျေးမှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အမှာစကား ပြောကြားရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဗိသနိုး၊ ဟန်လင်း၊ သရေခေတ္တရာ ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် တင်သွင်းနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရန် မိမိကိုယ်ကို မိမိပြုပျိုးထောင်ကြရမှာ ဖြစ်ကြောင်း၊ မိမိလုပ်ကိုင်ရသော အလုပ်ပေါ် စိတ်ပါဝင်စားပြီး ကျွမ်းကျွမ်းကျင်ကျင်ဖြစ်ရန် အရေးကြီးကြောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များ၊ အနာဂတ်မျှော်မှန်းချက်များကို ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဌာနအလိုက် တာဝန်ခံများက ၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်ဈေးအနီး၊ အထက်ပုဇွန်တောင်လမ်း၊ ပထမထပ်၊ အမှတ်(၇၃/၇၅)တွင် ပါတီရုံးချုပ်တည်ရှိသော **ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party)** သည် ယင်းပါတီ၏ တံဆိပ်ကိုဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီတံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party) ၏တံဆိပ်ပုံစံ

FEDERAL UNION PARTY
ဖက်ဒရယ်ပြည်ထောင်စုပါတီ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အလိမ္မာစာမှာရှိ

ဟသ်ာတ-လှိုင်သာယာရထားလမ်းပိုင်းမှ လှိုင်သာယာ-ညောင်တုန်း ရထားပြေးဆွဲမှုယာယီရပ်ဆိုင်းထားမည်

နေပြည်တော် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးကို ဆက်သွယ်၍ ဧရာဝတီမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားသော ဟသ်ာတ-လှိုင်သာယာ ရထားလမ်းကို ၂၀၁၄ ခုနှစ် မေ ၂၄ ရက်မှစတင်ဖွင့်လှစ်ပြေးဆွဲခဲ့သည်။

ဖြစ်ပေါ်ခဲ့

အဆိုပါ ရထားလမ်းဖောက်လုပ်စဉ်က ညောင်တုန်းနှင့်လှိုင်သာယာလမ်းပိုင်းတွင် ငါးကန်များ၊ ရေနက်ကွင်းများကို ဖြတ်သန်းဖောက်လုပ်ခဲ့ရာ ယခု မိုးရာသီအတွင်း ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးများတွင် မိုးရွာသွန်းမှုများခြင်းကြောင့် ရထားလမ်းတာပေါင်များ နိမ့်ကျွံမှုများ ဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်၍ ခရီးသွားလုပ်သားပြည်သူများလိုရာခရီးသို့ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းပိုင်းမြေနိမ့်ကျွံ ချို့ယွင်းမှုများ ဖြစ်ပေါ်နေသော လှိုင်သာယာ-ညောင်တုန်းလမ်းပိုင်းကို လိုအပ်သော ပြုပြင်မှုများ ဆောင်ရွက်နိုင်ရန် မိုးတွင်းကာလအတွင်း လှိုင်သာယာနှင့် ညောင်တုန်းလမ်းပိုင်းအား ရထားပြေးဆွဲမှု အစီအစဉ်များကို ယာယီရပ်ဆိုင်းထားမည်ဖြစ်သည်။ ဟသ်ာတ-လှိုင်သာယာလမ်းပိုင်းတွင် ဟသ်ာတ-ညောင်တုန်းလမ်းပိုင်းအား ယခင်ပြေးဆွဲမှုအတိုင်းဆက်လက်ပြေးဆွဲသွားမည်ဖြစ်ပြီး ညောင်တုန်း-လှိုင်သာယာလမ်းပိုင်းအား လမ်းပိုင်းပြုပြင်နေချိန်ကာလအတွင်း ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

(သတင်းစဉ်)

အ-သုံးလုံးရွှေရတု အကြို ဟောပြောဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၃

စက်တင်ဘာ ၈ ရက်တွင်ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အကြိုနှင့် ၁၉၆၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သော မြန်မာ့ "အ" သုံးလုံးစေတနာ့ဝန်ထမ်းလူထုလှုပ်ရှားမှုကြီး၏ ရွှေရတုအကြိုအဖြစ် ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၁၆ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီသီရိခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှီးဆော်ထား

၁၉၆၄-၁၉၈၄ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းပေါင်းစုံမှ အ-သုံးလုံးအဖွဲ့ဝင်ဟောင်းများ၊ ၂၀၁၃-၂၀၁၄ တက္ကသိုလ်ကောလိပ်ပေါင်းစုံမှ မျိုးဆက်သစ်စာတတ်မြောက်ရေးလုပ်အားပေး အဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသူများ မပျက်မကွက်တက်ရောက်ကြပါရန် စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့က နှီးဆော်ထားသည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

အသင်းများဖြစ်ပြီး အမှတ်ပေးဇယားထိပ်ပိုင်းတွင် ရပ်တည်နေသည့် အသင်းများဖြစ်သည်။

ပြင်ဆင်နေ

မြန်မာယူ-၁၆ အသင်းမှာ ဦးသန်းထိုက် ကိုင်တွယ်နေသည့် အသင်းဖြစ်ပြီး အာဆီယံယူ-၁၆ ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် အသင်းလည်းဖြစ်သည်။

Asia Champions Trophy ပြိုင်ပွဲဝင်ခဲ့သည့်အသင်းကို အခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယခုခြေစမ်းပွဲသည် မြန်မာကစားသမားများကို အတွေ့အကြုံကောင်းများ ရရှိစေမည့် ပွဲများလည်းဖြစ်သည်။

(မြန်မာ့အလင်း)

● ကျောဖုံးမှ

ရီးရဲမက်ဒရစ်အသင်းက စူပါဖလားကို ၂၀၀၂၊၂၀၁၄နှစ်ကြိမ်ရရှိခဲ့ပြီဖြစ်သည်။ ဖလားအများဆုံးရရှိထားသည့် အသင်းက အီတလီကလပ် အေစီမီလန်ဖြစ်ပြီး ငါးကြိမ်ရရှိထားသည်။ ဘာစီလိုနာက ဖလားလေးကြိမ် ရရှိထားသည်။ အင်္ဂလန်ကလပ် လီဗာပူးက သုံးကြိမ်ရရှိထားသည်။

ယူအီးအက်ဖ်အေစူပါဖလားရရှိသွားသော ရီးရဲမက်ဒရစ်အသင်းသားများ အောင်ပွဲခံနေစဉ်။

ပြည်တွင်းသတင်း

ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်သည် ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်၊ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်အတူ ဩဂုတ် ၉ ရက် ညနေ ၃ နာရီက နေပြည်တော် သုခသိဒ္ဓိရပ်ကွက် ဝန်ထမ်းအိမ်ရာ (ဘူးကွဲ) တိုက်အမှတ် (၄၃၄၀၊ ၄၃၄၁၊ ၄၃၄၂၊ ၄၃၃၄၊၄၃၃၆၊၄၃၃၇၊၄၃၃၈၊၄၃၃၉)တို့၌ နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း/အမှုထမ်းများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် မိုးရာသီကာလတွင် ရာသီပင်များ၊ သီးပင်/စားပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ဥရောပသံရုံးမှ ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံးမှ Programme Manager Mr. Vaclav SVEJDA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမသို့ လာရောက်၍ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သည်။

ပြည်ထောင်စု ရှေ့နေချုပ်က လက်ခံတွေ့ဆုံရာတွင် Mr.Vaclav SVEJDA အဖွဲ့မှ ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဥပဒေအရာရှိများအတွက် အနောက်နိုင်ငံများတွင် ပညာသင်ခွင့်အား EU က ထောက်ပံ့ပေးမည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုရှေ့နေချုပ်က ထိုပညာသင်ဆုတွင် ဥပဒေရေးရာတို့တွင် ဥပဒေစိစစ်ရေးကဏ္ဍ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ အာဆီယံရေးရာကဏ္ဍနှင့် တရားစွဲအမှုလိုက်ကဏ္ဍ၊ ဥပဒေအင်္ဂလိပ်စာကဏ္ဍများကိုပါ သင်ကြားပေးစေလိုပါကြောင်း၊ ယခင် ဖေဖော်ဝါရီလ၌ Senior Justice and Security Adviser ဖြစ်သူ Ms.Janice Drewe လာရောက် တွေ့ဆုံစဉ်ကလည်း ဥပဒေအရာရှိများ အင်္ဂလိပ်စာကျွမ်းကျင်ရေးအတွက် သင်ကြားရေးအထောက်အကူ ပံ့ပိုးကူညီပေးမည်ဟု ပြောကြားမှုရှိခဲ့ပါကြောင်းဖြင့် ပြန်လည်ပြောကြားခဲ့ပြီး နှစ်ဖက်ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မယင်းကြီးကျေးရွာအမက၌ အာဟာရကျွေးမွေး

နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးနယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးတိုးတက်ရေး ပရဟိတသာသနာပြုကျောင်း ဆရာတော် ဦးသုဇနနှင့် သာသနာပြုဆရာတော်များအဖွဲ့က ခေတ်အေးအုပ်စုအတွင်းရှိ မယင်းကြီးကျေးရွာ အမကနှင့် အင်းသာကျေးရွာ အမကရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အာဟာရဒါနကျွေးမွေးလှူဒါန်းခြင်းကို ဩဂုတ် ၈ ရက် နံနက်က မယင်းကြီး အမကကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အာဟာရဒါနကျွေးမွေးပွဲတွင် မယင်းကြီး အမကနှင့် အင်းသာ အမကတို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူပေါင်း ၃၀၀ ကျော်ရှိကြောင်း၊ ခေတ်အေးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မယင်းကြီး အမက ကျောင်းအုပ်ဆရာကြီးတို့၏ အကူအညီဖြင့် ယခုကဲ့သို့ စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ ခေတ်အေးအုပ်စုအတွင်းရှိ အခြားကျေးရွာများသို့လည်း အာဟာရဒါန ကျွေးမွေးခြင်းများ ဆက်လက်ပြုလုပ်ရန် အစီအစဉ်ရှိကြောင်း ဆရာတော်ဦးသုဇနက မိန့်ကြားသည်။

ထို့အပြင် ဆရာတော်အနေဖြင့် မယင်းကြီး အမကနှင့် အင်းသာ အမကကျောင်းများတွင် ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတများတိုးပွားလာစေရန်နှင့် ကမ္ဘာတစ်ဝန်းမှ နေ့စဉ်အဖြစ်အပျက်များ လေ့လာနိုင်ရန်အတွက် မြန်မာ့အလင်းသတင်းစာ တစ်နှစ်စာဖတ်ရှုရန် ငွေကြေးများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **မောင်လွင်(တပ်ကုန်း)**

မြန်မာပြည်မုတ်သုံရာသီခရီးစဉ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၃

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးကို အဘက်ဘက်မှ စီမံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသအလှအပများကို ဖော်ထုတ်မြှင့်တင်ရန်အတွက် "မြန်မာပြည် မုတ်သုံရာသီခရီးစဉ်"ဓာတ်ပုံပြပွဲပြိုင်ပွဲကို နေပြည်တော်၌ ကျင်းပမည့် ၂၀၁၄ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ပွဲနှင့်အတူ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ပေးထားသောခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ "မြန်မာပြည်မုတ်သုံရာသီခရီးစဉ်"ဆုများကို ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်းနှင့် နှစ်သိမ့်ဆု ၁၀ဆု ငွေကျပ် ၁၀ သိန်း(တစ်ဆုလျှင် ငွေကျပ်တစ်သိန်းစီ)ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဓာတ်ပုံများကို စက်တင်ဘာ ၅ ရက် ညနေ ၃ နာရီ နောက်ဆုံးထား ပေးပို့သွားရန်ဖြစ်သည်။ ပြိုင်ပွဲဝင် စည်းမျဉ်း၊ စည်းကမ်းများနှင့် အသေးစိတ်ကို ဒေါ်စုစု (လက်ထောက်ညွှန်ကြားရေးမှူး) ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရန်ကုန်မြို့ ဖုန်း ၀၁-၂၉၁၃၀၅သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့်ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၆ ရက်တွင် သာကေတ၊ ဒဂုံ(တောင်)၊ ဗိုလ်တထောင်၊ တာမွေ၊ ဒဂုံ(အရှေ့)၊ သင်္ဃန်းကျွန်း၊ ပန်းဘဲတန်း၊ လမ်းမတော်၊ လသာ၊ မရမ်းကုန်း၊ ကမာရွတ်၊ အလုံ၊ စမ်းချောင်း၊ ခရမ်း၊ ကျောက်တန်း၊ တံတား၊ သုံးခွ၊ တွံတေး၊ ကော့မှူး၊ သန်လျင်၊ အင်းစိန်၊ လှိုင်သာယာ၊ ထန်းတပင်၊ မင်္ဂလာဒုံ၊ တိုက်ကြီး၊ မှော်ဘီ၊ အင်းတိုင်၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၈ နာရီမှ မွန်းလွဲ ၁နာရီအတွင်းလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအတွင်းလည်းကောင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

ဩဂုတ် ၁၇ ရက်တွင် သင်္ဃန်းကျွန်း၊ ဒဂုံ(တောင်)၊ ဒဂုံ(အရှေ့)၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ မရမ်းကုန်း၊ ဒဂုံ၊ လမ်းမတော်၊ သုံးခွ၊ တံတား၊ တွံတေး၊ ခရမ်း၊ ကော့မှူး၊ ကျိုက်ထော်၊ လှိုင်သာယာ၊ မှော်ဘီ၊ အင်းတိုင်၊ ရွှေပြည်သာ၊ ထောက်ကြန့်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်းလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီ အတွင်းလည်းကောင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည် ဖြစ်ပါသည်။

ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှု စနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

လာအိုနိုင်ငံ အကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသားတစ်ဦးအား တာဝန်ရှိသူများထံ လွှဲပြောင်း

တာချီလိတ် ဩဂုတ် ၁၃

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ အကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသားတစ်ဦးကို မြန်မာနိုင်ငံ တာဝန်ရှိသူများထံသို့ လာအိုနိုင်ငံ၊ ဘော်ကဲယိုးပြည်နယ်၊ မိုင်းမောလေးနိုင်ငံ နယ်စပ်စစ်ဆေးဂိတ်၌ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက လွှဲပြောင်းလက်ခံစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီးနောက် ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အကျဉ်းထောင်တွင် ထိန်းသိမ်းခံရထားရသူ မြန်မာနိုင်ငံသားသည် ၂၀၁၃ ခု မတ်လအတွင်းက လာအိုနိုင်ငံမှ မော်တော်ယာဉ်ဖြင့် မလေးရှားနိုင်ငံသို့ သွားရာလမ်းတွင် လာအိုနိုင်ငံတာဝန်ရှိသူများက ကားပေါ်တွင်တက်ရောက်စစ်ဆေးရာ တရားဝင် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် ဖမ်းဆီးခံရပြီး လာအိုနိုင်ငံ ဗီယင်ကျန်းမြို့အကျဉ်းထောင်တွင် ဥပဒေအရ တစ်နှစ်၊ နှစ်လထိန်းသိမ်းခံခဲ့ရပြီး ဩဂုတ် ၈ ရက်တွင် ရက်စေ့ခဲ့ကြောင်း သိရသည်။

အကျဉ်းထောင်တွင် ထိန်းသိမ်းခံထားခံရသူ မြန်မာနိုင်ငံသား မောင်-----ကို လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံရုံး၊ သံမှူး ဒေါ်မြတ်သီတာအေးက လွှဲပြောင်းရေးကိစ္စလိုက်ပါဆောင်ရွက်ခဲ့ပြီး လာအိုနိုင်ငံဘက်မှ ဘော်ကဲယိုးပြည်နယ်၊ တုန်းဖိန်းမြို့နယ်၊ မိုင်းမောဆိပ်ကမ်း (မြန်မာ-လာအို-ထိုင်း-တရုတ်) လေးနိုင်ငံ စစ်ဆေးရေးဂိတ်မှ လူဝင်မှုကြီးကြပ်ရေးဦးစီးအရာရှိ ဟွန်ဖန်ခန့်သစန်း (Hom Phan Khan Tha Seng) က လွှဲပြောင်းပေးအပ်ခဲ့ရာ မြန်မာနိုင်ငံဘက်မှ တာချီလိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလွင်၊ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှ ဒုတိယ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသန့်ဇင်၊ အမှတ်(၈) နိုင်ငံခြားသားများ တရားမဝင် ဝင်ရောက်မှု ကာကွယ်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးစီးအရာရှိ ဦးဇော်မင်းမြင့်နှင့် အဖွဲ့ဝင်များ၊ အမှတ်(၂) စစ်ဘက်ရေးရာလုံခြုံရေးတပ်စုမှ တပ်စုမှူးဗိုလ်ကြီးကျော်မျိုးဝင်းနှင့် (TBC) မှ နယ်ခြားကော်မတီမြန်မာဘက်မှ လက်ခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

စစ် ကိုင်း တိုင်း ဒေသကြီး မုံရွာခရိုင် မုံရွာမြို့ စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးခန်းမ၌ ဩဂုတ် ပထမပတ် အတွင်း လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် မုံရွာမြို့ မြို့နယ် လျှပ်စစ် အင်ဂျင်နီယာ ဦးဝင်းနိုင်စိုးနှင့် ဝန်ထမ်းများက ပညာပေးဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် မြို့တွင်းလူစည်ကားရာနေရာများတွင်လည်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ခဲ့စဉ်။

နေလင်းအောင်(မုံရွာ)

စစ်ကိုင်းမြို့ တင်းတိပ်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

စစ်ကိုင်း ဩဂုတ် ၁၂

စစ်ကိုင်းမြို့နယ် တင်းတိပ်ကျေးရွာနေ ဦးသန်းဦး (၅၀နှစ်) နေထိုင်သော သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းအလျား ၂၁ ပေ၊ အနံ ၁၅ ပေရှိ အိမ်ကို ဩဂုတ် ၁၀ ရက် နံနက် ၂ နာရီခွဲက ရေခဲသေတ္တာ(ဆော့ကတ်) အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးရန်ပိုင်ဖြိုးနှင့် သန္ဓေမီးသတ် ရှစ်ဦး၊ အရန် မီးသတ် ၂၀ တို့က ကျေးရွာပြည်သူများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူနေအိမ်တစ်လုံး၊ အိမ်ရှိ ပရိဘောဂပစ္စည်းများနှင့် ကြက်ခြံအမိုးတစ်ခြမ်း ပျက်စီးဆုံးရှုံးပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ **မျိုးဝင်း**

မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၁၃

ဩဂုတ် ၁၂ ရက်ညနေ ၃ နာရီက မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် တောင်အင်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပွင့်ဖြူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ၎င်းကျေးရွာနေ မျိုးဝင်း (၅၉ နှစ်)၏ နေအိမ်တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ရွာသူရွာသားများက ဝိုင်းဝန်းငြိမ်းသတ်သဖြင့် မီးငြိမ်းသွားခဲ့ပြီး မီးပေါ့ဆစွာအသုံးပြုသူ မျိုးဝင်းအား ပွင့်ဖြူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ပြည်တွင်းသတင်း

အထူးကုဆေးရုံကြီး၏ အင်္ဂါရပ်နှင့်အညီ ပြည့်စုံမှုရှိ မရှိ ပြန်လည်သုံးသပ် နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးအဖြစ် အမြန်ဆုံးဖွင့်လှစ်နိုင်ရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၃

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်သည် ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိမြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံရာ အဖွဲ့ဥက္ကဋ္ဌပါမောက္ခဒေါက်တာနေဝင်းက အဖွဲ့၏ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့သည် ဆေးပညာလောက၏ အတွေ့အကြုံများစွာရှိသည့် ဆေးပညာရှင်ကြီးများဖြင့် ဖွဲ့စည်းထားသောအဖွဲ့ဖြစ်သဖြင့်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာအဆင့်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်လိုအပ်သည့် အကြံဉာဏ်များကို ဆရာကြီး ဆရာမကြီးများထံမှ အကူအညီများ ရယူလိုပါကြောင်း၊ ကျန်းမာရေး ဝန်ကြီးဌာနကလည်း မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့အတွက် လိုအပ်ချက်များကိုဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့များအား သက်ဆိုင်ရာရုံးများသို့ သွားရောက်တွေ့ဆုံပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များ၊ ပြုပြင်ပြောင်းလဲရန် လိုအပ်သည့်အချက်များ၊ နိုင်ငံ့အကျိုးအတွက်၊ ဆေးပညာလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်များအား ဘွဲ့ထူး၊ ဂုဏ်ထူးများပေးနိုင်ရန်ကိစ္စများကို ရှင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးက အထူးကုဌာနများအလိုက် ကုသမှုလုပ်ငန်းများဆောင်ရွက်မှုများ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် လိုအပ်ချက်များကို တင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက အထူးကုဆေးရုံကြီး၏ အင်္ဂါရပ်နှင့်အညီ ပြည့်စုံမှုရှိမရှိ ပြန်လည်သုံးသပ်ပြီး ပြုပြင်ဆောင်ရွက်ရန်ရှိသည်များ၊ လိုအပ်သည်များကို ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြရန်ဖြစ်ကြောင်းနှင့် ကုသရေး၊ သင်ကြားရေး၊ ဆေးဘက်ဆိုင်ရာအထောက်အကူပြုဌာနများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ နိုင်ငံတကာအဆင့်မီ အထူးကုဆေးရုံကြီးအဖြစ် အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း၊ အသည်းနှင့်သည်းခြေလမ်းကြောင်း ခွဲစိတ်ကုသပညာဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကုန်သည်/စက်မှုအသင်းချုပ်ရှိ ပုဂ္ဂလိကဆေးရုံများအသင်း အစည်းအဝေးခန်းမ၌ ပုဂ္ဂလိက အထူးကုဆေးရုံများမှ တာဝန်ရှိသူများအား တွေ့ဆုံရာတာဝန်ရှိသူများက မိမိတို့ဆေးရုံများအလိုက် ကုသမှုလုပ်ငန်း ဆောင်ရွက်ချက်များကို တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးကဆွေးနွေးပြောကြားရာတွင်ပုဂ္ဂလိကဆေးရုံများအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်မညစ်ညမ်းစေရေးနှင့် ရောဂါကူးစက်မှုမရှိစေရေးဆောင်ရွက်ရန်၊ ကျန်းမာရေးဝန်ကြီးဌာန၏ အရန်အင်အားများအဖြစ်ခံယူကာ နိုင်ငံတကာအဆင့်မီ ကုသမှုများဖြစ်ရေး ဆောင်ရွက်ရန်၊ ပြည်သူလူထုသက်သာချောင်ချိရေးအတွက် တစ်တပ်တစ်အားဝိုင်းဝန်းကြိုးစားဆောင်ရွက်ရန်နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့၏ သမိုင်းအမွေအနှစ်အဆောက်အအုံအဖြစ် မြို့တော်ခန်းမတွင် အပြာရောင်ကမ္ပည်းပြားပထမဆုံးတပ်ဆင်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ရှေးဟောင်းအဆောက်အအုံများကို ကမ္ပည်းများ တပ်ဆင်မှတ်တမ်းတင်သွားမည်ဖြစ်ရာ ပထမဦးဆုံးသော အပြာရောင်ကမ္ပည်းပြားကို မြို့တော်ခန်းမရှေ့၌ ဩဂုတ် ၉ ရက်နံနက် ၁၀ နာရီက တပ်ဆင်ခဲ့ကြသည်။ အများမြင်သာထင်သာ ကြည့်ရှုနိုင်ရန်အတွက် မဟာဗန္ဓုလကားလမ်းဘက်အဆောက်အအုံ မျက်နှာစာ ပလက်ဖောင်းအနီး တံခါးကွန်ကရစ်တိုင်၌ တပ်ဆင်ခဲ့ကြခြင်းဖြစ်သည်။

ကမ္ပည်းပေါ်၌ " မြို့တော်ခန်းမ ၁၉၂၅-၁၉၄၀၊ ၁၈၈၆ ခုနှစ်မှစ၍ မြူနီစီပယ် အုပ်ချုပ်မှုရုံးစိုက်ရာနေရာဖြစ်သည်။ မူလအနောက်တိုင်းလက်ရာတွင် မြန်မာဗိသုကာဟန်ပေါင်းစပ်ထည့်သွင်းထားသည့် ပထမဆုံးမြို့ပြအဆောက်အအုံဖြစ်ပြီး ဗိသုကာစည်သူဦးတင်၏ လက်ရာဖြစ်သည်" ဟု ဖော်ပြထားသည်။

တစ်နှစ်အတွင်း ထိုသို့သော ကမ္ပည်းပြားပေါင်း ၁၀၀ ကျော် တပ်ဆင်သွားမည်ဟု သိရသည်။ ဤကဲ့သို့ ရန်ကုန်မြို့ပြ အမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဆောင်ရွက်နိုင်ရန်အတွက် Royal Philips က အကူအညီပေးခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်အဖြစ် အပြာရောင်ကမ္ပည်းများ တပ်ဆင်ခြင်းနှင့်ပတ်သက်၍ ဧည့်လမ်းညွှန်တစ်ဦးဖြစ်သည့် ကိုဇေယျာထွန်းနိုင်က "မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအတွက် နိုင်ငံခြားဧည့်သည်တွေအတွက် အလွန်ကောင်းတဲ့အစီအစဉ်ပါ၊ ဒါတင်မကဘူး၊ ယနေ့လူငယ်တွေအတွက်လည်း သိပ်တန်ဖိုးရှိပါတယ်။ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတဲ့ အညွှန်းစာအုပ်လေးပါ ထွက်လာနိုင်ရင်တော့ ပိုပြီးအဆင်ပြေသွားနိုင်ပါတယ်" ဟု ဆိုခဲ့သည်။

ရန်ကုန်မြို့၌ အထင်ကရရှေးဟောင်းလက်ရာ အဆောက်အအုံများဖြစ်သည့် မြို့တော်ခန်းမ၊ ဗဟိုမီးသတ်၊ တရားလွှတ်တော်ရုံးချုပ်၊ ပြည်တွင်းရေကြောင်း အဆောက်အအုံ၊ မီးရထားရုံး၊ ဂန္ဒီဟော၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးစသည့် ရှေးဟောင်းအဆောက်အအုံ ၁၈၉ လုံးကို စနစ်တကျဖြင့် ယဉ်ကျေးမှုအမွေအနှစ်ကဲ့သို့ ထိန်းသိမ်းသွားမည်ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးက "ရန်ကုန်မြို့က မြန်မာနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးရဲ့ သမိုင်းအတွက် အရေးပါတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်၊ ဒါကို မြို့ပေါ်မှာရှိနေတဲ့ ဗိသုကာလက်ရာတွေက သာဓကပြနေပါတယ်၊ ထူးခြားတဲ့သမိုင်းရှိတဲ့ အဆောက်အအုံတွေ၊ ထင်ရှားကျော်ကြားသူတွေရဲ့နေအိမ်အပါအဝင်သမိုင်းအတွက် အရေးပါတဲ့ အဆောက်အအုံတွေမှာ အခုလို အပြာရောင်ကမ္ပည်းပြားတွေ တပ်ဆင်သွားမှာပါ" ဟုဆိုခဲ့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ်ရှိ အပန်းဖြေရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ အားကစားသမားများက သရုပ်ပြဖျော်ဖြေကြကာ ပြိုင်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပကြသည်။

(သတင်းစဉ်)

စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများမီးရှို့ဖျက်ဆီး

နောင်ချို ဩဂုတ် ၁၃

စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာဦးစီးသည့် ဌာနစုံပူးပေါင်းအဖွဲ့တို့သည် ဩဂုတ် ၉ ရက် နံနက်ပိုင်းက နောင်ချို-ကျောက်မဲလမ်းကြောင်းအတိုင်း ရှောင်ကွင်းလမ်းများကို စောင့်ကြည့်စစ်ဆေးရာ လမ်းဘေးတွင် ကွင်းလမ်းမှ သယ်ဆောင်ရန် စုပုံထားသော တစ်ဖက်နိုင်ငံထုတ် ကြက်အူချောင်း၊ ဝက်အူချောင်း၊ အေးခဲကြက်သားများကို တွေ့ရှိရပြီးနောက် ရှောင်ကွင်းလမ်းဘေးအနီးစုပုံထားရှိသော တရားမဝင်သစ်ပိတောက် ၃၈ ချောင်း၊ ပိတောက်သစ် သုံးတုံး စုစုပေါင်း ၀ ဒသမ ၅၂၃၈ တန်ကို တွေ့ရှိသိမ်းဆည်းရမိသည်။

သိမ်းဆည်းရမိသော ကြက်အူချောင်း ၄၃ ဖာ၊ ဝက်အူချောင်း သုံးအိတ်၊ အေးခဲ ကြက်သား ၁၀၅ ဖာ၊ တန်ဖိုးငွေကျပ် ၆၁၃၀၀၀၀ ခန့်ကို အများပြည်သူစားသုံးမိလျှင် အန္တရာယ်ဖြစ်နိုင်ခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်ခြင်း၊ စားသုံးရန်မသင့်သည့်အတွက် မီးရှို့ဖျက်ဆီးကြသည်။ ထို့နောက် သိမ်းဆည်းရမိသော ပိတောက်သစ်များကို မြို့နယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝ၆၁)

မြိုင်မြို့နယ်၌ မိုးပွင့်အဆင့်(၆)စီမံချက် ကွင်းဆင်းဆောင်ရွက်

မြိုင် ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်ဆွေနှင့်ဝန်ထမ်းများသည် မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ပန်းရွာအုပ်စု ရွာသစ်ဖျကျေးရွာအုပ်စုနှင့် အမှတ်(၁)ရပ်ကွက်တို့တွင် လူဦးရေစုစုပေါင်း ၄၅၂ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနိုင်ငံသားစိစစ်ရေးကတ်ပြားပြီးစီးမှု ပေးအပ်ပွဲကို ဩဂုတ် ၉ ရက် နံနက် ၁၁ နာရီက မြိုင်မြို့အမှတ်(၁)ရပ်ကွက် အထကကျောင်းခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစောဝင်း၊ ပခုက္ကူခရိုင်လဝကဦးစီးမှူး ဦးသိန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်နှင့် မြို့နယ်လဝကဦးစီးမှူး ဦးခင်ဆွေတို့က နိုင်ငံသားကတ်ပြားများကို ပေးအပ်ကြကြောင်း သိရသည်။

(၁၃၅)

သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက် နည်းပညာပေးဆွေးနွေး

ဖြူး ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ညောင်ပင်သာ စိုက်ပျိုးပညာပေးအထွက်တိုးစခန်း၌ ဩဂုတ် ၄ ရက် နံနက် ၁၁ နာရီခွဲက စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄) ချက် နည်းပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်အောင်ရှိန်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲမှူး၊ ညောင်ပင်သာဒေသ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စု ခုနစ်ခုမှ တောင်သူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်အောင်ရှိန်နှင့် ပညာပေးအဖွဲ့ဝင်များက သက်ဆိုင်ရာဘာသာရပ်အလိုက် တောင်သူများအား ပညာပေးခြင်း၊ အပြန်အလှန် ဆွေးနွေးခြင်းနှင့် တောင်သူများမှ မိမိတို့သိလိုသည်များ ပြန်လည်မေးမြန်းခြင်းကို ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား Asia Development Bank (ADB) ၏ Principal Economist, Dr. Armin Bauer ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၂ ရက်နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံပြီး ADB အနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဝင်ငွေနည်းပါးသည့် လူတန်းစားအားလုံးပါဝင်နိုင်သည့် စီးပွားရေးအခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည့် "Inclusive Business" များတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်နိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းတွင်သာ အဓိကလုပ်ကိုင်နေကြသည့်အတွက် ၎င်းတို့ကို အထောက်အပံ့ပြုနိုင်မည့် Agro-based Industry နှင့် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်အလုပ် လုပ်ကိုင်နေကြသည့် Migrate Worker များ နေရပ်ပြန်လာ၍ ပြည်တွင်း၌ လုပ်ကိုင်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည့် CMP ဆိုင်ရာ စက်မှုလုပ်ငန်းများကို ADB ၏ "Inclusive Business" ဖော်ဆောင်ရာတွင် ဦးစားပေးကဏ္ဍအဖြစ်ထည့်သွင်းစဉ်းစားရန်နှင့် မြန်မာနိုင်ငံ၏ "Industry Policy & Industry Planning" ရေးဆွဲရာတွင် ADB မှ ပူးပေါင်းဆောင်ရွက်ပေးရန်တို့ကို ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၈-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၅၈၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၅၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၅၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၃၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၆၀၀၀-၉၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၂
ဥရောပ	တစ်ယူရို	၁၃၂၅-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၅
ထိုင်း	တစ်ဘတ်	၃၀.၉-၃၂.၁၃
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၇၅၀၀-၁၇၈၀၀
ပေါ်ကွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၁၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၆၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၁၅-၁၅၂၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၀၀-၅၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၁၇၅၀
ကြက်သွန်ဖြူ(ကြက်ဥတက်)	တစ်ပိဿာ	၁၃၆၅-၁၃၇၅
အာလူး(ရှမ်း)	တစ်ပိဿာ	၃၃၀-၆၈၀
ရေတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၄၅၀-၂၅၀၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၅၀၀
သကြား	တစ်ပိဿာ	၉၃၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တက္ကသိုလ်တွင် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ပြည် ဩဂုတ် ၁၃

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၊ ပြည်ခရိုင် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်ခရိုင်တို့မှ ပူးပေါင်းကြီးမှူးကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက်တွင် ပြည်တက္ကသိုလ် သီတာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းထွန်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ခရိုင် ရဲတပ်ဖွဲ့မှူးကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦးက မှုခင်းကျဆင်းရေးနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အကြောင်းကို လည်းကောင်း၊ အတွင်းရေးမှူး ဦးရဲထွန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေ၏ ထူးခြားချက်များကို လည်းကောင်း၊ ဆရာဝန်ကြီး ဒေါက်တာ ဦးကျော်ကျော်ဝင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများနှင့် ကျန်းမာရေး ပြဿနာများကို လည်းကောင်း၊ ဒုတိယရဲမှူး ဝင်းသိန်းက လူကုန်ကူးမှုဆန့်ကျင်တားဆီး ဟန့်တားရေးအကြောင်းကို လည်းကောင်း၊ ဒုတိယရဲမှူး ဝင်းနိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည်များကို လည်းကောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁၇)(ပြည်) ဒုရဲမှူး ရွှေသာထွန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ၊ ဆိုးကျိုးအကြောင်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အကြောင်းအရာများကို ပရိဂျက်တာဖြင့် ဟောပြောခဲ့ကြသည်။ **(၁၇၈)**

ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများလှူဒါန်း

သထုံ ဩဂုတ် ၁၃

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ရှိ ကျိုက္ကော၊ သိမ်ဆိပ်၊ တောင်ကြားရပ်ကွက်များနှင့် အနီးဝန်းကျင်ကျေးရွာများမှ ရေဘေးဒဏ်ခံ အိမ်ထောင်စု ၈၅၀ တို့ကို ငွေကျပ် သိန်း ၂၀၀ နီးပါး တန်ဖိုးရှိ ဆန်၊ဆီ၊သောက်ရေသန့်၊ အဝတ်အထည်နှင့် အခြားအခြေခံစားသောက်ကုန်များကို သိမ်ဆိပ်တိုက်နယ် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့နှင့် ဝံသာနုရက္ခိတ အသင်းတို့မှ ဦးဆောင်၍ အခြားသော အလှူရှင်များနှင့် စုပေါင်းကာ ဩဂုတ် ၁၂ ရက်က ကျိုက္ကောရပ်ကွက်၊ ဓမ္မဒူတသုခိတာရုံကျောင်းတိုက်တွင် ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ အနီးဝန်းကျင်ကျေးရွာများမှ လူနေအိမ်များနှင့် ရေတွင်းရေကန်အတော်များများပါရေလွှမ်းမိုးခဲ့ရာ ရေအတွက်အခက်အခဲများရှိနေပြီး တာဝန်ရှိသူများက ရေသန့်ဆေးများ လာရောက်ခပ်ပေးထားသော်လည်း သုံးရေနှင့်ချိုးရေများအဖြစ်သာ သုံးစွဲဝံ့ကြောင်း၊ ယခုကဲ့သို့ ထောက်ပံ့လှူဒါန်းပေးကြသည့်အတွက်လည်းများစွာ အားရကျေနပ်မိပါကြောင်း၊ ကျိုက္ကောရပ်ကွက်မှ ကိုအောင်နိုင်စိုးက ပြောသည်။ ရေဘေးဒဏ်ခံပြည်သူများအား ဆန် ၂၃၃ တင်း၊ ဆီပိဿာ ၄၅၀၊ အဝတ်အထည်ဘေထုပ်ကြီး အထုပ် ၅၀၊ အလှူငွေကျပ် သိန်း ၆၀၊ ကျောင်းသုံးဗလာ စာအုပ်များ၊ ရေသန့်ဘူးများ၊ ခေါက်ဆွဲခြောက်များနှင့် အခြားအခြေခံစားသောက်ကုန်များကို လှူဒါန်းပေးခဲ့ပြီးယခုကဲ့သို့ ထပ်မံလှူဒါန်းနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိမ်ဆိပ်တိုက်နယ်အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။ **သက်ဦး(သထုံ)**

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ အမှတ် ၇၁ဟု ခေါ်တွင်သော အဆောက်အအုံ၏ ဒုတိယထပ်၊ အကျယ်အဝန်းပေ (၂၅×၃၇)ရှိသော တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသည့် ရေ၊ မီးအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူထားရှိသူ ဦးမင်းသူ ၁/မကန(နိုင်)၀၃၈၆၂၂၏ကိုယ်စား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာသူ ဒေါ်အိအိချော ၅/ခဥန(နိုင်) ၀၈၀၁၂၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း (စဉ်-၆၀၈၂) B.A , H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ် (အေ-၅)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ ဦးပိုင်အမှတ် ၁၇၅(က)၊ ချမ်းမြသာစည်ရပ်ကွက်၊ အကွက်အမှတ် ၁၇(ပြည်တော်သာရပ်)၊ မြေကွက်အမှတ် ၂၂၇၊ မြေဧရိယာ ၀ ဒသမ ၀၈၄ ဧကသည် ၂၀၀၂/၂၀၀၃မြေငှားဂရန်အမှတ် ၂၈၆အရ ဒေါ်ခင်နန်းဖြူ(ခ) စောနန်းရူပါဦး ၁၃/တကန(နိုင်)၁၃၇၆၅၈နှင့် ဒေါ်ခင်နန်းမူ(ခ)စောနန်းသဇ္ဇာဦး ၁၃/တကန(နိုင်)၁၃၇၆၅၉တို့၏အမည်ဖြင့် နှစ်၃၀ မြေငှားဂရန်ရရှိထားသော မြေကွက် ဖြစ်ပါသည်။

တောင်ကြီးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂၈-၈-၂၀၁၂ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၂၄၃အရ ဒေါ်ခင်နန်းဖြူ(ခ)စောနန်းရူပါဦးနှင့် ဒေါ်ခင်နန်းမူ(ခ) စောနန်းသဇ္ဇာဦးတို့က ၎င်းတို့ပိုင်အထက်ပါမြေကွက်နှင့်မြေကွက်ပေါ်ရှိနေအိမ်ဥပစာ အကျိုးခံစားခွင့်အရပ်ရပ်အား လွှဲပြောင်းရောင်းချပိုင်ခွင့်လွှဲပေးထားသူ ဦးကျော်ဇေယျ ၁၃/တကန(နိုင်)၀၇၃၇၉၃ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေပေးထားပြီးဖြစ်၍ အထက်ပါမြေကွက်ဥပစာနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်၊ ပတ်သက်စပ်ဆိုင်ခွင့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာရုံးတော်တွင် အပြီးအပိုင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သက်ဆိုင်သူအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသာထွန်း(B.A, R.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၁)
အမှတ် ၂၀၂၊ ဥက္ကာ ၇လမ်း၊
(ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၀၁-၉၆၉၉၄၈၄၊ ၀၉-၄၂၁၁၃၉၃၅၇

ဒေါ်ဝတ်ရည်ဝင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၈၂၁၅)
အမှတ် ၁-က၊ မေဓာဝီလမ်းမ၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်

ပျောက်ဆုံးကြောင်း

ကျွန်မ မီမီ ၁၂/မဂတ(နိုင်)၀၁၃၆၂၉ ၏ နိုင်ငံကူးလက်မှတ်(ပတ်စ်ပို့)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၂၀၁၈၄၃၂

ပျောက်ဆုံးခြင်း

ကျွန်တော် အောင်မြတ်စိုး ၁၂/ဗဟန(နိုင်) ၀၉၈၅၁၇ EDH ကတ်ပြားအမှတ် No-7281/12 ပျောက်သွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

အောင်မြတ်စိုး ၁၂/ဗဟန(နိုင်)၀၉၈၅၁၇

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်/အရှေ့ရပ်ကွက်၊ စမုံလမ်း၊ အမှတ်(၂၂/၂၄)ဟုခေါ်တွင်သော ခြောက်ထပ်ကွန်ဒိုအဆောက်အအုံ၏ မြေညီထပ် အခန်းအမှတ်(စီ)၊ ပေ (၂၅×၆၀)အကျယ်အဝန်းရှိ ထပ်ခိုးပါ တိုက်ခန်းနှင့်တကွ ဆက်သွယ်အသုံးပြုထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၂၃-၈-၂၀၁၀ ရက်စွဲပါ မိသားစုအကျိုးခံစားခွင့်မှ မိသားစုအမွေအဖြစ် သားချင်းတစ်စုခွဲဝေပေးအပ်ခြင်း စီမံမှုသဘောတူ ကတိစာချုပ်ကို အထောက်အထားပြုပြီး ပိုင်ဆိုင်သူဖြစ်သော ဦးကျော်လှစိန် ၁၂/ဒဂန(နိုင်)၀၀၂၉၀၁ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလိမ္မော် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄)

ဦးမျိုးသူအောင်(စဉ်-၄၂၂၁၀)၊ ဦးဝေယံဦး(စဉ်-၄၂၂၂၇)
အထက်တန်းရှေ့နေများ

အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၄၊ ကွင်းအမှတ် ၁၁၁၅၊ ဦးပိုင်အမှတ် (၂၉/၁)ဦးဌေးမြင့်နှင့် ဦးဝင်းနိုင်ပိုင်လယ်ဧကထဲမှ နှစ်ဧကအား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သိန်းခင်က ဒေါ်အေးအေးရီနှင့် ဒေါ်ကြွယ်ကြွယ်တိုးတို့အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်၍ ဤလယ်မြေနှင့်ပတ်သက်မှုများရှိ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုအပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(၁) ဒေါ်အေးအေးရီ ၁၂/ဗဟန(နိုင်)၀၄၇၇၅၇
(၂)ဒေါ်ကြွယ်ကြွယ်တိုး ၁၂/ဗဟန(နိုင်)၀၇၈၆၈၁
ဖုန်း-၀၉-၇၃၁၃၇၄၈၃၊ ၀၉-၄၅၀၀၀၉၆၉၀၊ ၀၉-၂၅၄၄၁၃၆၃၁

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၅၁၆၊ မြေကွက်တည်နေရာအမှတ် ၅၁၆၊ သုမိတ္တာ ၁၄ လမ်း ဒေါ်စန်း ၁၂/ဥကမ(နိုင်)၀၃၄၈၂၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်စန်း၊ ဖခင် ဦးဘိုးကြည် ကွယ်လွန်သဖြင့် ဦးခင်မောင်ဝင်း ၁၂/ဒဂန(နိုင်)၀၁၁၇၆၂ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၀၁၂/၁၄(၃-၇-၁၄)ဖြင့် ရရှိသူ ဦးမောင်မောင်မျိုးညွန့် ၁၂/ဥကမ(နိုင်)၂၁၅၂၇၂မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပခုက္ကူလမ်းနှင့် စကားဝါ(၁)လမ်းထောင့်၊ အမှတ်(၁၉၆/က) ပေ(၂၀×၆၀)ရှိ ဦးမြင့်လွင် အမည်ပေါက် မြေချပါမစ်အား စာချုပ်အဆင့်ဆင့်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးရဲကျော် ၉/သစန(နိုင်)၁၀၃၆၀၃မှ အပိုင်ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်တော် ဦးသန်းနိုင်ဦး ၁၂/မရက(နိုင်)၀၀၀၉၇၂ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသန်းနိုင်ဦး
အမှတ်(၄၂၀)၊ ဓမ္မစေတီလမ်း၊ (၈)ရပ်ကွက်၊ ကမ္ဘာအေးစာတိုက်
မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉ ၄၃၀၉၁၉၁၄

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၁၈၉၀၊ ၆ခ/၈၄၆၇ တို့၏ ဖောင်းကြွနံပါတ်ပြားများပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားများပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ပို့ဆောင်ရေးဝန်ကြီးဌာန အရာထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန အရာထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၁ ရက် ညနေ ၄ နာရီက မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဟံစိန်က ဝန်ထမ်းများအား ခေတ်နှင့်လိုက်လျောညီထွေပြီး စွမ်းဆောင်ရည်မြင့်မား၍ လျင်မြန်ထိရောက်သော နည်းလမ်းများဖြင့် လုပ်ငန်းဆောင်ရွက်တတ်စေရန် ယခုသင်တန်းများကို ဖွင့်လှစ်ပို့ချရခြင်း ဖြစ်ကြောင်း၊ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာပြီး အဆင့်အလိုက် တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အညီ လုပ်ဆောင်တတ်စေမည်ဖြစ်ကြောင်း၊ တာဝန်သိမှုအပိုင်းတွင် မိမိလုပ်ရမည့် လုပ်ငန်းတာဝန်ကို သိရှိပြီး မည်သူကမျှ မစေခိုင်းဘဲ မိမိအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ခြင်း၊ တာဝန်ယူမှုအပိုင်းတွင် မိမိဆုံးဖြတ်ဆောင်ရွက်သည့် ကိစ္စအဝဝအပေါ် တာဝန်ရှိမှုဖြင့် ဥပဒေနှင့်ညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်တတ်မည်ဖြစ်ကြောင်း။

ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ရုံးလုပ်ငန်းစနစ်များ သွက်လက်မြန်ဆန်လာစေရန်၊ ရုံးလုပ်ငန်းလုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်တတ်စေရန်၊ စီမံရေးရာ၊ ဝန်ထမ်းရေးရာ၊ ဘဏ္ဍာရေးရာ လုပ်ငန်းများကို နားလည်တတ်ကျွမ်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်တတ်စေရန် သင်ကြားပို့ချပေးမည်ဖြစ်သည့်အတွက် သင်တန်းတွင် သင်ကြားပို့ချဆွေးနွေးမည့် ဘာသာရပ်များကို စိတ်ဝင်စားစွာ မှတ်သားလိုက်နာကြရန် မှာကြားအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ကံမမြို့၌ မြစ်ကမ်းပါးမြေပြိုခြင်းကြောင့် လူနေအိမ်များ ရွှေ့ပြောင်းခဲ့ရ

ကံမ ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့တွင် မြစ်ကမ်းတစ်လျှောက် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးမြေပြိုခြင်းများ ဆက်တိုက် ဖြစ်ပွားခဲ့သည်။ နွေရာသီရေနည်းကာလမှစတင်၍ မြစ်ကမ်းပါးမြေပြိုခြင်းများ ဖြစ်ပွားခဲ့ရာ ကံမမြို့ အမှတ် (၃)ရပ်ကွက် မဒေးဝရပ်တွင် လူနေအိမ်များနှင့် နီးကပ်လာသဖြင့် နေအိမ်ရှစ်လုံးရွှေ့ပြောင်းခဲ့ပြီး ယခုမိုးရာသီ ရေများကာလတွင် မြေပြိုခြင်းများ ထပ်မံဖြစ်ပွားခဲ့သဖြင့် လူနေအိမ် ၁၁လုံး ထပ်မံ၍ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။ **(ယာပုံ)**

ကျော်ဇေယျဝင်း(iprd)

ထွက်ပြေးတိမ်းရှောင်နေသူအား မိသားစုဝင်များက အပ်နှံ

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အလယ်ရွာကျေးရွာနေ ဒေါ်မြင့်စန်းသည် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးစိုးလွင် (၅၄ နှစ်)နှင့် တူဖြစ်သူ မင်းအောင် (၃၂ နှစ်)တို့ကို အလယ်ရွာ အနော်ရထာလမ်းပေါ်၌ လဲကျနေသည်ကို ဇူလိုင် ၁၅ ရက် ည ၈ နာရီကတွေ့ရပြီး လှိုင်သာယာဆေးရုံသို့ တင်ပို့ကုသခဲ့ရာ ခင်ပွန်းဖြစ်သူမှာ မျက်ကွင်းညိုမည်းဒဏ်ရာဖြင့် သတိလစ်နေပြီး တူဖြစ်သူတွင်လည်း နှာခေါင်းနှင့်ဝဲနားတို့၌ ဖူးရောင်ဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိရသည်။

၎င်းတို့နှစ်ဦးမှာ ဒဏ်ရာများ မသက်သာသဖြင့် အင်းစိန်ဆေးရုံသို့ ဇူလိုင် ၁၆ ရက်တွင် လွှဲပြောင်းကုသခဲ့ရာ ခင်ပွန်းဦးစိုးလွင်မှာ ယင်းနေ့ည ၈ နာရီ ၄၅ မိနစ်တွင် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့၍ စုံစမ်းရာ တစ်ရွာတည်းနေ ကရင်(ခ)ဇာနည်ထွန်းဆိုသူက ၎င်းတို့နှစ်ဦးကို လက်သီးဖြင့်ထိုးခဲ့ရာ ခင်ပွန်းဖြစ်သူလဲကျသွားစဉ် ကွန်ကရစ်လမ်းနှင့် ဦးခေါင်းတို့ဆောင့်မိခဲ့၍ ဒဏ်ရာရရှိ သေဆုံးခြင်းဖြစ်ကြောင်း တိုင်တန်းချက်အရ လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

လှိုင်သာယာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် မိသားစုများ၊ ဆွေမျိုးများနှင့်တွေ့ဆုံ၍ စည်းရုံးပြောဆိုခဲ့ရာ ထွက်ပြေးတိမ်းရှောင်နေသူ ကရင်(ခ)ဇာနည်ထွန်းကို မိသားစုများက စုံစမ်း၍ ဩဂုတ် ၉ ရက်က လှိုင်သာယာမြို့နယ် အလယ်ကျေးရွာ အုပ်ချုပ်ရေးမှူးထံသို့ ပို့ဆောင်အပ်နှံခဲ့သဖြင့် အမှုဖြင့် ဖမ်းဆီးစစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ဆေးရာမှ ခိုးမှုဖော်ထုတ်နိုင်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ အုပ်ချုပ်မှုအကူတပ်ခွဲ မှုခင်းအကူဌာနစုမှ ဌာနစုမှူး ရဲအုပ်ညိုပု၏ ကြီးကြပ်မှုဖြင့် ရဲအုပ်အောင်ကိုကို၊ ရဲတပ်ကြပ်ကြီးနေဦး၊ ရဲတပ်ကြပ်ထွန်းမင်းဇော်နှင့် အဖွဲ့သည် ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းအတွင်း ခိုး၊ ဆိုး၊ နှိုက် တရားခံများ၏ သတင်းစုံစမ်းဆောင်ရွက်နေစဉ် ရွှေထည်ပစ္စည်းများလိုက်လံရောင်းချနေသည့် မသင်္ကာသူ ကောင်းထက်ဦး (၂၁နှစ်)စစ်ဆေးရာ ပိုင်ဆိုင်ကြောင်း အထောက်အထားတင်ပြနိုင်ခြင်းမရှိ၍ ကောင်းထက်ဦးကို ဒေါပုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

၎င်းကို အသေးစိတ်စစ်ဆေးရာ ဩဂုတ် ၁ ရက် ညနေ ၅ နာရီက ဒေါပုံမြို့နယ် လမုတန်းရပ်ကွက် ရာဇသင်္ကြန်လမ်း တစ်အိမ်တည်းအတူနေ ဦးလေး ဦးဇော်သိန်းနေအိမ်မှ ငွေကျပ် ၁၈ သိန်းရှိ ရွှေအိတ်အား ခိုးမှုဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

ကျင်းထုံခြင်ဆေးခွေများ ဈေးကွက်အတွင်းရောင်းချနေဆဲ

ရန်ကုန် ဩဂုတ် ၁၃

အများပြည်သူများ သုံးစွဲရန်မသင့်သည့် အန္တရာယ်ရှိ ကျင်းထုံခြင်ဆေးခွေများကို သက်ဆိုင်ရာမှ ဈေးဆိုင်များသို့ လိုက်လံစစ်ဆေးသိမ်းဆည်းမှုများ ပြုလုပ်နေသော်လည်း ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် အဆိုပါ ကျင်းထုံခြင်ဆေးခွေများကို ဈေးကွက်တွင် ရောင်းချဆဲဖြစ်ကြောင်း ဩဂုတ် ၁၀ ရက်က မြင်တွေ့သိရှိခဲ့ရသည်။

ပြည်သူများအသုံးပြုနေကြသော ခြင်ဆေး ကာကွယ်ဆေးများတွင် ကျင်းထုံအမည်ရှိ ခြင်ဆေးခွေမှာ အန္တရာယ်ရှိ၍ အများပြည်သူများ သုံးစွဲရန်မသင့်သဖြင့် တာဝန်ရှိသူများက အဆိုပါခြင်ဆေးခွေများကို ဈေးဆိုင်များတွင် လိုက်လံစစ်ဆေး၍ သိမ်းဆည်းနေသော်လည်း ဝယ်ယူသူတစ်ဦးက“အန္တရာယ်ရှိတယ်လို့တော့ပြောတာပဲ၊ ဒါပေမယ့် ကျင်းထုံခြင်ဆေးခွေက အခြားခြင်ဆေးခွေတွေထက် သုံးစွဲရတာ ပိုပြီး ခြင်တွေကိုပြေးစေတယ်”ဟု ပြောသည်။

ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်ရှိ ဈေးဆိုင်တစ်ဆိုင်မှ ဈေးရောင်းသူတစ်ဦးက “အခြားနေရာတွေမှာတော့ ကျင်းထုံခြင်ဆေးခွေတွေကို လိုက်သိမ်းနေတယ်လို့ပြောတယ်။ ကျွန်တော်တို့ဘက်တော့ မလာသေးဘူး”ဟုပြောသည်။

ကျင်းထုံခြင်ဆေးခွေများသည် အများပြည်သူများအတွက် အန္တရာယ်ရှိပြီး သုံးစွဲရန်မသင့်ဟုဆိုပါက မြို့နယ် အတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်း၊ ဈေးဆိုင်များကို တစ်ဆိုင်မကျန် လိုက်လံစစ်ဆေးသိမ်းဆည်းမှုများ ပြုလုပ်သင့်ကြောင်း ပြည်သူများထံမှ ကြားသိရသည်။

(၁၅၅)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ပေါက်မြို့နယ် သာယာဝတီလမ်း အမှတ်(၁၃) ရပ်ကွက် အမှတ်(၁၇)(B-2) နေ ဒေါ်သန်းသန်းအေး(၁၂/ပတန(နိုင်)[illegible])၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာ လိုက်ပါသည်။ ဒေါ်သန်းသန်းအေးသည် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ မှတ်ပုံတင် စာချုပ်အမှတ်- [illegible]/၂၀၁၄ ဖြင့် အောက်ပါဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

Ytalk

၎င်းကုန်အမှတ်တံဆိပ်ကို တယ်လီဖုန်းအမျိုးမျိုးနှင့် မိုဘိုင်း(Mobile)တယ်လီဖုန်းများ သုံးစွဲရာတွင် အသုံးပြုရသော ခဲခြစ်ငွေဖြည့်ကတ်များ၊ ကွန်ပျူတာအမျိုးမျိုးတွင် (Software) အသုံးပြု၍ ခေါ်ဆိုရသော နိုင်ငံတကာဖုန်းခေါ်ဆိုမှုကတ်များ (International Calling Cards) ငွေတန်ဖိုးများပါဝင်ပြီး နိုင်ငံခြားသို့ တိုက်ရိုက်ခေါ်ဆိုနိုင်သော Y talk Account Cards၊ Y talk Recharge Cards အစရှိသဖြင့် Telecommunication Service နှင့်ပတ်သက်သော [illegible]

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းအေးတစ်ဦးတည်းမှပိုင်ဆိုင်သုံးစွဲသွားမည်ဖြစ်သည့် [illegible] ဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

အသိစေမှုစေရ ဦးခင်မောင် (မရမ်းကုန်း)

(စဉ်-၉၂၂၈)

တိုက်(၂)၊ အခန်း(၁၃) [illegible] မရမ်းကုန်းမြို့နယ်၊

[illegible]



မိခင်အမည်မှန်

အထက (၂)၊ ကမာရွတ် တတိယတန်း(A)မှ မသွန်းရွှေရည်သာ၏ မိခင် အမည်မှန်မှာ ဒေါ်ဟန်နီထွန်း ၁၂/စခန(နိုင်)၀၇၀၅၆၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အထက(၇)၊ မြောက်ဥက္ကလာပ၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်သန်းဆိုင်ဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစိန်အောင်ကြည် ၃/လဘန(နိုင်)၀၂၀၁၀၂ ဖြစ်ပါကြောင်း။

ကြော်ငြာ

စိမ်းလဲ့အောင် Luxury Condominium



- Pile Foundationဖြင့်တည်ဆောက်ထားခြင်း။
- ပါကေး၊ ဆီလင်နှင့်အခန်းတိုင်း လေအေးပေးစက်များ တပ်ဆင်ထားသော Full Decoration ပါရှိခြင်း။
- ရေကူးကန်၊ ရေပူရေအေးစနစ် ၊ရေသန့်စင်စနစ်များနှင့် အားကစားခန်းမများ ပါရှိခြင်း။
- Internet, CCTV , PABX, Video Intercom, TV Socket, (Satellite/ Skynet/ 5 Movies)များ ပါရှိခြင်း။
- တစ်အိမ်ကားတစ်စီးနှုန်းရပ်နားနိုင်ပြီး လုံလောက်လုံခြုံသော ကားပါကင်များ ပါရှိခြင်း။
- (၂၄)နာရီ မီးပေးစနစ်၊ တစ်အိမ် မီတာ (၂)လုံး၊ YESP နှင့် Gen;တပ်ဆင်ထားခြင်း။ မီးသတ်စနစ်ပါရှိခြင်း။
- သာရေးကော်မတီအတွက် ကျပ်သိန်း(၃၀၀) မတည်ငွေနှင့် (၂၄)နာရီ လုံခြုံရေးစနစ် ပါရှိခြင်း။
- ကွန်ဒို ပတ်လည်နှင့်အနီးအနားတွင် Sedona Hotel, Micasa Hotel ,ဂမုန်းပွင့် Shopping Mall, Marina Apartment, အင်းယားကန်ဟိုတယ်နှင့်လေကောင်းလေသန့်ရရှိသော အင်းယားကန်ဘောင် ရှုခင်းများအား ခံစားနိုင်ခြင်း။

အမှတ်(၁၈-က)၊ စိမ်းလဲ့မေရိပ်သာလမ်း၊ (၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။

(40)လ၊ (40)ရစ် ပေးသွင်းရုံဖြင့် စုပေါင်းမြေပိုင်ဆိုင်မှုပေးသော မြေပိုင်မြေပေါ်တွင် သားစဉ်မြေးဆက် ပိုင်ဆိုင်နိုင်ရန် တည်ဆောက်ထားသော Luxury Condominium တစ်ခန်း ရရှိနိုင်ပါသည်။

Archi - Dr. Aung Seasar

ဆက်သွယ်ရန် လိပ်စာ

အမှတ်(၈၂-က)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၈)မိုင်၊ မရမ်းကုန်း
Ph: 09 8636580, 09 425014590, Hot Line : 01 652509
Email : import@familyunitedpower.com

iGREEN Construction Co., Ltd.
အမှတ်(၃၀) ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
01-531478 ,0931641538 ,0931787394 ,0931342007
www.igreen-construction.com

WIN EMPIRE

ဓမ္မစကူးလ်ကျောင်းတော် (မယ်ဆိုင်)ဖွင့်

တာချီလိတ် ဩဂုတ် ၁၃

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ဓမ္မစကူးလ်ကျောင်းတော် (မယ်ဆိုင်) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ(မြောက်ပိုင်း) မယ်ဆိုင်မြို့ ပီးယားဖောင်ဒေးရပ်ကွက် ၌ကျင်းပရာ ရှေးဦးစွာ သံဃာတော်များက မြန်မာ-ထိုင်းနှစ်ဘာသာဖြင့် ဩဝါဒကထာ မြွက်ကြားတော်မူပြီး တာချီလိတ်မြို့နယ် ဓမ္မစကူးလ် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကျော်သိမ်း၊ မယ်ဆိုင် ဓမ္မစကူးလ်ကျောင်းတော် ဥက္ကဋ္ဌ ဦးမျိုးနှင့် တာဝန်ရှိသူများက ဓမ္မစကူးလ်ကျောင်းတော် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် ဓမ္မစကူးလ် ကျောင်းသား ကျောင်းသူလေးများက ဓမ္မတေးသံသာများဖြင့် သီဆိုပူဇော်ကြကာ ဓမ္မစကူးလ်ကျောင်းတော် (မယ်ဆိုင်)ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဓမ္မစကူးလ် ဖောင်ဒေးရှင်းက ကျောင်းသား ကျောင်းသူလေးများ အသိလိမ္မာ တိုးပွားရေးအတွက် ဓမ္မစကူးလ် ကျောင်းတော်များကို ၂၀၁၂ ခုနှစ်မှစတင်ကာ မြန်မာပြည် တစ်နံတစ်လျား ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ တာချီလိတ်ဒေသအတွင်း ၂၀၁၃ ခုနှစ် ဩဂုတ်လမှ စတင်ပြီး ဓမ္မစကူးလ်ကျောင်းတော်များကို ဖွင့်လှစ်ခဲ့ရာ တစ်နှစ်တာကာလအတွင်း တာချီလိတ်၊ မိုင်းယောင်း၊ မိုင်းယု၊ တာလေ၊ မိုင်းဖြတ်၊ ကျိုင်းတုံမြို့များ အထိ ကျောင်းပေါင်း ၂၀ အထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နေ မြန်မာနိုင်ငံသားများ၏ ဆန္ဒအရ ၂၁ ကျောင်းမြောက် ဓမ္မစကူးလ်ကျောင်းတော်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်ကာ ထိုင်းနိုင်ငံအတွင်း ပထမဆုံးဖွင့်လှစ်သော ဓမ္မစကူးလ်ကျောင်းတော်ဖြစ်ကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

ဒီမိုကရေစီနေ့ကျင်းပရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၁၃

၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် (D)ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးနှင့် ကျင်းပရေးဗဟိုကော်မတီဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးဌေးဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကို ယခင်နှစ်များကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အခမ်းအနားကျင်းပရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုနှင့်လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး လုပ်ငန်းကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီ၊ စာတမ်း၊ မှတ်တမ်းနှင့် ပြန်ကြားရေး လုပ်ငန်းကော်မတီ၊ လုံခြုံရေး ကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးဌေးဦးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ယခင်နှစ်များကဲ့သို့ ဒီမိုကရေစီနေ့ဆိုင်ရာ စာတမ်းဖတ်ပွဲများဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စစ်ကိုင်းမြို့နယ်၌ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု စွမ်းရည်မြင့်မားရေးသင်တန်းဆင်း

စစ်ကိုင်း ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် နယ်စပ်ရေးရာဝန်ကြီးဌာန ဖွံ့ဖြိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဩဂုတ် ၈ ရက် ညနေ ၃ နာရီက British Council နှင့် ပူးပေါင်းဖွင့်လှစ်သည့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု စွမ်းရည်မြင့်မားရေးသင်တန်းဆင်းပွဲကိုကျင်းပရာ ပါမောက္ခချုပ်ဦးစိုးတင့်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ British Council မှ သင်တန်းနည်းပြသူနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးစိုးတင့်က အမှာစကားပြောကြားပြီး British Council မှ သင်တန်းနည်းပြသူ ဦးအေးကြူက သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။ ဆက်လက်၍ ဖွံ့ဖြိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဦးစိုးတင့်က British Council မှ သင်တန်းနည်းပြများသို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု စွမ်းရည်မြင့်မားရေးသင်တန်းသို့ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမ ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ငါးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မိုးရာသီငါးမျိုးစိုက်ထည့်ပွဲ ပြည်တက္ကသိုလ်၌ကျင်းပ

ပြည် ဩဂုတ် ၁၃

ပြည်တက္ကသိုလ် သတ္တဗေဒဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ ပူးပေါင်း၍ မိုးရာသီငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ပြည်တက္ကသိုလ်ဝင်းအတွင်း၌ ဩဂုတ် ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်ထွန်းအောင်က အမှာစကားပြောကြားပြီး သတ္တဗေဒဌာနမှ မဟာသိပ္ပံကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်ထွန်းအောင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာညွန့်စိုးနှင့် သတ္တဗေဒပါမောက္ခဌာနမှူး ဒေါက်တာဝင်းစန်းဝေ၊ ပါမောက္ခဌာနမှူးများ၊ ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးမှူးဦးဌေးဝင်းနှင့် ကျောင်းသား ကျောင်းသူများက တီလားပီးယားငါးမျိုး အကောင်ရေ ၃၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(ဝ၄၃)**

အရာထမ်းများ စွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၃

သာသနာရေးဝန်ကြီးဌာန နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave)အရာထမ်းများ စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းအမှတ်စဉ်(၂)ဖွင့်ပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီက သာသနာရေးဝန်ကြီးဌာန (ရုံးခွဲ)ရန်ကုန်တွင် ကျင်းပရာ သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာသန့်ဇင်နိုင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းသို့ သာသနာရေးဝန်ကြီးဌာန(ရုံးခွဲ)ရန်ကုန်ရှိ အရာထမ်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၃ ရက်အထိ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၉၀၃၄၉၊ Kenbo Dream 110၊ ဆိုင်ကယ်လက်ဝယ်ရှိသူ သဲတွဲမြို့၊ စိမ်းကိန်းရပ်ကွက်နေ ဦးလှနိုင်အေး ၁၁/ရသန(နိုင်)၀၃၈၀၂၁၄ (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ်၆င/၆၆၇၀ အီဆူဇူ လိုက်ထရပ် ယာဉ်လက်ဝယ်ရှိသူ တောင်ကုတ်မြို့ ရွာမရပ်ကွက်နေ ဦးခင်မောင်ချို ၁၁/တကန(နိုင်)၀၅၀၀၀၀၀ (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၁၁၇၂၃ Dayang 125 ယာဉ်လက်ဝယ်ရှိသူ ဦးဆွေဝင်း ၅/ဝလန(နိုင်)၀၈၁၂၇၉၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့

ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄/၁၄၇၇ ထရက်တာကြီး B၂ လက်တွန်းထွန်စက်(တို) တောင်ကုတ်မြို့ တိုင်ရပ်ကွက်နေ ဦးသိန်းနိုင် ၁၁/တကန(နိုင်)၀၀၈၀၉၁ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ဃ/၆၈၆၅ Toyota Mark II ယာဉ်လက်ဝယ်ရှိသူ ဦးတင့်လွင် ၁၃/နခတ(နိုင်)၀၀၆၃၇၄၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ တောင်ကြီး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၄၃၉၂ Zhineng 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသီရိမာမ်း ၉/မဟမ(နိုင်)၀၂၂၆၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၈၂၉၆ New XAnbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၉/ကပတ(နိုင်)၁၉၄၃၃၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃယ/၉၀၃၁၊ လော်ကျားခရိုင် 110ဆိုင်ကယ်လက်ဝယ်ရှိသူ သဲတွဲမြို့၊ အမှတ်(၁) ရပ်ကွက်နေ ဦးဖြိုးလေးဝင်း ၁၁/သတန(နိုင်) ၀၇၂၂၇၈ မှ (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၈၆၅၄ ဟွန်ဒိုင်း Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ တောင်ကုတ်မြို့ ရိုးရွာသစ်ရွာရပ်ကွက်နေ ဦးဝင်းလွင် ၁၁/တကန(နိုင်)၀၇၂၆၅၈က(ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၉၂၁၃ Kenbo Dream 110 ဆိုင်ကယ်လက်ဝယ်ရှိသူ သဲတွဲမြို့၊ တလင်းဆိပ်ရွာ ရပ်ကွက်နေ ဦးဝင်းရွှေ ၁၁/သတန(နိုင်)၀၂၀၁၂၄၉ (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဓ/၁၁၆၃ (Shan star SS/01)ယာဉ်လက်ဝယ်ရှိသူ ဦးလုံပေါင် ၄/တနန(နိုင်)၀၁၀၀၁၁ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(ကလေးမြို့)

ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ်၁ဟ/၈၈၄၁ Lifan 175 သုံးဘီးလက်ဝယ်ရှိသူ သဲတွဲမြို့ နွားခြံရပ်ကွက်နေ ဦးဝင်းနိုင် ၁၁/သတန(နိုင်)၀၂၆၉၇၂ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၆၁၃၉ Lifan 175 သုံးဘီးလက်ဝယ်ရှိသူ သဲတွဲမြို့ လင်းသီ ရပ်ကွက်နေ ဦးအေးမင်းသူ ၁၁/သတန(ယ)၀၀၄၅၁၂၈ (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

လူပျောက်ကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ သမင်အင်းကုန်းကျေးရွာအုပ်စု၊ သူဌေးကုန်းရွာနေ (ဘ)ဦးအောင်မျိုးလွင်၊ (မိ)ဒေါ်သူဇာဦး၏သမီး မနှင်းအိသူ အသက်(၁၇)နှစ်သည် အဘွားဒေါ်တင်ဝင်းနှင့် အတူနေထိုင်စဉ် ၈-၈-၂၀၁၄ ရက် နံနက်တွင် နေအိမ်မှပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ ဆက်သွယ်အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ ဖြားယောင်းသွေးဆောင်ထားသူရှိပါက ဥပဒေအရအရေးယူမည်။ ဒေါ်တင်ဝင်း၊ သူဌေးကုန်းရွာ

ဖုန်း-၀၉-၃၁၇၅၆၈၉၆၊ ၀၉-၂၅၀၅၅၁၆၃၄

ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၉၈၀၁၁ ဟွန်ဒါဒရင်း ဆိုင်ကယ်လက်ဝယ်ရှိသူ သဲတွဲမြို့၊ ဒါရာဝတီမြို့သစ်ရပ်ကွက်နေ ဦးဝင်းနိုင် ၁၁/ဗသန(နိုင်)၀၃၁၁၃၅ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ပြည်နယ်ရုံး(စစ်တွေ)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၁၆၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ကလေး)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ရေနံချောင်းဒီဂရီကောလိပ်၌ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကျင်းပ

ရေနံချောင်း ဩဂုတ် ၁၃

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ရေနံချောင်းဒီဂရီကောလိပ်၏အထူးပြုဘာသာရပ်အလိုက် ကာယဗလမောင်နှင့်ကာယအလှမယ်ပြိုင်ပွဲကို ကောလိပ်ပတ္တမြားခန်းမ၌ ဩဂုတ်၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ အခမ်းအနားသို့ ကျောင်းအုပ်ကြီး ပါမောက္ခဒေါက်တာမောင်မောင်နိုင်၊ ရေနံချောင်း စက်မှုလက်မှု သိပ္ပံကျောင်းအုပ်ကြီး ဒေါက်တာကျော်ကျော်မြင့်၊ ဘာသာရပ်ဌာနမှူးများနှင့် နည်းပြဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အားပေးခဲ့ကြသည်။ ကာယဗလ မောင်ပြိုင်ပွဲတွင် မောင်ထက်ဝင့်လှိုင်(ပထမ)၊ မောင်ထွန်းဝဏ္ဏအောင်(ဒုတိယ)နှင့် မောင်မျိုးသူအောင်(တတိယ)တို့ရရှိသည်။ ကာယအလှမယ်ပြိုင်ပွဲတွင် မအေးယုမွန်(ပထမ)၊မစပယ်လှိုင် (ဒုတိယ)၊ မချိုနှင်းရည် (တတိယ)တို့ ရရှိသည်။ ဂုဏ်ပြုဆုများကို ဒေါက်တာမောင်မောင်နိုင်၊ ဒေါက်တာခင်မာသန်း၊ ဒေါက်တာသန်းထွန်းနှင့် ဒေါက်တာဟေမာသိန်းတို့က ချီးမြှင့်ခဲ့ကြသည်။

မွန်မွန်လှ

မြို့နယ်ရဲတပ်ဖွဲ့များသို့ အချုပ်ယာဉ်များဖြန့်ဝေလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်ရှိသည့် အချုပ်ယာဉ်၊ ယာဉ်ဟောင်းများအား နိုင်ငံတကာအဆင့်မီ အချုပ်ယာဉ်များဖြင့် အစားထိုးဖြည့်ဆည်းပေးရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အချုပ်ယာဉ်များ ဝယ်ယူခဲ့ရာ အသစ်ရောက်ရှိလာသော အချုပ်ယာဉ်များကို မိမိနိုင်ငံအခြေအနေနှင့်အညီ အသင့်အသုံးပြုနိုင်ရေးအတွက် အမျိုးသား၊ အမျိုးသမီးခွဲခြားချုပ်နှောင်ရန် သံဆန်ခါများကာခြင်း၊ ဘေးတန်းခုံများ ပြုပြင်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ရောက်ရှိလာသော အချုပ်ယာဉ်များကို နေပြည်တော်ရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် နယ်စပ်မြို့ကြီးများသို့ ခွဲဖြန့် ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ အသင့်ပြုပြင်ပြီးသည့် ယာဉ်များအနက် ဩဂုတ် ၇ ရက်က နေပြည်တော်ရဲတပ်ဖွဲ့သို့ လေးစီး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ ၁၅ စီးထုတ်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၌ နိုင်ငံတကာအဆင့်မီ အချုပ်ယာဉ်သစ်များ အစားထိုးနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဖြည့်ဆည်းပေးသွားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းများ ရှင်းလင်းဆွေးနွေး

မော်လမြိုင် ဩဂုတ် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းသည် မွန်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်နှင့်အတူ မွန်ပြည်နယ်အတွင်းရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ပြည်နယ်ဦးစီးမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်အရာထမ်းတာဝန်ခံများနှင့် ဩဂုတ် ၇ ရက် နံနက် ၁၀နာရီက မော်လမြိုင်မြို့ မြန်မာ့နှစ်ရှည်ပင်များအသုံးချသုတေသနဌာန၌ တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းများနှင့် ပတ်သက်၍ရှင်းလင်းဆွေးနွေးပွဲကျင်းပသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်က ဆွေးနွေးပြီး ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးကြကာ ဒုတိယဝန်ကြီး ဦးအုန်းသန်းက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားကြောင်း သိရသည်။

(ပြည်နယ် စိုက်/ဘဏ်)

ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ သဃ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့သင်တန်းခန်းမ၌ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စိုင်းဝင်းအေး၊ သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သဃ်န်းကျွန်းမြို့နယ် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်ဝေနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ နည်းပြအရာရှိများနှင့် သင်တန်းသားအခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၁၆ ဦးတို့တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စိုင်းဝင်းအေးက အမှာစကား ပြောကြားကာ သင်တန်းကို ဩဂုတ် ၁၁ ရက်မှ ဩဂုတ် ၂၂ ရက်အထိ ဖွင့်လှစ်၍ စာတွေ့လက်တွေ့ပေါင်းစပ် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

စိုးဝင်း(SP)

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက လက်ပံတန်းမြို့နယ် ညောင်ဝိုင်းကျေးရွာရှိ မီးလင်းရေးထရန်စဖော်မာ၌ ကျင်းပရာ ညောင်ဝိုင်းကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနား ဆိုင်းဘုတ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဘေဘီအုန်း၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးရဲမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟနှင့် ညောင်ဝိုင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှဌေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရာ ညောင်ဝိုင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှဌေးက စက်ခလုပ်နှိပ်၍ လျှပ်စစ်ဓာတ်အား စတင်လွှတ်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဘေဘီအုန်းတို့က အမှာစကားပြောကြားကြသည်။

နေ့လယ်ပိုင်းတွင် ဒုတိယဝန်ကြီးသည် လက်ပံတန်းမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ မြို့မိမြို့ဖများ၊ ကျေးရွာများမှ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များအား တွေ့ဆုံသည်။

ယင်းမှတစ်ဆင့် ဒုတိယဝန်ကြီးသည် လက်ပံတန်းမြို့(၂)လမ်း မြို့မရပ်ကွက်ရှိ မြို့နယ်ခန်းမကြီးသို့ ရောက်ရှိစစ်ဆေးသည်။ အဆိုပါ ခန်းမကြီးမှာ နှစ်ပေါင်းများစွာကြာမြင့်အောင် ပျက်စီးယိုယွင်းလျက်ရှိရာ ယခုအခါ နိုင်ငံတော်မှ မတည်ငွေ ၃၇၂ သိန်းနှင့် လက်ပံတန်းမြို့မှ စေတနာရှင် အလှူရှင်ဖြစ်သည့် ဒေါက်တာဒေါ် ခင်မြတ်လွင်က လှူဒါန်းငွေကျပ်သိန်း ၃၀၀ စုစုပေါင်း ကျပ်သိန်းပေါင်း ၆၇၂ သိန်းတို့နှင့် အသစ်ပြန်လည်ပြုပြင်မွမ်းမံခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မွေးနေ့ဆုတောင်း

ကျေးဇူးရှင် ချစ်မေမေ ဒေါ်နုနုရီ တရားလွှတ်တော်ရှေ့နေ၏ ၁၀-၈-၂၀၁၄ ရက် (ဝါခေါင်လပြည့်နေ့)တွင်ကျရောက်ခဲ့သော အသက်(၆၀)ပြည့် မွေးနေ့မင်္ဂလာ စိန်ရတုမှသည် ၇၅ နှစ် ဒုတိယစိန်ရတု၊ ၉၀ နှစ် နဝရတ်ရတုတိုင်အောင် မွေးနေ့ပေါင်းများစွာကို ချစ်ခင်ပွန်း၊ ချစ်သား၊ ချစ်သမီးများနှင့်အတူ ဆင်နွှဲနိုင်ပြီး ကျန်းမာချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးများကို ဆတက်ထမ်းပိုးရွက်ဆောင်နိုင်သောသူဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ချစ်ခင်ပွန်း - ဦးလှမြင့်၊ မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)၊ ရေတာရှည်မြို့
ချစ်သားကြီး - ဦးသန်းထိုက်အောင်၊ လက်ထောက်မန်နေဂျာ၊ မြန်မာ V ပိုင်ကုမ္ပဏီ၊ ရန်ကုန်မြို့
ချစ်သမီးလတ် - ဒေါ်နှင်းယုဝေ၊ အထက်တန်းရှေ့နေ၊ ရေတာရှည်မြို့
ချစ်သားငယ် - ကိုကျော်ကျော်ဝေ၊ 1st Year History

မိဘအမည်မှန်

လားရှိုးမြို့၊ အထက(၆) တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ဇင်ကိုဦး၏ ဖခင်အမည်မှာ ဦးကြည်လင်၊ မိခင်အမည်မှာ ဒေါ်မြို့ခင်ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(G)မှ မောင်ဉာဏ်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၉/နထက(နိုင်)၀၉၆၁၈၆ ဖြစ်ပါသည်။

ဦးသိန်းထွန်း

အမည်မှန်

ကျောက်မဲမြို့၊ အမှတ်(၈)ရပ်ကွက် နယ်မြေ(၄)နေ ဦးကျော်သန်း၏သမီး တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသူ မမီမီအောင်၏ အမည်မှန်မှာ မမီမီကျော်၁၃/မငန(နိုင်)၀၀၈၁၈၀ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ညောင်ပင်သာရွာ၊ အထက နဝမတန်းမှ မရွှေနှင်းဆီ၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၅/ရဘန(နိုင်)၀၁၅၀၄၂ ဖြစ်ပါသည်။

ဦးထွန်းထွန်းဦး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေကွက်အမှတ် ပ-၃၄၅၁၇၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက၊ မြေကွက်တည်နေရာ မြေကွက်အမှတ် ပ-၃၄၅၁၇၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့ရှိ ဒေါ်ခင်မျိုးရီအမည်ပေါက် နှစ် ၃၀ အငှားဂရန် မြေကွက်အား ဒေါ်ခင်မျိုးရီ ၁၂/ရကန(နိုင်)၁၅၁၈၄၉(ဘ)ဦးတင်အောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၇၈၃၇၃ Yinxiang -110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီဝင်း ၉/ပမန(နိုင်)၂၅၄၁၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်)

အမည်ပြောင်း

မကွေးမြို့၊ တည်ဆောက်ရေး (၃) ဆည်မြောင်းစက်မှုရုံးဝင်းမှ ဦးအေးဝင်း၏ သမီး မခင်ပြည့်ဖြိုးသျှန်အား မကြည်ဇင်ညို ဟုပြောင်းလဲခေါ်ပါရန်။

မကြည်ဇင်ညို

အမည်ပြောင်း

ဦးမောင်သန်း(ခ) ဦးချိုသန်း၏ သမီး ဝမ်းတွင်းမြို့နယ်၊ သဘွတ်ကုန်းစံပြကျေးရွာ အထက(ခွဲ) တတိယတန်းမှ မအင်ကြင်းမိုးအား မအေးကမ္ဘာဟု ပြောင်းလဲခေါ်ဆိုပါရန်။

မအေးကမ္ဘာ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄-E၊ မြေကွက်အမှတ် ၂၆၁၊ မြေကွက် တည်နေရာအမှတ် ၂၁၊ ၁၆၄လမ်း၊ တာမွေကြီး(ခ)ရပ်ကွက် (ဦးထွန်းအောင်)အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းအောင် ၁၂/တမန(နိုင်)၀၇၆၁၅၃[ကိုယ်စား SP ၁၀၆၄၀/၂၇-၉-၂၀၁၀]အား တင်ပြ၍ ဦးမာမက်အီစမိုင် ၁၂/တမန(နိုင်)၀၀၁၀၆၃မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းရှိ ၂၀၁၀ခုနှစ်တွင် ဦးထွန်းအောင် ထုတ်ယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် မြေပုံမူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာဖြင့် တင်ပြလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(မြို့သစ်-ခ)၊ မြေကွက်အမှတ် (၁၇၄/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၈၈/ခ)၊ ၆ လမ်း၊ မြို့သစ်(ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ ဦးမြအောင် အမည်ပေါက် နှစ် ၆၀ မြေငှား ဂရန်မြေအား အမည်ပေါက် ဦးမြအောင်ကွယ်လွန်သဖြင့် ဇနီး ဒေါ်ကျင်မှီ ၁၂/အစန(နိုင်)၀၃၇၉၀၁မှ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေး စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၃၁၆၆၊ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးစံထွန်း ၁၀/သဖရ(နိုင်)၀၉၇၅၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

မိဘအမည်မှန်

အထက(၁) မြဝတီမြို့၊ တတိယတန်း(က)မှ မရွှေပိုးအိ၏ဖခင် အမည်မှန်မှာ ဦးကျော်ဇင်ဦး ၁၂/ရကန(နိုင်)၀၆၄၂၀၈ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်နှင်းဝေထွန်း ၁၂/ရကန(နိုင်) ၀၇၀၆၉၃ ဖြစ်ပါသည်။

ဦးကျော်ဇင်ဦး-ဒေါ်နှင်းဝေထွန်း

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၂၁၅၆၁ KENBO-100 ယာဉ်လက်ဝယ်ရှိသူဒေါ်သူဇာနွယ် ၈/မဘန(နိုင်)၀၆၆၉၀၇က (ကမ-၃)ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး (မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးတင့်ထွန်းအောင် ၁၂/အလန(နိုင်)၀၃၄၀၃၀၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဦးတင့်ထွန်းအောင်
ဖုန်း-၀၉-၇၃၁၂၄၃၂၂၊ ၀၉-၄၂၈၁၁၆၄၄၂

ဈေးကွက်သို့ လာမည့်နှစ်ပတ်တာကာလအတွင်း အရောက်ပို့နိုင်ရန် နှမ်းများအခြောက်လှန်း၍ အစေ့ရိုက်ခြွေခြင်းများ ဆောင်ရွက်လျက်ရှိ

စစ်ကိုင်း ဩဂုတ် ၁၃

ဂျုံပင်လယ်ဟုယခင်က တင်စားခေါ်ဝေါ်ခဲ့သော ဗန်းကြီးနယ်မြေဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ပုလဲမြို့နယ်နှင့်ဆားလင်းကြီးမြို့နယ်တို့တွင် တောင်သူများစိုက်ပျိုးထားသည့် နှမ်းမှာအထွက်ကောင်း၍ ယခုအခါတလင်းပြင်တွင် နေပူလှန်းကာ နှမ်းစေ့ခြွေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဈေးကွက်သို့လာမည့် နှစ်ပတ် ၁၄ ရက်အတွင်း အရောက်ပို့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးဒေသတစ်ဝိုက်ကအခင်းအားလုံးနီးပါးလောက် နှမ်းစိုက်ကြတာ အားလုံးနီးပါးအရများကြပါတယ်။ အခုအခြေအနေအရဆိုရင် တစ်ဧကကိုနှမ်း ၁၀ တောင်းကနေ ၁၅ တောင်းကြားထွက်ကြတော့ ပိဿာနဲ့တွက်ရင်တော့ နှမ်းတစ်တောင်းကို ၁၅ ပိဿာရှိတယ်။ အဲဒီတော့ တစ်ဧကကို နှမ်းပိဿာ ၁၅၀ နဲ့ ၂၀၀ ကျော်လောက်ထွက်ရှိပါတယ်။ ဒါတောင် ဒီနှစ်မိုးအလွန် နည်းတဲ့အတွက် ဆည်ရေနဲ့သာ ဒီလောက်ရတာပါ။ မိုးကိုပဲ မျှော်ပြီး လုပ်ကိုင်ရရင်တော့ ဒီလောက်ရဖို့မလွယ်ပါဘူး။ ဆည်ရေရနေလို့သာ ဒီနှစ်စိုက်ပျိုးတဲ့သူတွေ အဆင်ပြေတယ်ပြောရမယ်။ မြေအောက်ရေကလည်း ချိုတဲ့အထိ တူးဖို့ မလွယ်တော့ ထွက်တဲ့ရေကငန်နေတဲ့အတွက် စိုက်ရေပျိုးရေမှာသုံးလို့ မရပါဘူး။ ဆည်ရေကတော့ စိုက်တဲ့သူတွေ စိုက်ခင်းထဲ အလျှံမပြတ်အောင်ရနေတော့ နှမ်းအရများကြတာပေါ့" ဟု ယင်းမာပင်မြို့နေ နှမ်းစိုက်တောင်သူတစ်ဦးက ပြောပြသည်။

ပုလဲမြို့နယ် ကျေးရွာကိုးရွာဖြင့် ဖွဲ့စည်းထားသော မင်းတိုင်ပင်စံပြကျေးရွာအုပ်စုတွင် နှမ်းစိုက်ဧကမှာ ကျန်သည့်စပါး၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါတို့အတွက် စိုက်ဧကများသောကြောင့် နှမ်းအရအထွက်လည်းများပြားကြောင်း၊ အဆိုပါကျေးရွာကိုးရွာတွင် စပါးစိုက်ဧကမှာ ၁၈၈၀၊ ပဲတီစိမ်းစိုက်ဧကမှာ ၁၀၀၊ ပဲစင်းငုံစိုက်ဧကမှာ ၁၆၀၊ ဝါစိုက်ဧကမှာ ၃၀၀ ရှိပြီး နှမ်းစိုက်ဧကမှာ ၂၀၀၀ ရှိရာ နှမ်းစိုက်ဧကအားလုံး အောင်မြင်၍ အထွက်နှုန်းမှာလည်း များပြားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

မြန်မာလူမှောင်ခိုဂိုဏ်းအား မဲဆောက်မြို့တွင် ဖမ်းဆီးရမိ

မဲဆောက် ဩဂုတ် ၁၃

ထိုင်း-မြန်မာနယ်စပ် တာ့ခ်ခရိုင် မဲဆောက်မြို့၌ အသက်မပြည့်သေးသူများပါဝင်သော မြန်မာမိန်းကလေးများအား လူကုန်ကူးရောင်းချနေကြသည့်အတွက် လူကုန်ကူးဂိုဏ်းတစ်ခုကို ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

ဖြစ်စဉ်အရ မဲဆောက်မြို့ မယ်ပရပ်ကွက် ပန်ဆဝမ်ဟိုတယ်တွင် ထိုင်းနိုင်ငံ ထောက်လှမ်းရေးအဖွဲ့မှ အရပ်ဝတ်ဖြင့် ဧည့်သည်ယောင်ဆောင်ပြီး မိန်းကလေးများအား ခေါ်ယူခဲ့ရာမှ အဆိုပါလူကုန်ကူးဂိုဏ်းကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း နယ်မြေအတွင်း မိန်းကလေးများကို ပြည့်တန်ဆာအဖြစ် ရောင်းချမှုများရှိနေကြောင်း သတင်းအရ ကြိုတင်စီမံထောက်လှမ်းပြီး လူကုန်ကူးဂိုဏ်းကို ဖမ်းဆီးရမိခဲ့ကြောင်းဖြင့် တာ့ခ်ခရိုင် လဝကရဲမှူးကြီး ဖုန်းနခွန်းနခွန်းဆန်တိဖပ်က ဩဂုတ် ၇ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများကို ပြောကြားခဲ့ကြောင်း သတင်းမှ ဖော်ပြချက်အရ သိရသည်။

ဖြစ်စဉ်မတိုင်မီက ထိုင်းထောက်လှမ်းရေးတပ်ဖွဲ့ဝင်များသည် အမျိုးသမီးများကို ခေါ်ပေးရန်အတွက် မြန်မာလူမျိုးဟိုတယ်ဝန်ထမ်းများအား ပြောဆိုခဲ့ကြောင်း သိရပြီး အခန်းအတွင်းမှ စောင့်ဆိုင်းနေခဲ့ကြကြောင်း၊ တစ်ဆက်တည်းတွင် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ စစ်တပ်တို့မှ ပူးပေါင်းအဖွဲ့ဝင်များက မလှမ်းမကမ်းမှ စောင့်ကြည့်နေကြကြောင်း၊ ထို့နောက် ခဏအကြာတွင် အမျိုးသမီးသုံးဦးအား ဆိုင်ကယ်နှစ်စီးဖြင့် တင်ဆောင်လာပြီး အခန်းအတွင်းသို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ယင်းနောက် အမျိုးသမီးတစ်ဦးကို ဘတ် ၇၅၀ စီဖြင့် လဲလှယ်ပြီး ပြန်ထွက်သွားကြောင်း၊ ၎င်းတို့ထွက်သွားခဲ့သည်နှင့် တစ်ပြိုင်တည်း ထောက်လှမ်းရေးတပ်ဖွဲ့က အပြင်မှ စောင့်ဆိုင်းနေကြသော တပ်ဖွဲ့ဝင်များအား အချက်ပေးပြီး ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်းဖြင့် တာ့ခ်ခရိုင်လဝကရဲမှူးကြီး ဖုန်းနခွန်းနခွန်းဆန်တိဖပ်က မီဒီယာများအတွက် ရှင်းပြချက်ကို ထိုင်းနိုင်ငံ နေ့စဉ်ထုတ် မန်နေဂျာအွန်လိုင်းသတင်းတွင် ဖော်ပြထားကြောင်း သိရသည်။

ထို့နောက် အဆိုပါအမှုမှ မိန်းကလေးများရရှိအောင် ဆက်သွယ်ပေးသူ ကိုပေါက်(၂၀ နှစ်)၊ ငွေလက်ခံသူ ကိုဘတ်စ်(၁၈ နှစ်)၊ မိန်းကလေးများကို ပို့ဆောင်ပေးသူ ကိုစည်သူ (၂၁ နှစ်)နှင့် ကိုချိုင်း (၂၂ နှစ်)တို့ လေးဦးကို ဖမ်းဆီးထားပြီး ပြစ်မှုကျူးလွန်သူ ၎င်းတို့လေးဦးကလည်း ဖွင့်ဟဝန်ခံခဲ့သည့်အတွက် လိုအပ်သလို ဆက်လက်အရေးယူဆောင်ရွက်ရန် မဲဆောက်ရဲစခန်းသို့ ပို့ဆောင်ထားကြောင်း သတင်းမှ ဖော်ပြထားသည်။

ထို့အပြင် ဖြစ်စဉ်မှ အဓိကဦးဆောင်ညွှန်ကြားနေသော ကိုထိန်လင်းဆိုသူကိုလည်း ဖမ်းဆီးအရေးယူရန်အတွက် ၎င်းတို့လေးဦးကတိုင်ကြားခဲ့ကြောင်း အဆိုပါအမှုတွင် ပြစ်မှုကျူးလွန်ကြသူများနှင့်တကွ ပြည့်တန်ဆာများပါ မြန်မာနိုင်ငံသားများဖြစ်ကြောင်း ရဲမှူးကြီး၏ ပြောကြားချက်ကို မန်နေဂျာအွန်လိုင်း သတင်းဌာနက ဖော်ပြထားကြောင်း သိရသည်။

စိုးဝင်း(sp)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အရာထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၃

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ရန်ကုန်တိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်းဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားပြီး Strategy as I' Perceive ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးပို့ချသည်။ ဆက်လက်၍ Sun Institute မှ ဆရာ ဆရာမများက အရာထမ်း၊ ဝန်ထမ်းများ၏ ရာထူးအဆင့်အလိုက် တာဝန်ယူမှု၊ တာဝန်သိမှု၊ တာဝန်ခံမှုတို့နှင့်အတူ အထက်အောက်ချိတ်ဆက်၍ လုပ်ငန်းများအောင်မြင်အောင် တစ်ဦးချင်းစွမ်းဆောင်ရည်မြင့်မားလာစေရေး ပို့ချဆွေးနွေးသည်။ သင်တန်းသို့ သင်တန်းသား ၁၀၀ တက်ရောက်ကြောင်းသိရသည်။

(သတင်းစဉ်)

ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပြီးစီး

ဝက်လက် ဩဂုတ် ၁၃

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဖောက်လုပ်လျက်ရှိသော ဆင်နင်း-ဘုရားလေးကုန်း လမ်းမြေသားလမ်းပြီးစီးသွားသဖြင့် အဆိုပါကျေးရွာနေပြည်သူများ အဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းမှာ အရှည် ၃မိုင် ၄ ဖာလုံရှိပြီး ခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၈၈၈ သန်းအကုန်အကျခံကာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆန်းက ပြောသည်။

နန်းမြင့်

ဖန်စီလက်ကိုင်အိတ်ထိုးနည်း အခြေခံသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူးဖွင့်လှစ်သော စီးပွားဖြစ်အိမ်တွင်းလက်မှုပညာသင်တန်းအဖြစ် ဖန်စီလက်ကိုင်အိတ်ထိုးနည်း အခြေခံသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အဆိုပါ သင်တန်းသို့ မြို့ပေါ်ရပ်ကွက်များမှ အသက် ၁၈ နှစ်မှ ၃၀ အရွယ် အမျိုးသမီး ၂၆ ဦးကို သင်တန်းပို့ချခဲ့သည်။ သင်တန်းဆင်းပွဲအခမ်းအနားသို့ ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်း၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်သီတာ၊ မြို့ပေါ်ရပ်ကွက်များရှိ အဖွဲ့ဝင်များ၊သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (ဝ၂၃)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာသုတေသနဦးစီးဌာန(မြိုင်)တွင် အလုပ်လျှောက်ထားလာသူ Master ဘွဲ့ရများနှင့် Bachelor ဘွဲ့ရများအတွက် အလုပ်ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက်ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင် အလုပ်ခန့်ထားရန်အတွက် သတင်းစာမှကြော်ငြာခေါ်ယူခဲ့သော နည်းပညာသုတေသနဦးစီးဌာန(မြိုင်)တွင် အလုပ်ခန့်ထားရန်အတွက် Master နှင့် Bachelor ဘွဲ့ရများအားလုံးသည် အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စဉ်	ဖြေဆိုရမည့်ဘာသာရပ်	နေ့ရက်	အချိန်	နေရာ
(က)	အင်္ဂလိပ်စာဘာသာရပ်	၁၃-၉-၂၀၁၄ ရက် (စနေနေ့)	နံနက် ၉း၀၀နာရီ မှ ၁၂း၀၀နာရီအထိ	အထက်မြန်မာပြည်တွင်အလုပ်လျှောက်ထားသူများ ဖြေဆိုရမည့်စာစစ်ဌာန မန္တလေးနည်းပညာတက္ကသိုလ်နှင့်
(ခ)	သက်ဆိုင်ရာဘာသာရပ်	၁၄-၉-၂၀၁၄ရက် (တနင်္ဂနွေနေ့)	နံနက် ၉း၀၀နာရီ မှ ၁၂း၀၀နာရီအထိ	အောက်မြန်မာပြည်တွင်အလုပ်လျှောက်ထားသူများ ဖြေဆိုရမည့်စာစစ်ဌာန ရန်ကုန်နည်းပညာတက္ကသိုလ်
(ဂ)	လူတွေ့စစ်ဆေးခြင်း			ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခံရမည့်သူများစာရင်းအား သက်ဆိုင်ရာစာစစ်ဌာနများတွင် ထပ်မံကြေညာပါမည်။

၂။ ဖြေဆိုမည့်သူများသည် ၈-၉-၂၀၁၄ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာစာစစ်ဌာနများသို့ သတင်းပို့ရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၅၂၂၆၆၁ နှင့် ပြည်ထောင်စုဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၀၁၈၊နည်းပညာသုတေသနဦးစီးဌာန(မြိုင်) ဖုန်း-၀၉-၆၅၇၁၃၁၅ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အဆောက်အအုံပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါများကို တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးစခန်း ပေ(၄၀×၃၀×၁၂) ဆောက်လုပ်ခြင်း။

၂။ **တင်ဒါပုံစံရရှိနိုင်သောနေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး
တင်ဒါပုံစံများတင်သွင်းရမည့်နေရာ - စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး
နောက်ဆုံးပေးသွင်းရမည့်ရက်စွဲနှင့်အချိန် - ၂၀-၈-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ
ဖွင့်လှစ်မည့်နေရာ၊ ရက်စွဲ၊ အချိန် - ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ၃၁-၈-၂၀၁၄ ရက်၊ နံနက် ၁၀း၀၀နာရီ

၃။ တင်ဒါပုံစံနှင့်ပတ်သက်သော လိုအပ်သည့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ၁၀-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး၊ပုသိမ်မြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၇၇၆၊ မြေကွက်တည်နေရာအမှတ်(၇၇၆)၊ ကျော်သူ ၂၁လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဒေါ်အမာအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အမာကွယ်လွန်သဖြင့် ဦးဝင်းမြင့် ၁၂/ဥကတ(နိုင်)၀၂၇၉၂၀က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၇၊ မြေကွက်အမှတ် ၄၂၉(ခ)၊ မြေကွက်တည်နေရာအမှတ်(၄၂၉/ခ)၊ (၈၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးစိုးပိုင်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိုးပိုင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဦးအောင်သူရ ၈/အလန(နိုင်)၁၂၅၈၉၁က ဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ ဇင်းကျိုက်ကွင်း၊ ကွင်းအမှတ်(၇၈၄)၊ မြေကွက်အမှတ်(၉၀၇/၁၁၇၅) ရေလွှမ်းမိုးမြေဧရိယာ(၀.၂၀)ဧကရှိ မြေအား ကျွန်မ ဒေါ်သန္တာစိုးမှ လွှန်ခဲ့သော ၁၉၈၉ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်ကတည်းက ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထိုမြေပေါ်ရှိ နေအိမ်အဆောက်အအုံသည်လည်း ကျွန်မ ဒေါ်သန္တာစိုး၏ကိုယ်ပိုင်ငွေဖြင့် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံဖြစ်ပြီး ယခုလက်ရှိလည်း ကျွန်မတို့မိသားစုနေထိုင်လျက်ရှိပါသည်။ အထက်ပါမြေပေါ်ရှိ နေအိမ်အဆောက်အဦးအား သီလရှင်စာသင်တိုက်ဖြစ်ကြောင်း ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ ဇင်းကျိုက်မြို့ အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက လက်ရှိ ကျွန်မပိုင်မြေနှင့် နေအိမ်ကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သန္တာစိုး
(၁၀)ရပ်ကွက်၊ မင်းလမ်း၊ ဇင်းကျိုက်မြို့၊ ပေါင်မြို့နယ်

ပြင်ဆင်ဖတ်ရှုပါရန်

၈-၈-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ ၂၁ ပါ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ (မြောက်ဥက္ကလာပမြို့နယ်)တွင် မြေကွက်တည်နေရာ အမှတ်-၁၈၅ အစား ၃၅၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရွှေညောင်ပင် တွဲဖက်အထက်တန်းကျောင်း နဝမတန်းတွင် ပညာသင်ကြားနေသော မောင်ကျော်ဇေယျာဟိန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဦး ၇/ကဝန(နိုင်) ၁၀၃၉၂၉ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြေကန်အသင်းကျေးရွာ၊ အလယ်တန်းကျောင်း ပဉ္စမတန်းတွင် ပညာသင်ကြားနေသော ရဲကိုကို၏ဖခင်အမည်မှန်မှာ ဦးကျော်မင်းနိုင် ၇/ကဝန(နိုင်)၁၄၄၆၅၅ ဖြစ်ပါကြောင်း။

မိတ္ထီလာတက္ကသိုလ် ခြေလျင်တောင်တက် ကျောင်းသား ကျောင်းသူများ ပဏ္ဏာမကျန်းမာရေးစစ်ဆေးမှုအဖြစ် ခရီးရှည်လမ်းလျှောက်

မိတ္ထီလာ သြဂုတ် ၁၃

လာမည့်သြဂုတ် ၂၃ ရက်တွင် ပုပ္ပားတောင်မကြီးသို့ တက်ရောက်မည့် မိတ္ထီလာတက္ကသိုလ်ခြေလျင်တောင်တက် အသင်းဝင်ကျောင်းသား ကျောင်းသူများ ပဏ္ဏာမကျန်းမာရေးစစ်ဆေးမှုအဖြစ် ခရီးရှည်လမ်းလျှောက်ခြင်းကို သြဂုတ် ၉ ရက်နံနက် ၆ နာရီက ကျင်းပကြောင်း သိရသည်။

ပုပ္ပားတောင်မကြီးသို့ တက်ရောက်ရန် မိတ္ထီလာတက္ကသိုလ်ခြေလျင်တောင်တက် အသင်းဝင်အဖြစ် စာရင်းပေးသွင်းထားသည့်ကျောင်းသားကျောင်းသူ ၃၅၀၊ တာဝန်ခံ တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာကိုကိုကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ မိတ္ထီလာတက္ကသိုလ်ခြေလျင်တောင်တက် အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဌေးအောင်၊ ဘူမိဗေဒ ဌာနမှူးအပါအဝင်ကြီးကြပ်သူ ၂၅ ဦးစုစုပေါင်း ၃၇၅ ဦးသည် မိတ္ထီလာတက္ကသိုလ်ဝင်းရှေ့မှ သီးကုန်း ၂၈၅ မိုင် အမြန်လမ်းမအနီးအထိ အသွားအပြန်ခရီးရှည်လမ်းလျှောက်ခြင်းဖြစ်သည်။ တက္ကသိုလ်ခြေလျင်တောင်တက် အသင်းဝင်အဖြစ် စာရင်းပေးသွင်းထားသူ ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်သူ ဆရာ ဆရာမများ ခရီးရှည်လမ်းလျှောက်ရာလမ်းတစ်လျှောက် လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစသည့်လိုအပ်ချက်များကို ခရိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့မှ တာဝန်ရှိသူများက ဝိုင်းဝန်းဖြည့်ဆည်းကူညီဆောင်ရွက်ကြောင်းသိရသည်။

ချမ်းသာ(မိတ္ထီလာ)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုကျင်းပ

ဆားလင်းကြီး သြဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို သြဂုတ် ၉ ရက်က ဆားလင်းကြီးမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ငွေသာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မညိုနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင့်လွင်တို့က ကိုယ်ဝန်ဆောင်မိခင်များ သိထားသင့်သည့် ကျန်းမာရေးနှင့် အာဟာရတန်ဖိုးအကြောင်းများကို ဟောပြောခဲ့ကြပြီး တက်ရောက်လာသော ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၁၀ ဦးအား စံပြမိခင်ဆုချီးမြှင့်ကာ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အာဟာရဖြစ်စေရန်အတွက် ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဦးငယ်(ဆားလင်းကြီး)

သတင်းတိုများ

မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် သစ်ချောက်စံပြကျေးရွာအခြေခံပညာအလယ်တန်းကျောင်းတွင် မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအခမဲ့ပေးအပ်ပွဲကို သြဂုတ် ၈ ရက်က ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၁၈၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရ သည်။

ချင်းတွင်းသား(iprd)

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲကျင်းပ

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံတွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲကို သြဂုတ် ၈ ရက်က ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ဂန့်ဂေါခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီလာမြင့်က အမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ဦးက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုနှင့်ပတ်သက်၍ လုပ်ဆောင်သွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်နှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

(၁၀၁)

ဝက်မေ့ရွာသစ်၌ဗုဒ္ဓပူဇနိယ ဆွမ်းဆန်စိမ်းလောင်းလှူ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ဝက်မေ့ကျေးရွာသစ်၌ သြဂုတ် ၁၀ရက်က ဗုဒ္ဓပူဇနိယဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးမိသားစု၊ စစ်ကိုင်းတိုင်းဒေသကြီး သစ်တော၊သတ္တုနှင့်စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းမိသားစု၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဝက်မေ့ကျေးရွာသစ်မှ ရွာသူရွာသားများက ပင့်သံဃာ အပါး ၅၀ အား လှူဖွယ်ဝတ္ထုများဖြင့် လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရှိရသည်။

ဦးငယ်(ဆားလင်းကြီး)

သစ်တောဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနကကြီးမှူး၍ ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းကို သြဂုတ် ၉ရက်က တိုင်းဒေသကြီး သစ်တောဦးစီးဌာနတွင် ကျင်းပရာ တိုင်းဒေသကြီးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဦးက အမှာစကားပြောကြားပြီး သင်တန်းတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ထွန်းနှင့် တာဝန်ရှိသူများက နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ၊ သစ်တောအုပ်ချုပ်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြကာ သင်တန်းသား ၃၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၁၀၁)

လျှပ်စစ်မီးများ ထိန်ထိန်လင်း၍ ကျေးလက်နေပြည်သူများ ဝမ်းသာပီတိဖြစ်

တောင်တွင်းကြီး သြဂုတ် ၁၃

နိုင်ငံတော်အစိုးရက ကျေးလက်နေပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့ကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိရာ ယခုအခါ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အောင်သုခကျေးရွာ လျှပ်စစ်မီးလင်းရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောက်ပံ့ငွေကျပ် ၁၀၂၇၀၀၀၀၊ ကျေးလက်ဒေသပြည်သူများ ထည့်ဝင်ငွေကျပ်သိန်း ၇၀ စုစုပေါင်းငွေကျပ် ၁၇၂၇၀၀၀၀ ဖြင့် မီးလင်းရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ သြဂုတ် ၁၁ ရက်က အောင်သုခကျေးရွာ၌ လျှပ်စစ်မီးများ ထိန်ထိန်လင်းခဲ့ပြီဖြစ်ကြောင်း သိရသည်။

အောင်သုခကျေးရွာပြည်သူများက နိုင်ငံတော်အစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းနှင့် တာဝန်ရှိသူများအား ကျေးဇူးတင်ရှိကြောင်း ဒေသခံပြည်သူများအနေဖြင့် ယခင်က ဖယောင်းတိုင်မီးကိုသာ သုံးစွဲခဲ့ကြရာမှ လျှပ်စစ်မီးကိုအသုံးပြုရပြီဖြစ်၍ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဌေးက ပြောကြားသည်။

(ဝ၂၁)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးလက်အောက်ရှိ ပုသိမ်ခရိုင်နှင့် မြို့နယ်စီမံကိန်းဦးစီးရုံးသစ်ဆောက်လုပ်ခြင်း၊ ဘိုကလေးမြို့နယ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ ကားဂိုဒေါင်ပြင်ဆင်ခြင်း၊ ဝန်ထမ်းအိမ်ရာပြုပြင်ခြင်းနှင့် ရုံးသုံး Laptop၊ Computer နှင့် အလူမီနီယံဗီရိုများဝယ်ယူရန်ရှိသည့်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၈-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၉-၈-၂၀၁၄ ရက်၊ ညနေ ၁၆:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၂-၂၉၀၈၇၊ ၂၉၀၈၈၊ ၂၉၁၈၆တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဧရာဝတီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး၊ ပုသိမ်မြို့

စစစ ဝန်ထမ်းဟောင်းများ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများနှင့် မိသားစုဝင်များသို့

စစစ(အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)မှ ကွယ်လွန်ခဲ့ကြသည့် ဝန်ထမ်းဟောင်းများနှင့် ဝန်ထမ်းများကိုရည်စူး၍ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်ရက် - ၂၀၁၄ ခုနှစ် သြဂုတ် ၃၁ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀:၀၀နာရီ
ကျင်းပမည့်နေရာ - စစစဓမ္မာရုံ၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ (ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊ မူလကမ္ဘာအေးဘုရားအနီး)

လှူဒါန်းလိုသည့်ပုဂ္ဂိုလ်များသည် အလှူငွေ၊ ပစ္စည်းများကို ၃၀-၈-၂၀၁၄ ရက် (စနေနေ့)နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးတင်မြင့် ဖုန်း-၀၉-၄၃၁၇၅၄၅၅ ဦးသိန်းဟန် ဖုန်း-၀၉-၅၂၇၅၄၆၈
ဦးအေးမောင်သန်း ဖုန်း-၀၉-၅၁၂၁၅၉၉ ဦးမြင့်သိန်း ဖုန်း-၀၉-၅၁၈၅၁၃၂

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ကျိုင်းတုံခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၃ နှင့်ဆက်သွယ်သည့်
၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၁

ဒေါ်ယွေ့ပေါင်း နှင့် ဒေါ်ကျိန်းချင်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းကြည်)
ဒီကရီအနိုင်ရသူ **တရားရှုံး**

ကျိုင်းတုံမြို့၊ ရပ်ကွက်(၄)၊ တိုးချဲ့မြို့သစ်ရပ်နေ ဒေါ်ကျိန်းချင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ယွေ့ပေါင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းကြည်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် သြဂုတ် ၂၉ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် သြဂုတ် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းမြင့်)
ခရိုင်တရားသူကြီး
ကျိုင်းတုံခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၈၉၆၇ Toyota Hilux Surf S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကျော် ၉/မနမ(နိုင်)ဝ၅၉၄၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း
(၆၃)ကြိမ်မြောက် စာလျှောက်မေးခမ်းကြေညာချက်

ပရိယတ္တိသဒ္ဓမ္မပါလအသင်း၏ (၆၃)ကြိမ်မြောက် စာမေးပွဲအား
(က) သီးခြားစာသင်တန်းနှင့်
(ခ) သီးခြားစာချတန်းဟု နှစ်တန်းတည်းသာ ကျင်းပမည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယခု(၆၃)ကြိမ်မြောက် စာလျှောက်မေးပွဲဝင်ခွင့်လျှောက်လွှာများအား ၁၃၇၆ ခုနှစ် တော်သလင်းလဆန်း ၁ ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ နောက်ဆုံးထား လက်ခံမည်ဖြစ်ပါကြောင်းနှင့် စာလျှောက်မေးခမ်းအား ၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နှင့် ၅ ရက်များတွင် သီးခြားစာသင်တန်းကို ဖြေဆိုမည့်သံဃာများသည် အာဂုံ(၂)ရက် ဖြေဆိုရမည်ဖြစ်ပါသည်။

တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်မှ ၁၁ရက်အထိ ယခင်နှစ်များကဲ့သို့ ဘာသာရပ်အသီးသီး ဆက်လက်ဖြေဆိုမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များဖြင့် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၆၆-၂၁၄၅၄၊ ၀၉-၂၂၁၅၂၁၈၊ ၀၉-၅၀၆၃၆၃၃
၀၉-၂၂၁၅၃၂၁၊ ၀၉-၄၃၁၀၁၁၉၂

အမှုဆောင်အဖွဲ့
ပရိယတ္တိသဒ္ဓမ္မပါလအသင်း

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅C/၄၅၆၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် J/8244 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်း ကျောက်ပန်းတောင်းမြို့နယ်၌ဖွင့်

ကျောက်ပန်းတောင်း ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို ဩဂုတ် ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စပါးခန်းမတွင် ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းတို့က သင်တန်းဖွင့်အမှာစကားပြောကြားကြပြီး မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးအောင်ကျော်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံပိုင်ကုန်ထုတ်အရင်းအနှီးအဆောက်အအုံများကို မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်၊ သဘာဝအလျောက်ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်အမျိုးမျိုးတို့ကို ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ကာကွယ်တားဆီးစောင့်ရှောက်ရန်နှင့် နိုင်ငံတော်အရန်အင်အားအဖြစ် လေ့ကျင့်တည်ဆောက်သွားရန်အပြင်၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များမှတစ်ဆင့် မီးသတ်ပညာရပ်များ ပြည်သူအတွင်းစိမ့်ဝင်ပြန့်ပွားစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ အရန်မီးသတ်(မွမ်းမံ)သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား ၅၀ တက်ရောက်ကြပြီး လက်နက်မဲ့အခြေခံစစ်ရေးပြနှင့် အခြေခံ မီးသတ်ပညာရပ်များ၊ မီးသတ်စက်ကြီး၊ စက်ကလေးကိုင်တွယ်အသုံးပြုနည်း ပညာရပ်များကို ရက်သတ္တ လေးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

နေအောင်

မကွေးမြို့ မူကြိုနှင့် အမကကျောင်းများတွင် သွေးလွန်တုပ်ကွေးကာကွယ်ရေးခြင်ဆေးဖျန်း

မကွေး ဩဂုတ် ၁၃

မူကြိုအရွယ်နှင့် အခြေခံပညာမူလတန်းကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် မကွေးမြို့ရှိ အမှတ် (၁) ဗိုလ်ကုန်းမူလတန်းကျောင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများတွင် ခြင်ဆေးပက်ဖျန်းခြင်းလုပ်ငန်းများကို မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဩဂုတ် ၁၁ရက်တွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။**(ယာပုံ)**

"မူကြိုကျောင်းနဲ့ အမကကျောင်းတွေကို ဦးစားပေးပြီး ခြင်ဆေးဖျန်းတာတွေလုပ်ပါတယ်၊ စာသင်ဆောင်၊ ရုံးခန်းနဲ့ ချုံနွယ်မြက်တွေ ထူထပ်တဲ့နေရာမှာ အဓိကထား လုပ်ဆောင်ပါတယ်၊ အခြားကျောင်းတွေ၊ အဖွဲ့အစည်းတွေက အကူအညီတောင်းခံလာရင်လည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးကျော်စိုးမင်းက ပြောသည်။

မိုးတွင်းကာလ အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါကြောင့် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာကလေးငယ်များအား တွေ့ရှိရပြီး ခြင်ခိုအောင်းနိုင်သော ရေဆိုးမြောင်းများ ရေစီးရေလာကောင်းအောင် စက်ယန္တရားများဖြင့် တူးဖော်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းလုပ်ငန်းများမှာ ကလေးသူငယ်များ၏ ကျန်းမာရေးအတွက် အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်နေသည်။

မကွေးမြို့ ကျောင်းအချို့တွင် ကလေးသူငယ်များ ခြင်အန္တရာယ်ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာကျောင်းများ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ကျောင်းသားမိဘများ၏ လှူဒါန်းမှုဖြင့်လည်းကောင်း ကလေးများ၏ ပတ်ဝန်းကျင်တွင် ခြင်ဆေးခွေများ ထွန်းညှိပေးနေသော်လည်း ခြင်ဆေးခွေ၏ နောက်ဆက်တွဲ အန္တရာယ်များအတွက် စိုးရိမ်မိကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဝန်ထမ်းအင်အား ၁၄၀ ခန့်ဖြင့် သန့်ရှင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မိုးတွင်းကာလတွင် မူကြိုနှင့် ကျောင်းနေအရွယ်ကလေးများ သွေးလွန်တုပ်ကွေးအန္တရာယ်ကာကွယ်ရေးအတွက် မြို့နယ်အတွင်း မူကြိုနှင့် မူလတန်းကျောင်းများသို့ အပတ်စဉ် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာတု(မကွေး)

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ယူနိုက်တက်အမရဘဏ်၏ (၃၂)ခုမြောက်ဘဏ်ခွဲဖြစ်သည့် မြင်းခြံဘဏ်ခွဲဖွင့်ပွဲကို ဩဂုတ် ၁၁ ရက်က ကျင်းပရာ မြင်းခြံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဇော်မင်းနိုင်(မြင်းခြံ)

မကွေး၌ စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းဆင်း

မကွေး ဩဂုတ် ၁၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် Future Myanmar Training Centre သင်တန်းတို့ ပူးပေါင်းဖွင့်လှစ်သည့် Business Development Management (BDM) သင်တန်းဆင်းပွဲကို မကွေးမြို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတွင် ဩဂုတ် ၁၁ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး Future Myanmar သင်တန်းမှ Managing Director ဦးဇင်ဖြိုးပိုင်က ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြင့်နိုင်၊ မကွေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဦးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများအား ပေးအပ်ခဲ့သည်။ သင်တန်းသို့ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများမှ ဝန်ထမ်းများတက်ရောက်ခဲ့သည်။ **ညီမင်းသား**

ပွဲလေလံခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အမှတ် ၂၊ ၄ ရပ်ကွက်တွင်ရှိ **အောင်မြေလောကသွန်းဘုရားကြီး** ဗုဒ္ဓပူဇနိယပွဲတော်ဖြစ်မြောက်ရေးအတွက် အောက်ဖော်ပြပါအတိုင်း လေလံပေးမည်ဖြစ်ပါသည်-

လေလံပေးမည့်ရက် - ၁၇-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
အချိန် - မွန်းတည့် ၁၂း၀၀ နာရီ
နေရာ - အောင်မြေလောကသွန်းဘုရားကြီးရုံးခန်း

ပွဲဖြစ်မြောက်ရေးဂေါပက

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် Computer and Printer နှင့် ဆက်စပ်ပစ္စည်း(၃၀)စုံ မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါကြောင်း ကြော်ငြာအပ်ပါသည်။
၂။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၅.၉.၂၀၁၄ ရက်၊ ညနေ ၄း၃၀ နာရီ
၃။ အသေးစိတ်အချက်အလက်များကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ စီမံ(ပစ္စည်း)ဌာန၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၄၃၄၊ ၃၈၁၅၃၀၊ ၃၈၀၈၅၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၂)အကြီးစားစက်ရုံ
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)၏ ထုတ်လုပ်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) ဆေးအရောင်ပြောင်းလဲခြင်းလုပ်ငန်းနှင့် အမိုးထိုင်ခုံပြုလုပ်တပ်ဆင်ရန်အတွက် လိုအပ်သည့်ဆေးနှင့် အခြားဆက်စပ်ပစ္စည်းများ 45 Items
၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၄-၈-၂၀၁၄ ရက်မှ ၁၉-၈-၂၀၁၄ ရက်အထိ
တင်ဒါပိတ်မည့်ရက် - ၁၉-၈-၂၀၁၄ ရက် ၁၆း၀၀နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် - ၂၀-၈-၂၀၁၄ ရက် ၁၀း၀၀နာရီ
တင်ဒါစိစစ်မည့်နေရာ - အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)
၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)တွင် ၁၄-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၄၉၅၀၁၄၁၁၁သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့၊ အမှတ်(၁၂)၊ အကြီးစားစက်ရုံ(ထုံးဘို)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
ကြေညာချက်

United Nations Educational Scientific and Cultural Organization (UNESCO) နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ပူးပေါင်းပြီး အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **သင်တန်းအမည်** - Certificate in Business Skills for Youth
၂။ **သင်တန်းဝင်ခွင့်အရည်အချင်း** - တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက် ၁၈ နှစ်နှင့် ၃၅ နှစ်ကြား ဖြစ်ရမည်။ အခြေခံအင်္ဂလိပ်ဘာသာစကားကျွမ်းကျင်သူဖြစ်ရမည်။
၃။ **သင်တန်းကာလ** - ၁၀ ပတ်
၄။ **သင်တန်းချိန်** - အပတ်စဉ် တနင်္လာမှ သောကြာ နံနက် ၇ နာရီမှ ၁၀ နာရီအထိ (နံနက်အတန်း) (သို့မဟုတ်) မွန်းလွဲ ၁နာရီမှ ၄နာရီအထိ (နေ့လယ်အတန်း)
၅။ **လျှောက်လွှာ စတင်လက်ခံမည့်ရက်** - ၁၄-၈-၂၀၁၄ ရက်မှ ၂၀-၈-၂၀၁၄ ရက်အထိ
၆။ **သင်တန်းဝင်ခွင့်လူတွေ့စစ်ဆေးမည့်စာရင်း ကြေညာမည့်ရက်** - ၂၅-၈-၂၀၁၄ ရက်
၇။ **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** - ၁-၉-၂၀၁၄ ရက်

သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။ လျှောက်လွှာများရယူခြင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက Center of Excellence ပါရမီလမ်း ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေ ဖုန်း-၀၉-၄၃၁၄၀၉၀၅ သို့ နံနက် ၉ နာရီမှ ညနေ ၃နာရီအတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(၁၉၆၄-၁၉၈၈)လူရည်ချွန်များကို
ဖိတ်ကြားခြင်း

လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့မှ လူရည်ချွန်ကုသိုလ်ဖြစ် ဆေးခန်းဖွင့်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ (၁၉၆၄-၁၉၈၈)လူရည်ချွန်များကို လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်၊ တနင်္ဂနွေနေ့
အချိန် - နံနက် ၁၀း၀၀ နာရီ
နေရာ - နဝရတ်တိုက်ခန်း၊ကျွန်စစ်သားလမ်း၊(အောင်မြေသာယာ ဘုရားရှေ့)၊ အောင်ဇေယျမြို့တော်၊ လှိုင်သာယာမြို့နယ်။

နေ့လယ်စာဖြင့် ဧည့်ခံပါမည်။ ဖွင့်ပွဲသွားရန် ရုံးခန်းရှေ့မှ ကားစီစဉ်ပေးပါမည်။ အသေးစိတ်ကို အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့၊ ဖုန်း-၀၉-၃၃၂၁၀၆၁၁၊ဦးကျော်ငွေး ဖုန်း-၀၉-၅၁၀၈၂၅၂၊ ဒေါက်တာသူဇာရှိန် ဖုန်း-၀၉-၅၁၀၂၉၈၃

လူရည်ချွန်ကုသိုလ်ဖြစ်ဆေးခန်းဖြစ်မြောက်ရေးအတွက် လူအား၊ ငွေအား၊ ကာယအား၊ ဉာဏအား အဘက်ဘက်မှပံ့ပိုးပေးကြသူများကို လေးစားစွာကျေးဇူးတင်ရှိပါသည်။

လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့

သံဖြူဇရပ်၊ မြို့မဈေးရှိ
သမဝါယမအသင်းဆိုင်အဆောက်အအုံအား ငှားရမ်းရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သံဖြူဇရပ်မြို့၊ အမှတ်(၁)မြို့မဈေးကြီးအတွင်းရှိ သံဖြူဇရပ်မြို့နယ်၊ သမဝါယမအသင်းစုပိုင် (၂၄×၃၆×၁၇)ပေ ထပ်ခိုးပါဆိုင် အဆောက်အအုံအား လုပ်ပိုင်ခွင့်ကာလ ၅ နှစ်အတွက် ငှားရမ်းလုပ်ကိုင်ခွင့်ကို အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။
၂။ **တင်ဒါရောင်းချမည့်ရက်** - ၁၅-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၈-၈-၂၀၁၄ ရက် ၁၂း၀၀ နာရီ
တင်ဒါဖွင့်မည့်အချိန် - ၂၈-၈-၂၀၁၄ ရက် ၁၂း၃၀ နာရီ
လေလံပြုလုပ်မည့်နေရာ - သံဖြူဇရပ်မြို့နယ်၊ သမဝါယမဦးစီးဌာန
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သံဖြူဇရပ်မြို့နယ်၊ သမဝါယမဦးစီးဌာနတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပြီး ဖုန်း-၀၅၇-၇၉၀၁၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်လေလံတင်ငှားရမ်းရေးအဖွဲ့

မိုးစပါးအရည်အသွေးပြည့်မီရေး ပညာပေးဟောပြော

ရေဦး ဩဂုတ် ၁၃

၂၀၁၄-၂၀၁၅ မိုးစပါးရာသီအတွက် စပါးအရည်အသွေးပြည့်မီရေးနှင့် အထွက်တိုးရေးရည်ရွယ်လျက် စပါးဆစ်ပိုးကျရောက်မှု ကြိုတင်ကာကွယ်နိုင်စေရန် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၈ ရက်က ကုက္ကိုစုကျေးရွာ ဓမ္မာရုံ၌ ကျင်းပရာ ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသည့် မကျီးတော၊ ရွာသာလေး၊ ရေဦးကုန်း၊ မူးသာကုန်း ၊ ဇိန်ဇွန်းကျေးရွာအုပ်စုမှ တောင်သူများတက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင် ဒေါက်တာဒေါ်ကျင်ကျင်ဝင်းက စပါးတစ်ဧကတင်း ၁၀၀ နှုန်းအထက်ထွက်ရှိရန် လိုက်နာရမည့်နည်းစနစ်(၁၄)ချက်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်နှင့် ဒေါ်ရီရီတို့က ဆစ်ပိုး နေ့စဉ်ပေါက်ပွားပုံဘဝစက်ဝန်းနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကိုလည်းကောင်း၊ ကသာနှင့် ရွှေဘိုခရိုင်မှ စိုက်ပျိုးရေးတာဝန်ခံ ဦးဆွေနှင့် ဒေါ်စန်းမြင့်လွင်တို့က ဆေးဝါးအသုံးပြုမှုအတိုင်းအတာနှင့် ပိုးသတ်ဆေးမသုံးဘဲ ဆစ်ပိုးကြိုတင်ကာကွယ်နှိမ်နင်းနည်းများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်မောင်ဝင်းက စပါးမစိုက်မီ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ တိုက်ရိုက် သို့မဟုတ် ပြောင်းရွှေ့စိုက်ချိန်တွင် လိုက်နာရမည့်နည်းလမ်းများကိုလည်းကောင်း ပညာပေးဟောပြောခဲ့ကြသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံ စပါးစိုက် တောင်သူဦးသန်းဝင်း၏ လယ်မြေသို့ ကွင်းဆင်းကာ စပါးဆစ်ပိုး ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို လက်တွေ့ပြသခဲ့ရာ တက်ရောက်လာကြသည့် စိုက်ပျိုးရေးပညာရှင်များ၊ စပါးစိုက်တောင်သူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုပြီး ဆစ်ပိုးကြိုတင်ကာကွယ်ရေးနည်းပညာများ လက်ဆင့်ကမ်းသင်ယူခဲ့ကြကြောင်း သိရှိရသည်။

သန်းထိုက်(ရေဦး)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကျင်းပ

လှိုင်းဘွဲ့ ဩဂုတ် ၁၃

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသ(အထက)၌ မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဩဂုတ် ၁၁ ရက်က ကျင်းပသည်။

ပေးအပ်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး ကရင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းဇော်အောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ညွန့်ညွန့်ဝေ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ ပြည်နယ်လဝကဦးစီးမှူး ဦးဝင်းဇော်အောင်တို့က ကျောင်းသား ကျောင်းသူများအား ပေးအပ်ကြသည်။ အခမ်းအနားတွင် မြိုင်ကြီးငူ(အထက)မှ ကျောင်းသား ကျောင်းသူ ၂၅၅ ဦး၊ ကမမောင်း(အထက)မှ ကျောင်းသား ကျောင်းသူ ၃၃ ဦးနှင့် သစ္စာအေးမြိုင်ကျေးရွာမှ ပြည်သူ ၅၂ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မိုးပွင့်အဆင့်(၁)စီမံချက်ကို ဇူလိုင် ၁ ရက်မှစတင်ခဲ့ပြီး ယခုအချိန်ထိ အဆင့်(၅)အထိ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ဇူလိုင် ၁၇ ရက်မှစ၍ မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နယ်မြေအရောက် ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း၊ ကရင်ပြည်နယ်အနေဖြင့် မိုးပွင့်အဆင့်(၁) မှ(၆)အထိ လူဦးရေ ၁၂၅၄၈၈ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ခဲ့ကြောင်း၊ မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ရာတွင် NRC အဖွဲ့၏ ကူညီပေးမှုကြောင့် ပြည်သူများငွေကြေးကုန်ကျစရာမလိုဘဲ တစ်နေရာတည်း နေ့ချင်းပြီး အခမဲ့နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုဒယ်(iprd)

ငါးမြှုးထောင်ပြီး ငါးရှာသူ ရေနစ်သေဆုံး

ဘားအံ ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ အမှတ်(၅) ရပ်ကွက် တာပွန်လမ်း အနောက်ပိုင်းရေမြောင်းအတွင်း မြှုးထောင်ပြီး ငါးရှာသူတစ်ဦး ရေမြောင်းအတွင်း ရေနစ်သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇီးကုန်းမြို့ အမှတ်(၅) ရပ်ကွက် ဆေးကျောင်း (၃)လမ်းနေ ဦးစိုးသန်း (၄၆ နှစ်)သည် ဩဂုတ် ၇ ရက်က အမှတ် (၅) ရပ်ကွက် တာပွန်လမ်း ရေမြောင်းတစ်ခုအတွင်းမြှုးထောင် ငါးရှာနေစဉ် ရေမြောင်း၌ မှောက်လျက်အနေအထားဖြင့် သေဆုံးနေကြောင်း သတင်းအရ ဇီးကုန်းရဲစခန်းမှ တာဝန်မှူး တပ်ကြပ်ကြီးဝင်းစိုးနှင့်အဖွဲ့ အခင်းဖြစ်ပွားရာသို့ သွားရောက်၍ ဓာတ်ပုံရိုက်ခြင်း၊ သက်သေခံပစ္စည်းများ သိမ်းဆည်းစုံစမ်းစစ်ဆေးခဲ့ရာ သေဆုံးသူ ဦးစိုးသန်းမှာ ယခင်က သောက်စားတတ်သူတစ်ဦးဖြစ်၍ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ရာမှ ယခု ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း တွေ့ရှိရပြီး ဇီးကုန်းရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုသက်(ဇီးကုန်း)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနတွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအဖြစ် ကျန်းမာရေးပညာပေးဟောပြောပွဲများကို ဩဂုတ် ၁၁ ရက်က ကျင်းပပြီး အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးများကို ဘီတာမင်အေနှင့် သန်ချဆေးများ အခမဲ့တိုက်ကျွေးနေစဉ်။ မြင့်မိုရ်(တာချီလိတ်)

အနာကြီးရောဂါကုဂေဟာသို့ စာရေးခုံများလှူဒါန်း

လွိုင်လင် ဩဂုတ် ၁၃

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ လွိုင်လင်မြို့နယ် ဟိုခိုက်ကျေးရွာ(အနာကြီးရောဂါကုဂေဟာ)သို့ စာရေးခုံများလှူဒါန်းခြင်းနှင့် အာဟာရတိုက်ကျွေးခြင်း၊ နောင်ဟူးကျေးရွာ မူလတန်းကျောင်းတွင် အာဟာရတိုက်ကျွေးခြင်းများကို ဩဂုတ် ၁၁ ရက်က ပြုလုပ်ခဲ့သည်။

လွိုင်လင်မြို့နယ် ဟိုခိုက်ကျေးရွာ(အနာကြီးရောဂါကုဂေဟာ)သည် လွိုင်လင်မြို့နှင့် ခြောက်မိုင်ခန့်အကွာတွင်ရှိပြီး အနာကြီးရောဂါသည်များ၏ ရင်သွေးများကို စစ်စတာများကစောင့်ရှောက်ပေး၍ ပညာသင်ကြားပေးလျက်ရှိသည်။ ဟိုခိုက်ကျေးရွာ အနာကြီးရောဂါကုဂေဟာသို့ လွိုင်လင်ခရိုင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ခရိုင်ဥက္ကဋ္ဌ ဒေါ်ဇင်ဇင်သော်၊ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ဝါဝါထွဋ်နှင့်အဖွဲ့ဝင်များက ဂေဟာတွင်လိုအပ်သည့် စာရေးထိုင်ခုံ ၅၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် မူကြိုကလေးငယ် ၃၉ ဦးကို အာဟာရဆန်ပြုတ်တိုက်ကျွေးခဲ့ကြောင်း သိရသည်။ ဆက်လက်၍ လွိုင်လင်မြို့နယ် နောင်ဟူးကျေးရွာရှိ သူငယ်တန်းကျောင်းသား ၂၅ ဦးကို အာဟာရဆန်ပြုတ်တိုက်ကျွေးခဲ့ကြောင်း သိရသည်။

မိုးလွင်ဦး(လွိုင်လင်)

ဗန်းမော်၌ သမဝါယမပညာပေး ဆင့်ပွားသင်တန်းဖွင့်

ဗန်းမော် ဩဂုတ် ၁၃

ကချင်ပြည်နယ်သမဝါယမဦးစီးဌာနက ဦးစီးဖွင့်လှစ်သည့် သမဝါယမပညာပေးဆင့်ပွားသင်တန်း အမှတ်စဉ်(၃/၂၀၁၄) ဖွင့်ပွဲကို ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ မြို့နယ်သမဝါယမအသင်းစုသင်တန်းခန်းမ၌ ဩဂုတ် ၁၁ ရက်က ကျင်းပခဲ့သည်။ ခရိုင်အုပ်ချုပ်ရေးမှူးဦးစိန်မြင့်နှင့် ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းတို့က အမှာစကားပြောကြားသည်။ သင်တန်းသို့ ဗန်းမော်ခရိုင်အတွင်းရှိ သမဝါယမအသင်းများမှ အမှုဆောင်၊ အသင်းသားများ၊ ဝန်ထမ်းများအပါအဝင် သင်တန်းသား ၇၀ တက်ရောက်သင်ကြားကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးဌာနပိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၁၉၅/၂၀၃ အင်ဂျင်နီယာဌာနမြေဧရိယာ ၀ဒသမ ၉၈၇ဧကပေါ်တွင် အသုံးမလိုတော့သည့် အဆောက်အအုံဟောင်း 1-Lot ကို မြန်မာနိုင်ငံသားများအား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသောအချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲ (၁၂)လိုင်း၊ ပုဇွန်တောင်မြို့နယ်(ထင်းပုံဆိပ်)၊ ဖုန်း-၀၁-၂၉၁၃၅၂၊ ၀၉-၇၃၂၅၅၄၇၄၊ ၀၉-၄၃၉၂၅၂၇၄၊ ၀၉-၈၃၀၂၅၀၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး

စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၅၄)ရှိ နှစ်ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ လေးလွှာ(ခေါင်းရင်းခန်း) (၁၂½ ×၅၀)ပေ တိုက်ခန်းအားဝယ်ယူရန်ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား စာချုပ်အဆက်အစပ်များဖြင့် တရားဝင် နေထိုင်ပိုင်ဆိုင်သူ ဦးမျိုးမြင့် ၁၂/လမတ(နိုင်)၀၁၃၉၄၈ထံမှ အပြောက်စနစ်ဖြင့်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)
တရားလွှတ်တော်ရှေ့နေ(၃၁၄၈/၈၅)၊ Japan Tokyo 4 years, Legal Consultant
အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊
Ph: 09-420710888,09-420726999,09-420730311.
Email:hponemyint007@gmail.com

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၁၀ ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်(၃၁၄/က)ဟုခေါ်တွင်သော ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉ Aᵒ၊ မြေကွက်အမှတ်-၇၀ B/၄၊ ဧရိယာ ၀ဒသမ ၂၈၀၈ဧက မြေအမျိုးအစားမြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်များဖြစ်သည့် ဦးတင်လတ် ၉/မရမ(နိုင်)၀၇၇၅၀၇ နှင့် ဒေါ်မာလာမြင့် ၉/မရမ(နိုင်)၀၃၇၄၆၂တို့မှ လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကောင်းမြတ်ဇော် ဦးသန့်ဇော်
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yankin Palm Village အိမ်ရာ၊ တိုက် ၃၆၊ အခန်း ၄၂ကို မူလအမည်ပေါက်ပိုင်ရှင် ဗိုလ်မှူးကြီးသန်းဌေးထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်စပယ် ၁၂/ရကန(နိုင်) ၀၄၉၅၉၉ က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပညာ့ဝတီအိမ်ရာ၊ တိုက် A၊ အခန်း ၁၀၄ ကို မူလအမည်ပေါက်ပိုင်ရှင် ဦးမျိုးမြင့်ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးစောထွန်း ၁၂/ရကန(နိုင်)၀၅၉၂၄၃- ဒေါ်ခင်ဝေလှ ၁၂/ရကန(နိုင်) ၀၅၉၂၄၄ က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/တောင်)၊ မြေကွက်အမှတ်(၂၃၂၆/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၃၂၆/ခ)၊ ဓမ္မာရုံလမ်း၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်၊ သာကေတမြို့နယ်(ဦးခင်မြင့်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မြင့်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်ခင်ပြုံး ၁၂/သကတ(နိုင်)၀၆၅၅၈၇ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၇)၊ မြေကွက်အမှတ် ၃၇၀၊ မြေအမည်ပေါက် ဒေါ်မြင့်မြင့်မူ(ခ)ခင်မီမီ ၁၂/တမန(နိုင်)၀၃၆၅၈၂ (ကွယ်လွန်)၏သမီး ဒေါ်သီရိသန္တာခင် ၁၂/တမန(နိုင်)၁၀၅၄၇၅မှ မြေချပါမစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေပါမစ်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန် ထုတ်ပေးခြင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄-အီး၊ မြေကွက်အမှတ်၈၉၊ မြေကွက်တည်နေရာအမှတ် ၈၆၊ သမိန်ဗရမ်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက် [ဒေါ်ခင်ခင်(ခ) ဝမ်ခင်၊ ဦးလီတန်လျှံ(ခ)ဒေါက်တာသိန်းနိုင်]အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်နှစ်ဦးအနက် ဒေါ်ခင်ခင်(ခ) ဝမ်ခင် ကွယ်လွန်သဖြင့် ဦးကျော် ၁၂/တမန(နိုင်)၀၄၈၂၅၆က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဦးလီတန်လျှံ(ခ) ဒေါက်တာသိန်းနိုင် ၁၃/ကကန(နိုင်) ၁၂၆၀၁၉နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁အေᵒ၊မြေကွက်အမှတ်-V Class 18၊ မြေကွက်တည်နေရာအမှတ် (၆၂)၊ ၁၇ လမ်း၊ လသာမြို့နယ် မြေပိုင်မြေ အမည်ပေါက် Pool Hye Tong Society ကိုယ်စားအသင်းဥက္ကဋ္ဌဖြစ်သူ ဦးသောင်းထွန်းဦး ၁၂/သကတ(နိုင်) ၁၁၅၇၁၆ မှ အရောင်းအဝယ်စာချုပ် (၁၂၄၀/၁-၉-၁၉၃၂) လက်ခံအမှန်မိတ္တူတင်ပြ၍ အဆောက်အအုံဆောက်လုပ်ရန်နှင့် မှတ်တမ်းထားရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်တင်ထွေး

အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင်ကြီး ဒေါ်တင်ထွေး အသက်(၈၆)နှစ်သည် ၅-၈-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော အမေကြီးဒေါ်တင်ထွေးသည် ကောင်းရာသုဂတိသို့ရောက်ရှိပါစေကြောင်း ကျွန်တော် ကျွန်မတို့မိသားစုမှလည်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဒေါက်တာကျော်ဝင်း-သုဓမ္မသီဂီဒေါ်မြင့်မြင့်သန်း

မန်းမြေရာဇာကုမ္ပဏီမိသားစု၊ မန္တလေးမြို့

အမည်နှင့်တံဆိပ်အမှတ်အသားအား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း

အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တပ်ဦးသီတာရပ်ကွက်၊ နယ်မြေ ၄၊ အမှတ် ၄ဟုခေါ်တွင်သော နှစ်ခြင်းသာသနာဝင်းမြေအတွင်း တောင်ပိုင်းကလေးနယ်နှစ်ခြင်းခရစ်ယာန်အဖွဲ့ (Southern Kalay Valley Baptist Association)သည် ရုံးဖွင့်လှစ်ကာ အောက်ဖော်ပြပါအမည်နှင့် တံဆိပ်အမှတ်အသားအား တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲလျက်ရှိပါသည်-

တောင်ပိုင်းကလေးနယ်နှစ်ခြင်းခရစ်ယာန်အဖွဲ့အား ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(Zomi Baptist Convention)က ၂၀၁၀ပြည့်နှစ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန် အသင်းချုပ်(Myanmar Baptist Convention)က ၂၀၁၂ခုနှစ်တွင်လည်းကောင်း နှစ်ခြင်းသာသနာအဖွဲ့အစည်း၏ လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင်အသိအမှတ်ပြုခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါအမည်နှင့်တံဆိပ်အမှတ်အသားကို မိမိအဖွဲ့တစ်ဦးတည်းမူပိုင်အဖြစ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ တောင်ပိုင်းကလေးနယ်နှစ်ခြင်းခရစ်ယာန်အဖွဲ့ (Southern Kalay Valley Baptist Association)၏ အမည်ကိုဖြစ်စေ၊ တံဆိပ်အမှတ်အသားကိုဖြစ်စေ၊ မိမိအဖွဲ့မှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ယင်းအမည်နှင့်တံဆိပ်အမှတ် အသားတို့ကို မှီငြမ်း၍ တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ပုံတူပုံမှားနှင့် ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ယင်းအမည်နှင့်တံဆိပ်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပြုလုပ်သုံးစွဲခြင်းမပြုရန်နှင့် အကယ်၍ မိမိအဖွဲ့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာဆုံးရှုံးမှုရှိအောင် အသုံးပြုသူများကို တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဂင်ခန်ကပ် တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၀၁)

အမှတ် ၁၈၊ နယ်မြေ(၂)၊ တပ်ဦးသီတာရပ်ကွက်၊ ကလေးမြို့



တစ်ဦးတည်းဖြစ်ကြောင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ် မိုးနိုင်းရပ်ကွက်နေ ဦးဘမြင့်၏သား ဦးမောင်မောင်(ခ) ဦးဆန်းလင်းအောင် ၁၀/ပမန(နိုင်)၀၈၆၉၀၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်မောင်(ခ)ဦးဆန်းလင်းအောင်

စာရေးမဝန်ထမ်းအလိုရှိသည်

- **ဘွဲ့ရဖြစ်ရမည်။**
- **8 မိုင်တွင် ဆင်းရမည်။**
- **နံနက် ၉း၃၀ နာရီမှညနေ ၅း၀၀ နာရီ**
- **လစာတစ်သိန်း**

စုံစမ်းရန် ဖုန်း-၀၉-၄၃၁၈၂၀၀၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၆၊ မြေကွက်အမှတ် ၁၁၆၈၊ (အလျားပေ ၂၀×အနံပေ ၆၀)၊ ၁၂၀၀ စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၁၆၈/က)၊ အောင်သီတာ ၁ လမ်း၊ အမှတ်(၁၀၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်သည် ဦးသိန်းအောင် ၁၂/ပဇတ(နိုင်)၀၀၉၁၇၇ က အမည်ပေါက်လျက်ရှိပါသည်။ ဦးသိန်းအောင်ထံမှ အဆိုပါမြေနှင့်အိမ်ကို ဝယ်ယူလက်ရှိနေထိုင်သူ ဦးအုန်းကျော် ၁၂/ဥကတ(နိုင်)၀၁၇၄၆၀ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၊ နေအိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤသတင်းစာတွင် ကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)၊ အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါမြေကွက်နှင့် နေအိမ်အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။**ဦးဇင်မင်းထွန်း ၁၂/ဗတထ(နိုင်)၀၃၂၆၅၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်နှင်းနွယ်စိုး LL.B — **(စဉ်-၈၃၉၉)**

ဦးစံမြ(ပုလော) — **(စဉ်-၄၇၇၁)**

တရားလွှတ်တော်ရှေ့နေများ

အမှတ် ၈၃၊ အခန်း ၁၀၊ ဒုထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၆၁၃၃၅၉၊ ၀၉-၅၆၆၀၈၇၈

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် DD/8912 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၇-၂၀၁၄ ရက်စွဲပါ မြန်မာ့ အလင်းသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ(၂) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတောင်ဥက္ကလာပမြို့နယ်၊ ဦးကျော်ဆန်း+၃၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးတွင် ဒေါ်ခင်ဆွေဇင်စုအစား ဒေါ်ဆွေဇင်စုဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၇လမ်း၊ အမှတ် ၁၉နေ ကျွန်တော် မိုဟာမတ်အီနူဆ်(ခ)မောင်ချစ်ဆွေ(ခ)မိုဟာမတ်ယူနွစ် BTG-၂၁၀၂၆၉ အမည်များသည် ကျွန်တော်တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၆-၉-၁၉၆၉ ဖြစ်ပါသည်။

မိုဟာမတ်အီနူဆ်(ခ)မောင်ချစ်ဆွေ(ခ) မောင်မိုဟာမတ်ယူနွစ်

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ-၁၁)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ခရိုင်တရားမရုံးတော်၌

၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၄၂

မဇာခြည်လင်း	**နှင့်**	ကိုလှရွှေ
လျှောက်ထားသူ		**လျှောက်ထားခံရသူ**

၄၈၊ သုံးလွှာ၊ ၁၃၈လမ်း၊ မအူကုန်း၊ တာမွေမြို့နယ်နေ (ယခုလိပ်စာမသိ) ဦးလှရွှေနှင့် အရွယ်မရောက်သေးသူ မောင်ထက်ပိုင်လင်းအကြောင်း။

အမှတ် ၆၀၊ ၁၂၂ လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်နေ မဇာခြည်လင်းက အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မောင်ထက်ပိုင်လင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၄ခုနှစ် ဩဂုတ် ၂၅ ရက် (၁၃၇၆ ခုနှစ် တော်သလင်းလဆန်း ၁ ရက်)နံနက် ၁၀ နာရီတွင် ဆိုင်ဆိုရန် ချိန်းချက်မှုသည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ငြိမ်းမြင့်)

တွဲဖက်ခရိုင်တရားသူကြီး(၄)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အမှတ် ၂၇ ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၂၇၊ အကျယ်(၄၂ပေ×ပေ၆၀)၊ဧရိယာ၀ဒသမ၀၅၆ဧက၊ မြေအမျိုးအစားနှစ် ၆၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်လတ် ၈/ခမန(နိုင်)၀၅၄၄၀၀ မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို သဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဟိန်းသူကောင်း — **အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)**

ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

အမှတ်(၄၆)၊ ပထမထပ် (ဝဲ)မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၈၇၃/ခ၊ မြေကွက်တည်နေရာအမှတ် (၈၇၃/ခ)၊ သလ္လာဝတီ ၆လမ်း၊ ၁၀/တောင် ရပ်ကွက်၊ သာကေတမြို့နယ် ဦးကျော်ထူး၊ဒေါ်တင်ကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တင်ကြည်(ဇနီး) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ(ခင်ပွန်း)ဦးကျော်ထူး TKA-၀၀၄၈၂၀ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၉၆၀/၁၄၊ ၂၃-၅-၂၀၁၄ရသူ ဒေါ်သန်းသန်းဆွေ ၈/ဆပဝ(နိုင်)၀၀၆၀၀၀မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၆/သမိုင်း၊ မြေကွက်အမှတ် ၄၈/၄၄+၄၇/ဗ၁၁-A၊ မြေကွက်တည်နေရာအမှတ် ၁၊ ဝင်းလိှုင်လမ်းသွယ်၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ မရမ်းကုန်းမြို့နယ် ဦးဘကြော် အမည်ပေါက် မြေပိုင်မြေ၊ ၃(ခ)ရပြီးမြေအား အမည်ပေါက် ဦးဘကြော်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၄၃၂၂/၂၀၀၇(၅-၁၁-၂၀၀၇) ဖြင့် ဦးကြည်စိုး၊ ဦးကြည်သိန်းတို့မှပိုင်ဆိုင်လာပြီး ၎င်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၃၁၉၄/၂၀၀၉(၉-၁၁-၂၀၀၉)၊ အမှားပြင်စာချုပ် ၃၆၅၉/၂၀၁၄(၈-၇-၂၀၁၄) တို့ဖြင့် ဒေါ်ဆွေဆွေစန်း ၁၂/ကမရ(နိုင်)၀၃၂၇၁၆ မှ ပိုင်ဆိုင်လာပြီး အမွေဆက်ခံပိုင်ဆိုင်စာချုပ် ၄၃၂၂/၂၀၀၇ မိတ္တူမှန်တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သည့် အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် (၆၃၃/က)၊ မြေကွက်တည်နေရာအမှတ် (၁၃)၊ သံသုမာလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်း (ဒေါ်တင်လှဝင်း)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်လှဝင်း ကွယ်လွန်သဖြင့် ဦးလှဖြိုး ၁၂/သဃက(နိုင်) ०၈၅၉၈၃ က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်စု

ကွယ်လွန်ခြင်း(၂)နှစ်ပြည့် အလှူဒါန

(၁၀-၃-၁၉၂၅ -၂၀-၈-၂၀၁၂)

မိခင်ကြီး ဒေါ်ခင်စု (အမေစု) ကွယ်လွန်ခဲ့သည်မှာ ၂၀-၈-၂၀၁၄ရက်တွင် (၂)နှစ်ပြည့်မည်ဖြစ်ပါသည်။ ကျန်ရစ်သူ သား/သမီး၊ မြေးတစ်စုမှ မိဘနှစ်ပါးအားရည်စူး၍ လစဉ်၊ နှစ်စဉ် ပြုလုပ်ခဲ့သော အလှူဒါနများအားလည်းကောင်း (၁၀-၈-၂၀၁၄)ရက်တွင် မိခင်ကြီးအားရည်စူး၍ သပြေလှကျောင်း ဆရာတော်ကြီးနှင့် သံဃာတော်များကို ဝါဆိုသင်္ကန်း၊ ဆွမ်း၊ လှူဖွယ်ဝတ္ထုအစုစု တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ မိခင်ကြီး ဒေါ်ခင်စု ရောက်ရာမြင့်မြတ်သော ဘုံဘဝမှနေ၍ ကြားနိုင်သိနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

သား ဗေယျကျော်ထင် ဦးဇော်ဝင်း ဒုတိယဝန်ကြီး အားကစားဝန်ကြီးဌာန- ဒေါ်ခင်လေးမြင့်၊
သားသမီး၊ မြေးတစ်စု၊ နေပြည်တော်

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တပုညစာရ

သက်တော်(၉၀)၊ သိက္ခာတော်(၃၈)ဝါ

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ တောင်ရပ်ဈေးနေ (ခမည်းတော် ဦးမောင်သာနို့-မယ်တော် ဒေါ်အိမ်သာမေ)တို့၏သားထွေး၊ သာကေတမြို့နယ်၊ (၁၀) မြောက်ရပ်ကွက်၊ သီရိမင်္ဂလာဗောဓိရိပ်သာကျောင်းတိုက် (ယခင်သုသာန်ကျောင်း) ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တပုညစာရ သက်တော်(၉၀)၊ သိက္ခာတော်(၃၈)ဝါသည် ၁၁-၈-၂၀၁၄ရက် (တနင်္လာနေ့)ည ၇း၀၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်)၁၅-၈-၂၀၁၄ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် သီရိမင်္ဂလာဗောဓိရိပ်သာကျောင်းမှ ရေဝေးသုသာန်သို့ပင့်ဆောင်ပြီး အန္တိမအဂ္ဂိဈာပနသဘင်ကျင်း ပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

သွေးသည် အသက်

အထူးကျေးဇူးတင်ရှိခြင်း

ဦးသိန်းထွေး

ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း(မော်ကွန်းရပ်ရှင်)

အသက်(၉၄)နှစ်

၆-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ဖခင်ကြီးနာမကျန်းစဉ် ဂရုစိုက်ကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများ၊ တာဝန်ကျဆရာဝန်များနှင့် သူနာပြုဆရာမများအားလည်းကောင်း၊ ဖခင်ကြီး၏ နောက်ဆုံးခရီးအား လိုက်ပါပို့ဆောင်ပေးခဲ့ကြသောမိတ်ဆွေများ၊ ဆွေမျိုးများအားလည်းကောင်း၊ ဝမ်းနည်းကြေကွဲကြောင်း မေးမြန်းကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသူများအားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု
(ဦးသိန်းမြင့်)-ဒေါ်ခင်သိန်းဝင်း (စက်မှုသင်တန်းကျောင်း၊ ဆင်တဲ-ငြိမ်း)
ဦးဝဏ္ဏ (တပ်မတော်/အကျဉ်းဦးစီး-ငြိမ်း)-ဒေါ်တင်တင်ဝင်း၊
(ဦးသန်းအေး)-ဒေါ်မဉ္ဇူပြုံး(သမဝါယမဝန်ကြီးဌာန)
ဒေါ်နီလာထွေး (စီးပွား/ကူးသန်း)၊ ဦးပြည်စိုး
ဦးအောင်သန်းဦး(Schlumberger)-ဒေါ်ယဉ်ယဉ်မွန်း

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ကန် ဒါယိကာမကြီး

ဒေါ်စောမြိုင်

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်

အသက်(၈၆)နှစ်

ဗိုလ်မှူးချုပ်ဝင်းမောင်(ငြိမ်း)၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်မြင့်မြင့်ကြည်တို့၏မိခင် ဒေါ်စောမြိုင် အသက်(၈၆)နှစ်သည် ၁၁-၈-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူရ(၆၀)မှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အကြိုင်

အသက်(၈၅)နှစ်

ပါမောက္ခဒေါက်တာခင်ဇော်-ပါမောက္ခဗိုလ်မှူးကြီးကေသီထွန်းတို့၏မိခင်ကြီး ဒေါ်အကြိုင် အသက်(၈၅)နှစ်သည် ၉-၈-၂၀၁၄ ရက် (စနေနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

သီရိပုံချိုဦးသိန်းဆွေ-ဒေါ်မြသီဂီ၊
ဦးဘုန်းပိုင်ဦး-ဒေါက်တာစုစုလှိုင်၊
ဗိုလ်ကြီးမြတ်သူ-ဒေါ်ဖြူသန့်ပိုင်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အကြိုင်

အသက်(၈၅)နှစ်

ပါမောက္ခဒေါက်တာဦးဇော်သန်းထွန်း-သူငယ်ချင်း ကြည်ကြည်ညွှန့် (မီးငယ်) တို့၏ မိခင်ကြီး ဒေါ်အကြိုင်သည် ၉-၈-၂၀၁၄ ရက် (စနေနေ့)နံနက် ၆း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၈၃-ပုသိမ်ဒီဂရီကောလိပ်သူငယ်ချင်းများ(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးရင်

အသက်(၈၃)နှစ်

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်၊ အဖွဲ့ဝင် သင်္ဘောသားကိုယ်စားလှယ် ဦးတင်စိန်၏မိခင် ဒေါ်အေးရင် (မော်ကျွန်း) အသက်(၈၃)နှစ်သည် ၉-၈-၂၀၁၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်နယ်မြေ၊ သီရိစန္ဒာလမ်း၊ အမှတ်၁၆/၁၇ရှိ အကွက်အမှတ် ၃၃၊ ကိုးသိန်းအကွက်၊ ဦးပိုင်အမှတ် ၁၈/၁၇၊ ဧရိယာ ၀ဒသမ၀၃၄ဧက ရှိမြေအား ဒေါ်ကျင်ဆင့်ထံမှလည်းကောင်း၊ ဦးပိုင်အမှတ်(၁၈/၁၆)၊ဧရိယာ ၀ ဒသမ၀၃၄ ဧကရှိ မြေကွက်အား ဦးကျော်ဝင်းထံမှလည်းကောင်း ဝယ်ယူခဲ့သည့်မြေကွက်များအား ဒေါ်ရီရီခင်က မြေငှားဂရန် ထုတ်ပေးပါရန် လျှောက်ထားခြင်းအား ကန့်ကွက်ရန်ရှိပါက ၁၅ရက်အတွင်း တင်ပြကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့နယ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ တန်ဆောင်း၊
စာကြည့်တိုက်ဒါယိကာမကြီး

ဒေါ်ခင်ခင် (တောင်ငူ)

အသက် (၉၅)နှစ်

ထက်လင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းပိုင်ရှင် (ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်) ဒေါက်တာ ဦးခင်မောင်ထွန်း- ဒေါ်ဥမ္မာသန်းတို့၏ မိခင်ကြီး ဒေါ်ခင်ခင် အသက်(၉၅)နှစ်သည် ၄-၈-၂၀၁၄ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဗလကျော်သူနှင့်
တာရန်တရာဂျက်လက်ရွေးစင်အသင်း၊
မွေလက်ရွေးစင်အသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဒေလီယာမြတ်စံ

(Retired) M.E.H.S Teacher, S.H.S (1)Dagon

အသက်(၉၅)နှစ်

ဦးစောဘလာထူး (Chief Executive Officer)နှင့် ဒေါက်တာမြင့်မြင့်စန်း (Chief Medical Director) တို့၏မိခင် ဒေါ်ဒေလီယာမြတ်စံသည် ၁၁-၈-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Kembangan Medical Group မှ ဆရာဝန်ကြီးများနှင့်ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်တင်ထွေး

အသက်(၈၆)နှစ်

သန္တိသုခဓမ္မာရုံ၊ နာယကကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏ ချစ်လှစွာသော မိခင်ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဓမ္မာရုံနာယကအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့နှင့်
ဝတ်ရွတ်အဖွဲ့ဝင်များ
၃၃၊ (၃၂ တိုးချဲ့)ရပ်ကွက်၊ သန္တိသုခဓမ္မာရုံ
ဒဂုံမြို့သစ်(မြောက်ပိုင်း)

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဦးမြင့်သိန်း(ခ)တန်ပြန်သိန်း

အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်)ဂေါပကအဖွဲ့ နာယကကြီး

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ သုခိတာလမ်း၊ အမှတ်(၁၈)နေ (ဦးတန်အင်ကြူး-ဒေါ်ရှုဝါ)တို့၏သား၊ (ဦးတန်ဂုံ-ဒေါ်အော်ထွန်)တို့၏သမက်၊(ဒေါ်ကျင်တီ)၏ခင်ပွန်း၊ ဒေါ်ခင်မာမြင့်၊ ဒေါ်ခင်ခင်မြင့်၊ ဒေါ်သန်းသန်းမြင့် (အထက-၁၊ ရန်ကင်း)၊ ဦးခင်မောင်မြင့်(ခ) ကိုဖိုးထောင်၊ ဦးဇော်မြင့်(ခ)ကိုဖိုးခွား၊ ဒေါ်တင်တင်နွယ်၊ ဒေါ်ဝင်းဥမ္မာတို့၏ ဖခင်သည် ၁၀-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ည ၁၀း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။ **အလိုတော်ပြည့်ကျောင်းတိုက် ဂေါပကအဖွဲ့ဝင်များ**

တာမွေမြို့နယ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်ဝင်း

(ဒုအရာခံဗိုလ်၊ ငြိမ်း)

ပရိဘောဂ ဝန်ထောက်(ငြိမ်း)

အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၂၈ နေ ဒေါ်ခင်နှင်းယု၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းအေး-ဒေါ်ခင်ယုယုဝင်း၊ ဦးကျော်စွာဝင်းတို့၏ဖခင် ဦးခင်မောင်ဝင်းသည် ၈-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသိန်းလွင်နှင့်ဒေါ်ခင်စန်းမြင့်မိသားစု၊ ဦးလှအောင်နှင့်ဒေါ်လှလှဝင်းမိသားစု၊
ဦးစိုးမြင့်နှင့်ဒေါ်လှလှစိန်မိသားစု၊ ဦးရာဂျူးနှင့်ဒေါ်လှလှချိုမိသားစု၊
ဦးစိန်လွင်နှင့်ဒေါ်လှလှဝင်းမိသားစု၊
ဦးမောင်မောင်သန်း(ခ)ဦးဘိုကြီး

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ခင်(တောင်ငူ)

အသက်(၉၅)နှစ်

ဒေါက်တာခင်မောင်ထွန်း (လွှတ်တော်ကိုယ်စားလှယ်၊ ရန်ကုန်တိုင်းဒေသကြီး)နှင့် ဇနီးဒေါ်ဥမ္မာသန်း (ထက်လင်းဆေးတိုက်ပိုင်ရှင်)တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်ခင်(တောင်ငူ) အသက်(၉၅)နှစ်သည် ၄-၈-၂၀၁၄ရက် ညနေ ၄း၁၅ နာရီတွင် တောင်ငူမြို့ ကေတုဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျင်ဦး(ဥက္ကဋ္ဌ)
Popular Plastic Industry Group

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ထွေး (ပြင်ဦးလွင်)

အသက် (၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဒေါ်ဆွေဆွေချစ်တို့၏ မိခင်ကြီး ဒေါ်တင်ထွေး အသက်(၈၆)နှစ်သည် ၅-၈-၂၀၁၄ရက် ညနေ ၅း၄၅ နာရီတွင် ပြင်ဦးလွင်မြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်နယ်မန်နေဂျာ ဦးအောင်မြင့်ဦး-ဇနီးဒေါ်သက်သက်မွန်
မိသားစုနှင့် ချင်းပြည်နယ်သစ်ထုတ်ရေးမှ ဝန်ထမ်းများ

ဒေါ်လှသောင်း (ဘိုကလေး)

အသက်(၆၄)နှစ်

